ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**နိဗ္ဗာန်၌သာ မွေ့လျော်ကြကုန်**

လူမိုက်တို့သည် အသပြာမိုးရွာသွန်းပေးသဖြင့်လည်း ကာမမှုတို့၌ ရောင့်ရဲတင်းတိမ်မှုတို့သည် မရှိကုန်။ အမြဲလိုအပ်လျက်သာ ရှိကုန်၏။ မြတ်စွာဘုရား၏ တပည့်ဖြစ်ကုန်သော ပညာရှိတို့သည်ကား နတ်၌ဖြစ်သော ကာမတို့၌လည်း မွေ့လျော်ခြင်းမရှိကြကုန်။ တဏှာကုန်ရာ နိဗ္ဗာန်၌သာလျှင် မွေ့လျော်ကြကုန်၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၈၇)

၁၃၇၈ ခုနှစ် တန်ဆောင်မုန်းလဆန်း ၅ ရက်၊ သောကြာနေ့။ Friday , 4 November 2016 (၈၇၃၅)

# ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများရသင့်သည့် အခွင့်အလမ်းများရရှိရေး ကြိုးစားဆောင်ရွက်ပေးသွားမည်

**လွိုင်ကော် နိုဝင်ဘာ ၃**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ ဦးသိန်းဆွေ၊ ဦးဖေဇင်ထွန်း၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်တို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ကယားပြည်နယ် လွိုင်ကော်မြို့သို့ရောက်ရှိပြီး လွိုင်ကော်မြို့နယ် နွားလပိုးကျေးရွာအုပ်စု လင်ဖုံလေးကျေးရွာ၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လုပ်ငန်းရှင်အဖွဲ့အစည်းများ၊ တောင်သူလယ်သမားများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတ ဦးထင်ကျော်က ကယားပြည်နယ်မှ ပြောင်းစိုက်တောင်သူများ၏ အခက်အခဲကို ကြားသိရသဖြင့် ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန်အတွက် ယခုကဲ့သို့လာရောက်တွေ့ဆုံခြင်းဖြစ်ပါကြောင်း၊ မည်သည့်ကဏ္ဍကိုမဆို ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြကြရန်နှင့် တင်ပြချက်များအား မှတ်သား၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ ဌာနဆိုင်ရာများ၊ ပြည်သူများအားလုံးပူးပေါင်းပါဝင်ရန် လိုအပ်သည့်အပြင် လုပ်ငန်းရှင်များ၏ အခန်းကဏ္ဍသည်လည်း အရေးကြီးပါကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့်လည်း ပြည်သူပြည်သားများ၏ကောင်းကျိုးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**



နိုင်ငံတော်သမ္မတ ဦးထင်ကျော် လွိုင်ကော်မြို့နယ် နွားလပိုးကျေးရွာအုပ်စု လင်ဖုံလေးကျေးရွာ၌ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)



# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ကျိုတိုတက္ကသိုလ်မှ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ ချီးမြှင့်

**တိုကျို နိုဝင်ဘာ ၃**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဂျပန်နိုင်ငံခြားရေးဝန်ကြီး H.E.Mr.Fumio Kishida တို့သည် ယနေ့နံနက်ပိုင်းတွင် ခေတ္တတည်းခိုသည့် The Imperial Hotel ၌ တွေ့ဆုံသည်။

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ✳**

## ရှေးဟောင်းဂန္ထဝင်ရုပ်ရှင်ဇာတ်ကားများ ကြည့်ရှုခွင့်ရမည့် အမှတ်တရ ရုပ်ရှင်အမွေအနှစ်ပွဲတော် ကျင်းပမည်

စာမျက်နှာ - ၅

## မကြာခဏ မိုးရွာသွန်းနေသဖြင့် စပါးများရိတ်သိမ်းရန်ခက်ခဲပြီး မတ်ပဲများစိုက်ပျိုးရန် နောက်ကျနိုင်

စာမျက်နှာ - ၇



ကြေးမုံ

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ဂျပန်နိုင်ငံခရီးစဉ်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ဂျပန်နိုင်ငံခရီးစဉ်အတွင်း ဂျပန်ဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးက ငါးနှစ်အတွင်း ဂျပန်ယန်းငွေဘီလီယံ ၈၀၀ ပမာဏဖြင့် နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းအကောင်အထည်ဖော်မှုများကို အထောက်အကူပြုစေရန် လုပ်ငန်းအမျိုးမျိုးကို အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ ဤသည်မှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၌ ဦးဆောင်မှုနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ဒီမိုကရေစီရေး ကြိုးပမ်းနေမှုကို ဂျပန်နိုင်ငံက အသိအမှတ်ပြုအားပေးခြင်းဟု မှတ်ယူပါသည်။

အဆိုပါ ခရီးစဉ်အတွင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာရှင်ဇိုအာဘေးတို့၏ ရှေ့မှောက်၌ ဂျပန်ပြည်ပပူးပေါင်းဆောင်ရွက်မှုလုပ်အားပေးများ မြန်မာနိုင်ငံသို့ စေလွှတ်ရေး စာချွန်လွှာကို နှစ်နိုင်ငံတာဝန်ရှိပုဂ္ဂိုလ်တို့က လက်မှတ်ရေးထိုးလဲလှယ်ခဲ့ကြပါသည်။ ဤစာချွန်လွှာသည် မြန်မာနိုင်ငံ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အပံ့ဖြစ်မည်ဟု ယုံကြည်ပါသည်။ ဂျပန် ပြည်ပပူးပေါင်းဆောင်ရွက်မှုလုပ်အားပေးများ (Japan Overseas Cooperation Volunteers-JOCV) ကို ဂျပန်နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (Japan International Cooperation Agency-JICA) က ရွေးချယ်လေ့ကျင့်စေလွှတ်ခြင်း ဖြစ်ပါသည်။ ဂျပန်နိုင်ငံသည် နိုင်ငံပေါင်း ၈၀ ကျော်သို့ လယ်ယာစိုက်ပျိုးရေး၊ သစ်တော၊ ငါးဖမ်းလုပ်ငန်း၊ ပညာရေးနှင့် ကျန်းမာရေးအပါအဝင် နည်းပညာနယ်ပယ်ပေါင်း ၁၂၀ ကျော်အတွက် ဂျပန်ပြည်ပပူးပေါင်းဆောင်ရွက်မှုလုပ်အားပေး (JOCV) ပေါင်း ၃၀၀၀၀ ကျော်ကို စေလွှတ်ခဲ့ပြီး ဖြစ်ပါသည်။ ဂျပန်ပြည်ပပူးပေါင်းဆောင်ရွက်မှုလုပ်အားပေးများ၏ အများစုကို အာရှတိုက်နှင့်အာဖရိကတိုက်ရှိ နိုင်ငံများသို့ စေလွှတ်ခဲ့ခြင်း ဖြစ်ပါသည်။

ဂျပန်နိုင်ငံသည် သတ်မှတ်အရည်အချင်းပြည့်မီသော အသက်(၂၀)နှင့်အသက်(၃၉)နှစ်ကြားရှိ ဂျပန်လူငယ်၊ လူလတ်များကို ရွေးချယ်၍ ဂျပန်ပြည်ပပူးပေါင်းဆောင်ရွက်မှုလုပ်အားပေး (JOCV) များအဖြစ် စေလွှတ်ခြင်းဖြစ်ပါသည်။ လျှောက်ထားသူများအနက်မှ သက်ဆိုင်ရာ နည်းပညာကျွမ်းကျင်မှု၊ ဘာသာစကားနှင့် ကျန်းမာကြံ့ခိုင်မှုတို့ကိုပါ စိစစ်ပြီးမှ စေလွှတ်ခြင်းဖြစ်၍ ဂျပန်ပြည်ပပူးပေါင်းဆောင်ရွက်မှု လုပ်အားပေးများသည် ၎င်းတို့သွားရောက်လုပ်အားပေးသည့် နိုင်ငံအတွက် အထောက်အပံ့ဖြစ်နိုင်ရေးကို အာမခံချက်ပေးထားပြီး ဖြစ်ပါသည်။ ရွေးချယ်ထားပြီး ဂျပန်လူငယ်၊ လူလတ်များကို သက်ဆိုင်ရာလေ့ကျင့်ရေးကျောင်း၌ စေလွှတ်မည့်နိုင်ငံ၏ နောက်ခံသမိုင်းယဉ်ကျေးမှုအပါအဝင် ပစ္စုပ္ပန်အခြေအနေတို့ကိုပါ သင်ကြားပေးပါသည်။ သို့ဖြစ်ပါ၍ ဂျပန်ပြည်ပပူးပေါင်းဆောင်ရွက်မှုလုပ်အားပေးများသည် ဂျပန်နိုင်ငံနှင့်သွားရောက်တာဝန်ထမ်းဆောင်သည့် နိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုနှင့်ချစ်ကြည်ရင်းနှီးမှုကို မြှင့်တင်နိုင်သည်သာမက ၎င်းတို့လုပ်အားပေးသည့်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အထောက်အပံ့ကောင်းတစ်ရပ်ဖြစ်စေမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏တာဝန်ရှိလူငယ်၊ လူလတ်များသည်လည်း ဂျပန်လူငယ်၊ လူလတ်တို့၏ ပူးပေါင်းဆောင်ရွက်မှုကို အပြည့်အဝအသုံးချလျက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နှစ်နိုင်ငံကြားချစ်ကြည်ရင်းနှီးမှုတို့ကို မြှင့်တင်ဆောင်ရွက်ကြပါရန် လေးစားစွာတိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

## ကုလသမဂ္ဂလက်အောက်ခံအဖွဲ့ အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့ အစည်းများ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၃**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော မိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ "Workshop on Strengthening Collaboration with Implementing Partners of Ministry of Health and Sports" ကို နေပြည်တော်ရှိ Horizon Lake View Resort တွင် ယမန်နေ့ နံနက် ၉ နာရီက ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အဖွင့်အမှာစကားပြောကြားရာတွင် ယခုဆွေးနွေးပွဲသည် မြန်မာနိုင်ငံကျန်းမာရေး သမိုင်းကြောင်းတွင် အရေးကြီးသည့်မှတ်တိုင်တစ်ခုဖြစ်ကြောင်း၊ မိမိတို့အားလုံးသည် ပြည်သူလူထု၏ ကျန်းမာရေးမြှင့်တင်ရန် တူညီသောရည်ရွယ်ချက်ဖြင့် ဆောင်ရွက်လျက်ရှိသဖြင့် မိတ်ဖက်အဖွဲ့အစည်းများ၏အခန်းကဏ္ဍသည် အလွန်အရေးကြီးကြောင်း၊ မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် ဝန်ကြီးဌာနနှင့် လက်တွဲပူးပေါင်းဆောင်ရွက်ရာတွင် ဟန်ချက်ညီညီဖြင့် ပံ့ပိုးဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ အခက်အခဲများကြုံတွေ့လာပါက အတူတကွပူးပေါင်းဖြေရှင်းသွားမည်ဖြစ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နေသော အဖွဲ့အစည်းများ များစွာရှိကြောင်း။

ညှိနှိုင်းမှုကောင်းမွန်စွာဖြင့် စနစ်တကျစီမံခန့်ခွဲခြင်းဖြင့် အရင်းအမြစ်များကို ပိုမိုထိရောက်စွာအသုံးချနိုင်မည်ဖြစ်ကြောင်း၊ အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များသည် ဝန်ကြီးဌာနမှချမှတ်ထားသော မူဝါဒ၊ ရည်မှန်းချက်နှင့် နည်းဗျူဟာများနှင့် လိုက်လျောညီထွေရှိရမည်ဖြစ်ကြောင်း၊ အဖွဲ့အစည်းများမှ သတင်းအချက်အလက်များ မျှဝေခြင်း၊ ပုံမှန်အစီရင်ခံစာများ တင်ပြခြင်းနှင့် အစီရင်ခံစာများအပေါ် ပြန်လည်ဆွေးနွေးခြင်းများ ဆောင်ရွက်ရန်၊ ယခုဆွေးနွေးပွဲမှ ထွက်ပေါ်လာမည့် ဆွေးနွေးချက်များသည် မိမိတို့နိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုတွင် ပြင်ပအကူအညီများကို ထိရောက်ကောင်းမွန်စွာ အသုံးပြုနိုင်ရေးအတွက် အလွန်အရေးပါသောကြောင့် တက်ရောက်လာသူများအနေဖြင့် ပွင့်လင်းစွာ အပြုသဘောဆွေးနွေးပေးစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လေးခုမှ ပြည်သူ့ကျန်းမာရေးညွှန်ကြားရေးမှူးများက ဆွေးနွေးတင်ပြကြပြီး မွန်းလွဲပိုင်းတွင် အုပ်စုဖွဲ့ဆွေးနွေးခြင်းများ ဆောင်ရွက်ကြသည်။ အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၂ ရက်မှ ၃ ရက်အထိ နှစ်ရက်တာ ကျင်းပခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**




## ကျေးလက်လမ်း၊ တံတားလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ရွှေတောင် နိုဝင်ဘာ ၃**

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် AH Construction Co.,Ltd က ဆောင်ရွက်လျက်ရှိသော ရွှေတောင်မြို့နယ် ရွှေတောင်-ရွှေနတ်တောင် ထပ်ပိုး ကတ္တရာလမ်း (၂/၀)မိုင် ခင်းခြင်းလုပ်ငန်းအား ရွှေတောင်မြို့နယ် ကျေးလက်ဦးစီးမှူး ဦးကျော်လွင်နှင့် မြို့နယ်မှ QC/WD အဖွဲ့ဝင်များ ကွင်းဆင်းစစ်ဆေးခဲ့ရာ လက်ရှိ ကျောက်စုဆောင်းထားရှိမှုအား ကြည့်ရှု၍ ကျောက်အရွယ်အစား မှန်ကန်စွာ အသုံးပြုရန် ကျောက်အရည်အသွေးကောင်းများဖြင့် ဆောင်ရွက်ရန်နှင့် သတ်မှတ်စံချိန်စံညွှန်းများအတိုင်း ဆောင်ရွက်ရန် ကုမ္ပဏီမှ တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**(ရဲထွန်း)**

## စိုက်ပျိုးစပါးများအား အချိန်မီရိတ်သိမ်းခြွေလှေ့နိုင်ရေး လယ်ယာဝန်ဆောင်မှုစခန်းနှစ်ခု ကျိုက်ထို၌ ဖွင့်လှစ်

**ကျိုက်ထို နိုဝင်ဘာ ၃**

ကျိုက်ထိုမြို့နယ်အတွင်းရှိ တောင်သူလယ်သမားများအနေဖြင့် စိုက်ပျိုးစပါးများအား အချိန်မီရိတ်သိမ်းခြွေလှေ့နိုင်ရေးနှင့် သီးထပ်သီးနှံဖြစ်သော ပဲမျိုးစုံ နွေစပါးများကို ထွန်ယက်စိုက်ပျိုးနိုင်ရေးအတွက် နိုဝင်ဘာ ၁ ရက်က ကျိုက်ထိုမြို့နယ် ကျိုက္ကသာကျေးရွာနှင့် ကော့ထင်းကျေးရွာများတွင် လယ်ယာဝန်ဆောင်မှု စခန်းနှစ်ခုကို ဖွင့်လှစ်ခဲ့သည်။



အဆိုပါ ဝန်ဆောင်မှုစခန်းများ ဖွင့်လှစ်ရာတွင် မွန်ပြည်နယ် စက်မှုလယ်ယာဦးစီးမှူး ဦးအောင်လွင်က ဝန်ဆောင်မှုစခန်း ဖွင့်လှစ်ပေးရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ကျိုက္ကသာကျေးရွာနှင့် ကော့ထင်းကျေးရွာရှိတောင်သူများအား တွေ့ဆုံ၍ တောင်သူများအနေဖြင့် လိုအပ်သည့် စက်များဝယ်ယူရာတွင် အရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်ရေးအတွက် ဌာနအနေဖြင့် အကူအညီပေးသွားမည်ဖြစ်ကြောင်း၊ သထုံခရိုင် ဦးစီးမှူး ဦးဝင်းလွင်နှင့် မြို့နယ်ဦးစီးမှူး ဦးအောင်သူတို့က တောင်သူများ သိရှိလိုသည့် မေးမြန်းချက်များအား ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

အဆိုပါ လယ်ယာဝန်ဆောင်မှုစခန်းနှစ်ခုတွင် တစ်နေ့လျှင် ရှစ်ဧကအထိ ရိတ်သိမ်းနိုင်သည့် DC-70 G ရိတ်သိမ်းခြွေလှေ့စက်နှင့် ၉၀ NEW HOLLAN ထွန်စက်များ ထားရှိသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းသန်းမော်(ပြန်/ဆက်)**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေါ်ဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror
၁၉၅၇ ခုနှစ် ဇူလိုင်လ ၁၆ ရက်တွင် စတင်ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၀၃၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၀၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးမှ ဒေသ၏လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း လွတ်လွတ်လပ်လပ် တင်ပြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒေသခံလုပ်ငန်းရှင်များ၊ တောင်သူများနှင့် ရပ်မိရပ်ဖများက စိုက်ပျိုးသီးနှံဈေးကွက်ခိုင်မာရေး၊ စိုက်ပျိုးသီးနှံများ ပြည်ပသို့တင်ပို့နိုင်ရေးဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရက လိုအပ်သည်များ ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးရေး၊ တောင်သူလယ်သမားများဘဝ လုံခြုံရေးနှင့် လယ်ယာမြေပိုင်ဆိုင်မှုအခွင့်အလမ်းများရရှိရေး၊ စိုက်ပျိုးစရိတ်ချေးငွေများ ပိုမိုရရှိရေး၊ သိမ်းဆည်းလယ်ယာမြေများ ပြန်လည်စွန့်လွှတ်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးရေး၊ သစ်တောများ ပြန်လည်တည်ထောင်ရေးနှင့် မူးယစ်ဆေးဝါးပပျောက်ရေးဆိုင်ရာကိစ္စရပ်များကို တင်ပြကြသည်။

နိုင်ငံတော်သမ္မတက တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ပြောကြားပြီး ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများရသင့်ရထိုက်သည့် အခွင့်အလမ်းများ ရရှိရေးအတွက် အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ကြိုးစားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်ရှိုးက ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်သမ္မတ၏ လုပ်ငန်းလမ်းညွှန်ချက်များအတိုင်း ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားပြီး တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတသည် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ဘီလူးချောင်းရေအားလျှပ်စစ်စီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက ဘီလူးချောင်းရေအားလျှပ်စစ်စက်ရုံများ၏ သမိုင်းအကျဉ်း၊ မိုးပြဲရေလှောင်တမံဆိုင်ရာအချက်အလက်များ၊ ဘီလူးချောင်း အမှတ်(၁)၊ (၂)၊ (၃)စက်ရုံများဆိုင်ရာ အချက်အလက်များ၊ ဓာတ်အားထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ရှုရပ်မှ စီမံကိန်းဧရိယာကို လည်းကောင်း၊ အမှတ်(၂) ဘီလူးချောင်းရေအားလျှပ်စစ်စက်ရုံအတွင်း စက်ပစ္စည်းများကို တပ်ဆင်ထားမှုနှင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေမှု အခြေအနေများကို လည်းကောင်း ကြည့်ရှုလေ့လာသည်။

ညနေပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ဒီးမော့ဆိုမြို့နယ် တနီးလာလဲ ကျေးရွာအနီးရှိ ကန်ခုနစ်ဆင့်သို့ ရောက်ရှိကြရာ ဖိုးဗျား ခန်းမ၌ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးဇော်လင်းထွန်းက ကယားပြည်နယ် ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ရိုးရာယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းများ၊ ဝတ်စားဆင်ယင်မှုများနှင့် ဓလေ့ထုံးစံများကို အတတ်နိုင်ဆုံးထိန်းသိမ်းဖော်ထုတ်ပြသသွားရန် လိုအပ်ကြောင်း လမ်းညွှန်မှာကြားသည်။

ထို့နောက် ဒေသခံ ရပ်မိရပ်ဖတစ်ဦးက လျှပ်စစ်မီးရရှိရေးနှင့် ပညာရေး၊ ကျန်းမာရေးဆိုင်ရာလိုအပ်ချက်များကို တင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက နှစ်နိုင်ငံ နယ်စပ်ဝင်ပေါက်မှ ကူးသန်းသွားလာရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ဒေသအတွင်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ လည်းကောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ဖိုးဗျားခန်းမအတွင်းရှိ ကယားတိုင်းရင်းသားရိုးရာ ချည်မျှင်ထုတ်လုပ်ငန်းနှင့် ရိုးရာယဉ်ကျေးမှုဓလေ့များ၊ ဖိုးဗျားရိုးရာအိမ်၊ ကန်ခုနစ်ဆင့်တို့ကို လှည့်လည်ကြည့်ရှုလေ့လာသည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ဒီးမော့ဆိုမြို့နယ် ပန်ပက်ကျေးရွာသို့ ရောက်ရှိပြီး ကယန်း(ပဒေါင်) တိုင်းရင်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ ရိုးရာလက်မှုလုပ်ငန်းများ၊ ရိုးရာယဉ်ကျေးမှုအကများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် ဒေသခံပြည်သူများ၏ လူမှုရေး၊ စီးပွားရေးနှင့် ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များကို သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ညှိနှိုင်းဖြည့်ဆည်းပေးသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးထင်ကျော် အမှတ်(၂) ဘီလူးချောင်း ရေအားလျှပ်စစ်စက်ရုံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

# စပါးခင်းများ အချိန်မီရိတ်သိမ်းနိုင်ရန်အတွက် စပါးရိတ်စက်များကို မောင်တောဒေသသို့ ပေးပို့

**မောင်တော နိုဝင်ဘာ ၃**

နယ်မြေတည်ငြိမ် အေးချမ်းသွားပြီဖြစ်သည့်အတွက် ရခိုင်ပြည်နယ် မောင်တောဒေသတွင် စိုက်ပျိုးထားသည့် စပါးများ အချိန်မီရိတ်သိမ်းနိုင်ရန် ရခိုင်ပြည်နယ်အစိုးရနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့က မောင်တောဒေသရှိ ဒေသခံလယ်သမားများထံ စပါးရိတ်စက်များ ပေးပို့ခဲ့ကြောင်း စိုက်ပျိုးရေးဦးစီးဌာန(ရခိုင်ပြည်နယ်) ပြည်နယ်ဦးစီးမှူးရုံးမှ သိရသည်။

"နယ်မြေကလည်း အေးချမ်းတည်ငြိမ်သွားပြီဆိုတော့ တိုင်းရင်းသားဒေသခံတွေအနေနဲ့ စပါးတွေ အချိန်မီရိတ်သိမ်းဖို့ လိုအပ်တယ်။ အဲ့ဒီအတွက် စပါးရိတ်သိမ်းစက်တွေ ပို့ပေးလိုက်တာပါ။ အချိန်မီ မရိတ်သိမ်းရင် အလေအလွင့်တွေများလာနိုင်တယ်။ စပါးရိတ်သိမ်းစက်ကိုင်တွယ်နည်းတွေကိုပါ ဒေသခံတိုင်းရင်းသားတွေကို သင်ပေးသွားမယ်။ ရိတ်သိမ်းစက်တွေက မိန်းကလေးတွေတောင် ကောင်းကောင်းမောင်းနိုင်တယ်။ တစ်ပိုင်တစ်နိုင်လုပ်ကြတဲ့အတွက် ဒီဒေသနဲ့တော့ အဆင်ပြေပါတယ်"ဟု စိုက်ပျိုးရေးဦးစီးဌာန (ရခိုင်ပြည်နယ်) ပြည်နယ်ဦးစီးမှူး ဦးတိုးဝေက ပြောသည်။

ရခိုင်ပြည်နယ် မောင်တောဒေသအတွက် စိုက်ပျိုးထားသည့် စပါးခင်းများ အချိန်မီရိတ်သိမ်းနိုင်ရန် ရခိုင်ပြည်နယ်အစိုးရက စပါးရိတ်သိမ်းစက် ၃၀နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက စပါးရိတ်သိမ်းစက် ၁၀ လုံးတို့ကို ထောက်ပံ့ခဲ့ကြောင်း သိရသည်။

မောင်တောဒေသအတွက် ထောက်ပံ့ပေးအပ်ခဲ့သည့် စပါးရိတ်သိမ်းစက်များသည် ရိတ်သိမ်းစက် တစ်စီးလျှင် တစ်ရက် သုံးဧကမှ ငါးဧကအထိ ရိတ်သိမ်းနိုင်ပြီး ကုန်ကျစရိတ်မှာလည်း တစ်ဧကလျှင် ကျပ်တစ်သောင်းနှုန်းသာ ကုန်ကျကြောင်း၊ လေလွင့်မှုလည်း နည်းပါးကြောင်း ပြည်နယ်ဦးစီးမှူးရုံးမှ သိရသည်။

"စပါးရိတ်သိမ်းစက်က အချိန်ကုန်လည်း သက်သာတယ်။ အလုပ်သမားလိုအပ်မှု ပြဿနာကိုလည်း ဖြေရှင်းပေးနိုင်တယ်။ လုပ်ငန်းပြီးမြောက်မှုမှာလည်း လူထက်စက်ကပိုပြီး လုပ်ငန်းမှာအလုပ် ပိုတွင်ကျယ်တယ်"ဟု ပြည်နယ်ဦးစီးမှူး ဦးတိုးဝေက ပြောသည်။

မောင်တောဒေသသည် ရာသီဥတုကောင်းမွန်ပြီး စပါးထွက်ရှိမှုနှုန်း ကောင်းမွန်ကြောင်း၊ မောင်တောဒေသတွင် စိုက်ပျိုးထားသည့် စပါးစိုက်ဧက ရှစ်သောင်းခန့်ရှိသော်လည်း တိုင်းရင်းသားလယ်သမားများပိုင် စပါးစိုက်ဧကမှာ ဧကတစ်သောင်းကျော်ခန့်သာရှိကြောင်း ဒေသခံလယ်သမားများထံမှ သိရသည်။ **သတင်း-မင်းသစ်(သတင်းစဉ်)**

**ဓာတ်ပုံ-နေလင်း**




# မောင်တောခရိုင် တောင်ပြိုလက်ဝဲမြို့၌ တည်ငြိမ်အေးချမ်းလျက်ရှိ

**မောင်တော နိုဝင်ဘာ ၃**

ရခိုင်ပြည်နယ် မောင်တောခရိုင်အတွင်း အောက်တိုဘာ ၉ ရက်က အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုများဖြစ်ပွားခဲ့ရာ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်အချို့ ကျဆုံး၊ ဒဏ်ရာရရှိခဲ့သည့်အပြင် လက်နက်၊ခဲယမ်းနှင့်ဆက်စပ်ပစ္စည်းများ ဆုံးရှုံးခဲ့ရသည်။

ယခုအခါ နယ်မြေလုံခြုံရေးဆောင်ရွက်နိုင်မှုကြောင့် တည်ငြိမ်အေးချမ်းမှုများ ရရှိလာပြီဖြစ်ရာ မောင်တောခရိုင် တောင်ပြိုလက်ဝဲမြို့သည်လည်း တည်ငြိမ်အေးချမ်းလျက်ရှိသည်။

"ကျွန်တော်တို့မြို့မှာ အရင်ကတည်းက တည်ငြိမ်အေးချမ်းနေပေမယ့် အကြမ်းဖက်မှုဖြစ်စဉ်တွေကြောင့် အခင်းဖြစ်ပွားတဲ့နေရာတွေက ပညာရေးဝန်ထမ်းတွေကို ကျွန်တော်တို့မြို့မှာစုရပ်ထားပြီး သက်ဆိုင်ရာနေရာတွေကို ပို့ဆောင်ပေးခဲ့ပါတယ်။ အဲဒီအကြမ်းဖက်မှုဖြစ်ခဲ့တဲ့ ရက်တွေမှာတော့ မောင်တောမြို့နဲ့ အသွားအလာ ရက်အနည်းငယ်ပြတ်တောက်ခဲ့ပေမယ့် အခုတော့ ပုံမှန်အတိုင်းသွားလာနေကြပါပြီ။ ဈေးနဲ့စာသင်ကျောင်းတွေလည်း ပြန်ဖွင့်နေပါပြီ။ တည်ငြိမ်အေးချမ်းမှုရရှိနေပါတယ်။ မြို့မှာလည်း ပြဿနာတစ်စုံတစ်ရာ မရှိပါဘူး"ဟု တောင်ပြိုလက်ဝဲအုပ်ချုပ်ရေးမှူး ဦးသန်းအောင်က ပြောသည်။

မောင်တောခရိုင်အတွင်း အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သော်လည်း တောင်ပြိုလက်ဝဲမြို့တွင် မည်သည့်ပြဿနာမှ မဖြစ်ပေါ်ဘဲ တည်ငြိမ်အေးချမ်းခဲ့သည်။ ယခုအခါ ပုံမှန်ရောင်းဝယ်မှုများနှင့် စိုက်ပျိုးရေးလုပ်ငန်းများ ယခင်အတိုင်း လုပ်ကိုင်လျက်ရှိသည်။

တောင်ပြိုလက်ဝဲမြို့တွင် ရပ်ကွက်ငါးခုရှိပြီး အိမ်ခြေ ၆၉၇ လုံးရှိကာ လူဦးရေ ၅၉၀၀ နေထိုင်လျက်ရှိ သည်။ ၎င်းတွင် ရခိုင်၊ ဗမာ၊ ဒိုင်းနက်၊ မရာမကြီး စသည့်တိုင်းရင်းသားများနှင့် အစ္စလာမ်ဘာသာဝင်များ အတူတကွရောနှောနေထိုင်ကြသည်။ တောင်ပြိုလက်ဝဲမြို့သဲချောင်းကျေးရွာအုပ်စုတွင် ပါဝင်သော သဘော်လှရွာတွင် အိမ်ခြေ ၁၅၀ ရှိကာ လူဦးရေ ၆၀၀ ခန့်ရှိသည့် ဒိုင်းနက်လူမျိုးများနေထိုင်လျက်ရှိသည်။

"ကျွန်တော်တို့ ဒိုင်းနက်တိုင်းရင်းသားတွေက ဒီရွာမှာ ဘိုးဘွားတွေကတည်းက နေထိုင်ခဲ့တာဖြစ်လို့ ဘယ်နေရာကိုမှ မပြောင်းရွှေ့ပါဘူး။ ဒီမှာနေထိုင်သူအားလုံးနဲ့လည်း အဆင်ပြေအေးချမ်းစွာနေထိုင်လျက်ရှိပါတယ်။ ပညာရေးနဲ့ ပတ်သက်ပြီးတော့လည်း ဒီရွာကကလေးတွေ မူလတန်းအောင်ပြီးရင် တောင်ပြိုလက်ဝဲမြို့အထက်တန်းကျောင်းနဲ့ နံ့သာအောင်ပညာဒါနဘုန်းတော်ကြီးကျောင်းမှာလည်း သွားရောက်ပညာသင်ကြားရပါတယ်"ဟု ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိန်ထွန်းက ပြောသည်။ **(သတင်းစဉ်)**

# သမ္မတပတ်၏ အရှုပ်တော်ပုံနှင့်ပတ်သက်ပြီး သမ္မတလက်ထောက်ဟောင်းတစ်ဦးကို စစ်ဆေးမေးမြန်း

**ဆိုးလ် နိုဝင်ဘာ ၃**
တောင်ကိုရီးယား လွှတ်တော်အမတ်များက သမ္မတပတ်ဂွန်ဟေး ပါဝင်နေသည့် နိုင်ငံရေးအရှုပ်တော်ပုံနှင့် ပတ်သက်ပြီး သမ္မတလက်ထောက်ဟောင်းတစ်ဦးကို စစ်ဆေးမေးမြန်းမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

သမ္မတလက်ထောက်ဟောင်းတစ်ဦးဖြစ်သည့် အားဂွန်ဘီယွမ်ကို နိုဝင်ဘာ ၂ ရက် ညပိုင်းအချိန်တွင် ဖောင်ဒေးရှင်းနှစ်ခုအား ငွေအများအပြားလှူဒါန်းရန် နိုင်ငံအတွင်းရှိ ကုမ္ပဏီများကို ဖိအားပေးခဲ့သည်ဟု စွပ်စွဲကာ လွှတ်တော်အမတ်များက ဖမ်းဆီးခဲ့သည်။ ယင်းဖောင်ဒေးရှင်းနှစ်ခုသည် သမ္မတရုံးနှင့် တစ်နည်းနည်းပတ်သက်နေကြောင်း တွေ့ရှိရသည်။

အားဂွန်ဘီယွမ်သည် အဆိုပါကိစ္စများကို ချိုဆွန်ဆေအမည်ရှိ စီးပွားရေးလုပ်ငန်းရှင် အမျိုးသမီးတစ်ဦးနှင့် ပူးပေါင်းကြံစည်ခဲ့သည်ဟု စွပ်စွဲခြင်းခံနေရသည်။ ချိုဆွန်ဆေသည် သမ္မတပတ်၏ နှစ်ပေါင်းလေးဆယ်ကျော်ကြာ လက်တွဲလာခဲ့သည့် လူယုံတော်တစ်ဦးဖြစ်သည်။

အားဂွန်ဘီယွမ်က လွှတ်တော်အမတ်များ၏ မေးမြန်းချက်များနှင့် စွပ်စွဲချက်များကို ငြင်းပယ်ခဲ့သော်လည်း သူ့ကို သက်သေခံပစ္စည်းများ ဖျောက်ဖျက်ပစ်ခဲ့သည့် သံသယဖြင့် ဖမ်းဆီးထားကြောင်း သိရသည်။

အဆိုပါဖောင်ဒေးရှင်းနှစ်ခု၏ ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်များကို သမ္မတပတ်ထံ အားဂွန်ဘီယွမ်က သတင်းပို့ရကြောင်း နေ့စဉ်သတင်းစာဖြစ်သည့် ဂျုံးအန်းအီဘိုက သတင်းဖော်ပြထားသည်။ သမ္မတပတ်သည် အဆိုပါ ဖောင်ဒေးရှင်းနှစ်ခုနှင့်ပတ်သက်သည့် ညွှန်ကြားချက်များကို ချမှတ်လုပ်ဆောင်လျက်ရှိသလားဆိုသည်မှာ မေးစရာဖြစ်လာသည်။



တစ်ဖက်ကလည်း တောင်ကိုရီးယားတရားရုံးက စီးပွားရေးလုပ်ငန်းရှင် အမျိုးသမီး ချိုဆွန်ဆေအား ဖမ်းဝရမ်းထုတ်ရန် အမိန့်ချမှတ်မလားဆိုသည်ကို စောင့်ကြည့်ရမည်ဖြစ်သည်။

**အင်န်အီတ်ချ်ကေ။**

# အမေရိကန်နှင့် သံတမန်ဆက်ဆံရေး ပြန်လည်ဖွင့်လှစ်ရန် အီရန်ဦးသျှောင် အလီခါမေနီ ကန့်ကွက်

**တီဟီရန် နိုဝင်ဘာ ၃**
အမေရိကန်ပြည်ထောင်စုနှင့် သံတမန်ဆက်ဆံမှု ပြန်လည်ထူထောင်ရေးကိစ္စကို အီရန် နိုင်ငံ့ဦးသျှောင် အယာတိုလာ အလီခါမေနီက ကန့်ကွက်ကြောင်း ၎င်း၏ အင်တာနက်ဝက်ဘ်ဆိုက် ဖော်ပြချက်ကို ကိုးကားလျက် ဒေသဆိုင်ရာ သတင်းဌာနများက နိုဝင်ဘာ ၃ ရက်တွင် သတင်းထုတ်ပြန်သည်။



အကယ်၍ မိမိတို့သည် အမေရိကန်ပြည်ထောင်စုနှင့် သံတမန်ရေးအရ အပေးအယူ အလျှော့အတင်း ပြုလုပ်မည်ဆိုပါက နှစ်နိုင်ငံအကြား ဖြစ်ပေါ်နေသည့် ပြဿနာများအားလုံး ပြေလည်သွားလိမ့်မည်ဟု ယူဆနိုင်စရာ အကြောင်းမရှိကြောင်း အီရန် နိုင်ငံ့ဦးသျှောင် အယာတိုလာ အလီခါမေနီက ရေးသားထားသည်။


နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေး ပြန်လည်ဖွင့်လှစ်ခြင်းဖြင့် နှစ်နိုင်ငံအကြား ကြုံတွေ့နေရသော ပြဿနာများကို ပြေလည်အောင် ဖြေရှင်းပေးနိုင်မည်ဆိုသော ယုတ္တိမှာ လိမ်လည်မှုသားနှင့် လှည့်စားခြင်းသာလျှင် ဖြစ်ကြောင်း ဦးသျှောင်ကြီး ခါမေနီက ပြောကြားသည်။

အီရန်နိုင်ငံသည် ၁၉၈၀ ပြည့်နှစ်တွင် အမေရိကန်ပြည်ထောင်စုနှင့် သံတမန်ဆက်ဆံရေး ရပ်ဆိုင်းခဲ့သည်။ အီရန် ကျောင်းသားများ ပါဝင်သော လူအုပ်စုတစ်စုက အမေရိကန်သံရုံးကို သိမ်းပိုက်ကာ သံတမန်များနှင့် အရပ်သား ၅၂ ဦးတို့ကို ၄၄၄ ရက် တိုင်တိုင် ဓားစာခံအဖြစ် ဖမ်းခဲ့မှု (၃၇)နှစ်မြောက် နှစ်ပတ်လည်နေ့ ကျရောက်သည့် နိုဝင်ဘာ ၃ ရက်တွင် အထက်ပါအတိုင်း ရေးသားဖော်ပြခြင်းဖြစ်သည်။ ယင်းဖြစ်ရပ်ကို အကြောင်းပြု၍ အမေရိကန်ပြည်ထောင်စုက အီရန်နှင့် သံတမန်ဆက်ဆံရေး ဖြတ်တောက်ခဲ့သည်။ **ဆင်ဟွာ။**

# ပါကစ္စတန်နိုင်ငံတွင် ရထားနှစ်စင်းတိုက်မိပြီး အနည်းဆုံး လူ ၂၁ ဦးသေဆုံး

**ကရာချိ နိုဝင်ဘာ ၃**
ပါကစ္စတန်နိုင်ငံ ကရာချိမြို့ရှိ လန်ဒီဘူတာရုံအနီးတွင် ရထားနှစ်စင်းတိုက်မှုဖြစ်ပွားရာ အနည်းဆုံး လူ ၂၁ ဦး သေဆုံးကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ယခုဖြစ်ရပ်သည် ယခုနှစ်အတွင်း ဒုတိယကြိမ်မြောက်ဖြစ်ကြောင်း သိရသည်။

ရုပ်မြင်သံကြားဗီဒီယိုတစ်ခုမှ ရိုက်ကူးတင်ဆက်ပုံအရ ပျက်စီးနေသော ရထားတွဲဆိုင်းများအတွင်း ပိတ်မိနေသူများကို ကယ်ဆယ်ရေးလုပ်သားများက ကယ်ဆယ်နေကြောင်း တွေ့ရသည်။ လန်ဒီဘူတာရုံအနီး ရထားတိုက်မှုဖြစ်ပွားပြီးနောက် ကရာချိနှင့် ပါကစ္စတန်တစ်နိုင်ငံလုံးရှိ ရထားပြေးဆွဲမှုများကို ယာယီရပ်ဆိုင်းခဲ့သည်။



ဒဏ်ရာရရှိသူ ၄၀ အား ကရာချိဂျန်နက်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း အရေးပေါ်ဌာနအကြီးအကဲ ဒေါက်တာဆမန်းဂျမာလီက ပြောကြားသည်။ မီဒီယာများ၏ဖော်ပြချက်အရ ဇကာရီယာ အမြန်ရထားနှင့် ဖာရီအမြန်ရထားတို့ တိုက်မိခြင်းဖြစ်ကြောင်း သိရသည်။ စက်တင်ဘာလအတွင်း အမြန်ရထားနှင့် ကုန်တင်ရထားတို့ မူတန်မြို့အနီး တိုက်မိကြရာ အနည်းဆုံး လူလေးဦးသေဆုံးပြီး ၉၃ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**ရိုက်တာ။**

# အာဖဂန်နစ္စတန်မြောက်ပိုင်း ကွန်ဒုဇ်ပြည်နယ်၌ လေကြောင်းစီးနင်းတိုက်ခိုက်မှုကြောင့် အရပ်သား ၁၅ ဦးသေဆုံး

**ကွန်ဒုဇ် နိုဝင်ဘာ ၃**
အမျိုးသမီးများနှင့် ကလေးများ အပါအဝင် အရပ်သား ၁၅ ဦးထက်မနည်းသည် အမေရိကန်ဦးဆောင်သော တပ်ဖွဲ့များနှင့် အာဖဂန်တပ်ဖွဲ့များ၏ လေကြောင်းစီးနင်းတိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရကြောင်း၊ အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်းရှိ ကျေးရွာတစ်ရွာ၌ စစ်သွေးကြွများ ခိုအောင်းနေထိုင်သည်ဟူသော သံသယဖြင့် ယင်းသို့ လေကြောင်းစီးနင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ဒေသခံကျေးရွာသားတစ်ဦးက ပြောကြားသည်။

ကွန်ဒုဇ်ပြည်နယ်၏ မြို့တော် ဆင်ခြေဖုံးအရပ်ဒေသရှိ ဘူဇိကန်ဒါယာရီ ကျေးရွာကို ပစ်မှတ်ထားကာ လေကြောင်းမှ တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

အာဖဂန်နစ္စတန် အစိုးရတပ်ဖွဲ့များနှင့် နိုင်ငံခြားတပ်ဖွဲ့များက နိုဝင်ဘာ ၃ ရက် နံနက်ပိုင်းတွင် ဘူဇိလန်ဒါယာရီကျေးရွာကို ပစ်မှတ်ထား တိုက်ခိုက်မှုကြောင့် အပြစ်မဲ့အရပ်သား ၁၅ ဦးထက်မနည်း သေဆုံးပြီး သေဆုံးသူများထဲ၌ အမျိုးသမီးများနှင့် ကလေးငယ်များ ပါဝင်ကြကြောင်း အဆိုပါကျေးရွာသား ဟာဂျီဟာမက်ဂျန်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

အဆိုပါကျေးရွာမှ ရွာသူရွာသားများသည် သေဆုံးသွားသူများ၏ ရုပ်အလောင်းများကို သယ်ဆောင်ကာ ပြည်နယ်အုပ်ချုပ်ရေးမှူးရုံးရှေ့၌ ချထားကာ ကန့်ကွက်ဆန္ဒပြရန် စီစဉ်ခဲ့ကြသော်လည်း ရဲအဖွဲ့က ၎င်းတို့ ဖြတ်သန်းသည့် လမ်းကြောင်းများကို ပိတ်ဆို့ထားခဲ့ကြောင်း ၎င်းက ပြောကြားသည်။

**ဆင်ဟွာ။**

# ဝန်ကြီးချုပ် ထရီဇာမေအနေဖြင့် အီးယူမှ ဗြိတိန်နုတ်ထွက်ရေးအတွက် ပါလီမန်အား အကြံပေးသင့်သည်ဟု လေဘာပါတီခေါင်းဆောင်ဆို

**လန်ဒန် နိုဝင်ဘာ ၃**
ဗြိတိန်ဝန်ကြီးချုပ် ထရီဇာမေအနေဖြင့် အီးယူမှ ဗြိတိန်နုတ်ထွက်ရေး ပါလီမန်၏ဆုံးဖြတ်ချက်ရယူရာတွင် ၎င်း၏ ဥပဒေပြုအမတ်များနှင့် ညှိနှိုင်းဆောင်ရွက်ကာ ပါလီမန်အား အကြံကောင်းများပေးသင့်ကြောင်း အတိုက်အခံ လေဘာပါတီက နိုဝင်ဘာ ၃ ရက်တွင် ပြောကြားလိုက်သည်။

တရားရုံးချုပ်၏ ကြားနာမှုအပြီး လေဘာပါတီခေါင်းဆောင် ဂျာရာမီကိုဘန်းက အီးယူမှ ဗြိတိန်နုတ်ထွက်ရေးမှုအား ပွင့်လင်းမြင်သာမှုရှိစေရန် ဆောင်ရွက်သင့်ကြောင်း တိုက်တွန်းလိုက်သည်။ ယခုဆုံးဖြတ်ချက်ကို ဆောင်ရွက်ရာတွင် အစိုးရအနေဖြင့် နုတ်ထွက်ရေးဆိုင်ရာမှုများကို ပါလီမန်သို့ အချိန်မဆွဲဘဲ တင်သွင်းရမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

“လေဘာပါတီအနေနဲ့ လူထုရဲ့ ဆုံးဖြတ်ချက်ကို လေးစားပါတယ်။ ဒါပေမယ့် နုတ်ထွက်ရေးမူချမှတ်တဲ့နေရာမှာတော့ ပွင့်လင်းမြင်သာမှုနဲ့ တာဝန်ခံမှုရှိဖို့ လိုပါတယ်”ဟု ကိုဘန်းက ပြောကြားသည်။ **ရိုက်တာ။**



*** ရှေ့ဖုံးမှ**

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ မဲခေါင်ဒေသချိတ်ဆက်မှုခိုင်မာရေး၊ ဒေသတွင်းစိန်ခေါ်မှုဆိုင်ရာကိစ္စရပ်များ၊ CTBT အတည်ပြုလက်မှတ်ရေးထိုးခဲ့ခြင်းနှင့် ပတ်သက်၍လည်းကောင်း၊ ၂၀၁၇ ခုနှစ်တွင် မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ASEM နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးအောင်မြင်စွာ ကျင်းပနိုင်ရေး ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်းကောင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် တိုကျိုမြို့မှ ကျိုတိုမြို့သို့ ကျည်ဆံရထားဖြင့်သွားရောက်ပြီး ကျိုတိုတက္ကသိုလ်သို့ရောက်ရှိကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကျိုတိုတက္ကသိုလ်မှ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်သည်။ အခမ်းအနားတွင် ကျိုတိုတက္ကသိုလ်ဥက္ကဋ္ဌ Mr.Juichi Yamagiwa က ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ချီးမြှင့်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား ဂုဏ်ထူးဆောင်ပါရဂူဘွဲ့နှင့် အဆောင်အယောင်ကိုပေးအပ်သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ချီးမြှင့်ခံရခြင်းအတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ကျိုတိုတက္ကသိုလ်တွင် တက်ရောက်နေသည့်ကျောင်းသားကျောင်းသူများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကျိုတိုတက္ကသိုလ်တွင် သုတေသနစာတမ်းပြုစုစဉ်က နေထိုင်ခဲ့သည့်အခန်းကို သွားရောက်ကြည့်ရှုသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကျိုတိုမြို့ နိုင်ငံတော်ဧည့်ဂေဟာ၌ ကိုဘေး တက္ကသိုလ်မှ ပါမောက္ခ Mr. Otsu နှင့် တက္ကသိုလ်မှ ကျောင်းသားများနှင့် တွေ့ဆုံသည်။

ညပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား ကျိုတိုမြို့ ကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များအသင်းက ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

**(သတင်းစဉ်)**

❖



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဂျပန်နိုင်ငံခြားရေးဝန်ကြီး H.E.Mr.Fumio Kishida တို့ The Imperial Hotel ၌ တွေ့ဆုံဆွေးနွေးစဉ်။** (သတင်းစဉ်)



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုဘေးတက္ကသိုလ်မှ ပါမောက္ခ Mr. Otsu နှင့် ကျောင်းသားများအား တွေ့ဆုံစဉ်။** (သတင်းစဉ်)



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ကျိုတိုမြို့ ကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များအသင်းက ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။** (သတင်းစဉ်)

# ရှေးဟောင်းဂန္ထဝင် ရုပ်ရှင်ဇာတ်ကားများ ကြည့်ရှုခွင့်ရမည့် အမှတ်တရ ရုပ်ရှင်အမွေအနှစ်ပွဲတော် ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၃**

မြန်မာနိုင်ငံမှ လက်ခံကျင်းပလျက်ရှိသော အမှတ်တရ ရုပ်ရှင်အမွေအနှစ်ပွဲတော်ကို နိုဝင်ဘာ ၄ ရက်မှ ၁၃ ရက်အထိ ရန်ကုန်မြို့ ဝဇီရာရုပ်ရှင်ရုံကြီးတွင် ပြုလုပ်မည်ဖြစ်သည်။

ယင်းရုပ်ရှင်ပွဲတော်တွင် ကမ္ဘာတစ်ဝန်းမှထိန်းသိမ်းပြုစုထားသော ရှေးဟောင်းဂန္ထဝင်ရုပ်ရှင်ဇာတ်ကားပေါင်း ၆၀ ဝန်းကျင်ခန့် ပြသသွားမည်ဟု သိရသည်။

ဖြတ်သန်းလာခဲ့သည့် ခေတ်အဆက်ဆက်၏ လူမှုဘဝယဉ်ကျေးမှု၊ နေထိုင်မှုဓလေ့ပုံစံ၊ ဝတ်စားဆင်ယင်မှု အစရှိသည့် အနုပညာရသ အမွေအနှစ်များကို လှုပ်ရှားသက်ဝင် ပုံရိပ်များဖြင့် ပြန်ပြောင်းအမှတ်ရစေမည်မှာ ရုပ်ရှင်ဇာတ်လမ်းများကပင် ဖြစ်သည်။

ယင်းကြောင့် မြန်မာနိုင်ငံအနေဖြင့်လည်း Memory ရုပ်ရှင်ပွဲတော်တွင် ပြသရန် ဂန္ထဝင်ဇာတ်ကားသုံးကားကို ပြသသွားမည်ဖြစ်သည်။ ယင်းဇာတ်ကားများမှာ လွန်ခဲ့သည့် နှစ်ပေါင်း ၅၀ ခန့်က ရိုက်ကူးထားသည့် ဇာတ်ကားများဖြစ်သည့် ဒါရိုက်တာ အောဝမ်းတင်မောင်၏ ၁၉၃၄ ခုနှစ်တွင် ရိုက်ကူးထားသည့် ရုပ်ရှင်ဇာတ်ကားကြီး မြဂနိုင်နှင့်အတူ ဂန္ထဝင်ဇာတ်ကားများဖြစ်သည့် ခြေဖဝါးတော်နုနု ၊ ရတနာပုံ ရှေးဟောင်းဇာတ်ကားကြီးတို့ကို ပြသသွားမည်ဖြစ်သည်။

ယင်းဇာတ်ကားများသည် ယနေ့အချိန်အထိ မူရင်းမပျက် ထိန်းသိမ်းထားသည့် ရှေးဟောင်းဂန္ထဝင် ဇာတ်ကားများဖြစ်သောကြောင့် ရုပ်ရှင်ပွဲတော်တွင် ပြသရန်အတွက် ရည်ရွယ်ထားကြောင်း Memory ရုပ်ရှင်ပွဲတော်ဖြစ်မြောက်ရေးအတွက် ဆောင်ရွက်သည့် ဒေါ်ဆွေဇင်ထိုက်ကပြောသည်။

"မြန်မာလူမျိုးတွေက ဆင်းရဲတယ်၊ မငြိမ်းချမ်းဘူး၊ စာမတတ်ဘူး။ ဒါတွေကိုပဲမြင်နေကြတယ်။ တကယ်တော့ ၁၉၃၀ ခုနှစ်မှာ ကျွန်မတို့ တိုင်းပြည်ရဲ့ လူနေမှုပုံစံက ခေတ်အပြောင်းအလဲတွေနဲ့အညီ ဘယ်လိုတွေ လုပ်ဆောင်ခဲ့တယ်ဆိုတာကိုတော့ ရုပ်ရှင်ကနေပြီးတော့ မျက်လုံးနဲ့တပ်အပ်မြင်နိုင်လိမ့်မယ်။ ကျွန်မက ခေတ်အဆက်ဆက်တီထွင်မှုပိုင်းမှာ တန်ဖိုးရှိတဲ့သူတွေ၊ မြန်မာပြည်ရဲ့ လူနေမှုပုံစံက ဘယ်လိုလဲဆိုတာတွေကို သိရှိအောင်ဆိုပြီးတော့ ပြသပေးတာပဲဖြစ်ပါတယ်" ဟု ဒေါ်ဆွေဇင်ထိုက်က ဆက်လက်ပြောသည်။

ရုပ်ရှင်ပွဲတော်ဖွင့်ပွဲကို နိုဝင်ဘာ ၄ရက် ညနေ၅နာရီမှစတင်ကာ ရန်ကုန်မြို့ရှိ နေပြည်တော်ရုပ်ရှင်ရုံတွင် ပြုလုပ်မည်ဖြစ်သည်။ ဖွင့်ပွဲသို့ ပြည်တွင်းပြည်ပမှ အထူးဧည့်သည်တော်များအဖြစ် ပြင်သစ်သရုပ်ဆောင်မင်းသမီး Catherine Deneuve ၊ ရုပ်ရှင်သရုပ်ဆောင် ဒေါ်ဆွေဇင်ထိုက်၊ ပြင်သစ် ဒါရိုက်တာ Pascale Ferran ၊ ရုပ်ရှင်သရုပ်ဆောင်ဦးလူမင်း ၊ ပြင်သစ်ဒါရိုက်တာ Michel Hazanavicius ၊ ဒါရိုက်တာဦးကြည်စိုးထွန်း၊ ထိုင်ဝမ်ဒါရိုက်တာ Hou Hsiao – Hsien ၊ ပြင်သစ် ဒါရိုက်တာ Regis Wargnier၊ ထိုင်ဝမ်လူမျိုးဒါရိုက်တာ Midi Z၊ ပြင်သစ် Gaumont ရုပ်ရှင်လုပ်ငန်း၏ CEO နှင့် ရုပ်ရှင်ထုတ်လုပ်သူအဖြစ် Nicolas Seydoux ၊ ကမ္ဘောဒီးယားဒါရိုက်တာ Davyတို့ တက်ရောက်မည်ဟုသိရသည်။

**(ခင်ဇာလီ)**

# မုန်တိုင်းငယ်အခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၃**

ယနေ့ ည ၉ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး၊ အိန္ဒိယနိုင်ငံ ဗီဇာကာပတ္တနမ်မြို့၏ အရှေ့တောင်ဘက် မိုင် ၂၅၀ ခန့်၊ ပါရာဒစ်မြို့၏ တောင်-အနောက်တောင်ဘက် မိုင် ၃၇၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ မုန်တိုင်းငယ်သည် အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားရာမှ နောက် ၁၂ နာရီအတွင်း အရှေ့မြောက်ဘက်သို့ကွေ့ကာ ဦးတည်ရွေ့လျားပြီး နောက် ၄၈ နာရီအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကမ်းခြေအနီးသို့ ရောက်ရှိနိုင်မည်ဟု ခန့်မှန်းထားသည်။

မုန်တိုင်းငယ်၏လက်ရှိအခြေအနေမှာ အဝါရောင်အဆင့်ရှိပြီး မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိဟု သတ်မှတ်ထားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

**(ကြေးမုံ)**

# ဒီမိုကရေစီနဲ့ သတင်းအချက်အလက် တောင်းယူသိရှိပိုင်ခွင့်

ဒေါက်တာသီတာတင်

ဒီမိုကရေစီစနစ်ကို ကျင့်သုံးဖော်ဆောင်နေကြတဲ့ နိုင်ငံတွေမှာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးကဏ္ဍတွေကို ဒီမိုကရေစီနည်းလမ်းတကျဖြစ်အောင် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်တဲ့နေရာမှာ ပါဝင်သင့်တဲ့အရာတစ်ခုလို့ပြောကြတဲ့ အချက်တစ်ချက်ကတော့ ပြည်သူတွေကို သတင်းအချက်အလက်များသိရှိစေဖို့နဲ့ သတင်းအချက်အလက်များကို ပွင့်လင်းမြင်သာမှုရှိစေရေးတို့ပဲဖြစ်ပါတယ်။ အကျင့်ပျက်ခြစားမှုကို ထိန်းချုပ်နိုင်ဖို့၊ အစိုးရများနဲ့ သူတို့ရဲ့အဖွဲ့အစည်းများက အုပ်ချုပ်ခံပြည်သူတွေအပေါ် တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေဖို့အတွက် သတင်းအချက်အလက် ပွင့်လင်းမြင်သာမှုနဲ့ ပြည်သူတွေကို သတင်းအချက်အလက်သိရှိစေခြင်းတို့က အရေးတကြီးရှိသင့်တဲ့ အခြေအနေတွေပဲဖြစ်ပါတယ်။

**စံနှုန်းညီကောင်းမွန်တဲ့ ကျင့်သုံးမှုတစ်ခု**

အစိုးရအနေနဲ့ ပွင့်လင်းမြင်သာမှုရှိတဲ့အခါမှာ အကျင့်ပျက်ခြစားမှု အခွင့်အလမ်းနည်းသွားသလို တာဝန်ယူမှု၊ တာဝန်ခံမှုအပိုင်းမှာ ပို၍လုပ်ဆောင်လာနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်လည်း Freedom of Information Act (FOIA) သို့မဟုတ် Right to Information Act (RTI)ပြဋ္ဌာန်းဆောင်ရွက်ခြင်းက နိုင်ငံတကာနယ်ပယ်မှာ စံနှုန်းညီကောင်းမွန်တဲ့ ကျင့်သုံးမှုတစ်ခုဖြစ်လာပါတယ်။ ဒီနေရာမှာ FOIA သို့မဟုတ် RTI ဥပဒေတွေက ဘာကိုဆိုလိုတာလဲဆိုတာ စာဖတ်သူတို့သိရှိနိုင်အောင် တင်ပြလိုပါတယ်။ အစိုးရအဖွဲ့အစည်းတွေနဲ့ ပြည်သူထည့်ဝင်ငွေတွေပါဝင်တဲ့ အဖွဲ့အစည်းတွေရဲ့ သတင်းအချက်အလက်တွေကို ပြည်သူတွေက တောင်းယူသိရှိခွင့်ရှိတယ်ဆိုတဲ့အဓိပ္ပာယ်ပဲဖြစ်ပါတယ်။ တချို့နိုင်ငံတွေမှာတော့ ကိုယ့်နိုင်ငံသားတွေသာမက မည်သူမဆို အဆိုပါအချက်အလက်တွေကို တောင်းယူသိရှိခွင့်ပေးထားပါတယ်။

**အကျိုးကျေးဇူး**

ဒီလိုသတင်းအချက်အလက်များ တောင်းယူသိရှိခွင့်ရရှိခြင်းကြောင့် နိုင်ငံမှာ ဘယ်လိုအကျိုးကျေးဇူးတွေရရှိမှာလဲဆိုတဲ့အချက်တွေက အရေးကြီးပါတယ်။ ဘာကြောင့်လဲဆိုတော့ သတင်းအချက်အလက်တွေကို ဆိုင်ရာဌာန၊ အဖွဲ့အစည်းတွေကပေးဖို့ဆိုတာ သတင်းအချက်အလက်တွေ စနစ်တကျစုဆောင်းသိမ်းဆည်းထားရန်လိုပါတယ်။ ဒီအလုပ်က အပြောလွယ်သလောက် အလုပ်လုပ်ရာမှာ အချိန်တွေ၊ ငွေတွေ၊ လုပ်အားတွေ၊ နည်းပညာ စတဲ့ အရင်းအနှီးတွေများစွာ လိုအပ်တဲ့အတွက် ဒီလိုရင်းနှီးမြှုပ်နှံရသလောက် တိုင်းပြည်နဲ့ လူမျိုးတွေအနေနဲ့ ရရှိတဲ့အကျိုးကျေးဇူးတွေကလည်း အနည်းဆုံး ရင်းနှီးမြှုပ်နှံသလောက်ရရှိဖို့လိုပါတယ်။ ဒီနေရာမှာ တင်ပြချင်တာက အချို့ သောကိစ္စရပ်တွေ ဥပမာအားဖြင့် အသိပညာ၊ အတွေးအခေါ် အစရှိတဲ့ ကိစ္စရပ်တွေကတော့ ငွေကြေးအားဖြင့် တွက်ချက်ယူခြင်း၊ လက်ဆုပ် လက်ကိုင်ပြဖို့မလွယ်ပါဘူး။ ဒီအချက်တွေက Intangible Factors (ဆုပ်ကိုင်၍ မရနိုင်တဲ့အချက်) တွေပဲဖြစ်ပါတယ်။ Tangible Factors (ဆုပ်ကိုင်၍ရနိုင်တဲ့အချက်)ဖြစ်တဲ့ ရေတွက်နိုင်တဲ့အရာတွေ၊ လက်ဆုပ် လက်ကိုင်ပြနိုင်တဲ့ လူအင်အား၊ ရုပ်ဝတ္ထု၊ ငွေကြေးပမာဏ အစရှိတာတွေပဲ ဖြစ်ပါတယ်။

**မှန်ကန်စွာအသုံးချတတ်မှု**

နိုင်ငံတစ်နိုင်ငံမှာ Tangible နဲ့ Intangible Factors ဆိုတဲ့ ဆုပ်ကိုင်ဖော်ပြနိုင်တဲ့အချက်နဲ့ ဆုပ်ကိုင်၍မရနိုင်တဲ့ အချက်တွေဆိုပြီးရှိပါတယ်။ သတင်းအချက်အလက်များ တောင်းယူသိရှိခွင့်ကိုပေးခြင်းကြောင့် နိုင်ငံတစ်နိုင်ငံမှာ ဒီအချက်နှစ်ခုစလုံးကို ပေးဆောင်နိုင်မှာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သတင်းအချက်အလက်များကြောင့် အသိပညာတွေရနိုင်သလို ဒီအချက်အလက်တွေကို အခြေပြုပြီး စီးပွားရေး၊ လူမှုရေး အစရှိတာတွေကို ဆောင်ရွက်နိုင်လို့ပဲဖြစ်ပါတယ်။ ဒီလိုအချက်နှစ်ခုစလုံးကို ပေးဆောင်နိုင်ဖို့ဆိုတာကလည်း သတင်းအချက်အလက်မှန်ကန်စွာပေးမှုနဲ့ သတင်းအချက်အလက်တွေတောင်းယူပြီး မှန်ကန်စွာ အသုံးချတတ်မှုဆိုတဲ့ အခြေအနေနှစ်ရပ်စလုံးအပေါ်မှာလည်း မူတည်ပါတယ်။

**အထောက်အပံ့ဖြစ်စေနိုင်**

သတင်းအချက်အလက်များ တောင်းယူသိရှိခြင်းအားဖြင့် ရရှိနိုင်တဲ့အကျိုးကျေးဇူးတွေကတော့ ပြည်သူတွေအနေနဲ့ ပိုပြီးအဓိပ္ပာယ်ရှိတဲ့ ဆုံးဖြတ်ချက်တွေ ချမှတ်လုပ်ဆောင်နိုင်ခြင်း၊ သတင်းအချက်အလက်တွေ ပါဝင်တဲ့ သဘောထားအမြင်တွေကို ဖော်ပြလာနိုင်ခြင်း၊ သူတို့ရဲ့ လူမှုအဖွဲ့အစည်းနဲ့ဆိုင်တဲ့ပေါ်လစီတွေအပေါ် လွှမ်းမိုးသက်ရောက်လာနိုင်ခြင်း၊ အနာဂတ်မျိုးဆက်သစ်တွေအတွက် ပိုပြီးအာမခံချက်ရှိတဲ့ အနာဂတ်ကို ဖော်ဆောင်ရာမှာ အထောက်အပံ့ဖြစ်စေခြင်း၊ ကောင်းမွန်တဲ့ အုပ်ချုပ်မှုရရှိနိုင်ဖို့အတွက် ကြိုတင်ရှိသင့်တဲ့ အခြေအနေတွေကို ဖန်တီးပေးရာရောက်ခြင်း၊ အစိုးရနဲ့ ပြည်သူ့ထည့်ဝင်ငွေတွေပါဝင်တဲ့ အဖွဲ့အစည်းတွေအနေနဲ့ အကျင့်ပျက်ခြစားမှု လျော့နည်းလာခြင်းနဲ့ ၎င်းအဖွဲ့အစည်းတွေရဲ့ တာဝန်ယူမှု၊ တာဝန်သိမှုအခန်းကဏ္ဍ ကျယ်ပြန့်လာစေခြင်း စတာတွေပဲဖြစ်ပါတယ်။ ဒီလိုလုပ်ဆောင်နိုင်ခြင်းကြောင့် လူနေမှုပုံစံအဆင့်အတန်းတွေ တိုးမြင့်လာနိုင်သလို နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေကိုလည်း အထောက်အပံ့ဖြစ်စေနိုင်ပါတယ်။

**ဒီဥပဒေရှိတဲ့နိုင်ငံတွေမှာ သတင်းအချက်အလက် တောင်းယူသိရှိပိုင်ခွင့်ကို ဘယ်သူတွေက တောင်းယူခွင့်ရသလဲဆိုရင် မည်သူမဆို ရယူခွင့်ပေးတဲ့ နိုင်ငံတွေရှိသလို နိုင်ငံသားကိုသာ တောင်းယူခွင့်ပေးတဲ့နိုင်ငံတွေလည်း ရှိပါတယ်။ မက္ကဆီကိုမှာတော့ မည်သူမဆို တောင်းယူခွင့်ရှိပါတယ်။ ပေးပိုင်ခွင့် Mandatory နဲ့ပတ်သက်လို့ကတော့ အစိုးရနဲ့ ဖက်ဒရယ်ပြည်သူ့ဝန်ထမ်းတွေဆီမှာ ရှိပါတယ်။ သတင်းအချက်အလက်ထုတ်ပေးရမယ့် အဖွဲ့အစည်း တွေကတော့ ဥပဒေပြု၊ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်းနဲ့ ကိုယ်ပိုင်အုပ်ချုပ်မှုရှိတဲ့ အဖွဲ့အစည်းတွေပဲဖြစ်ပါတယ်။ သတင်းအချက်အလက်တွေဆိုလည်း . . .**

**လွန်ခဲ့သောနှစ်ပေါင်း ၂၀၀ ကျော်**

FOIA (သို့မဟုတ်) RTI ဘယ်အချိန်က စတင်ပေါ်ပေါက်လာသလဲဆိုရင် လွန်ခဲ့တဲ့နှစ်ပေါင်း ၂၀၀ ကျော်ကတည်းကဖြစ်ပါတယ်။ ဒီဥပဒေကို စတင်ရေးဆွဲကျင့်သုံးတဲ့နိုင်ငံကတော့ ဆွီဒင်နိုင်ငံပဲဖြစ်ပါတယ်။ ဘုရင်ဆီမှာရှိတဲ့ သတင်းအချက်အလက်တွေကို သိရှိတောင်းခံခွင့်ရရှိနိုင်ဖို့ ပါလီမန်က ကျယ်ကျယ်ပြန့်ပြန့် ဦးဆောင် ဆောင်ရွက်ရာကနေ ၁၇၆၆ ခုနှစ်မှာ ဒီဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့ပါတယ်။ ဒီသာဓကကိုယူပြီး အမေရိကန်နိုင်ငံနဲ့ နော်ဝေနိုင်ငံတို့က သူတို့ရဲ့နိုင်ငံမှာ ဒီဥပဒေကို ပြဋ္ဌာန်းကြပါတယ်။ အမေရိကန်မှာ ပထမဥပဒေကို ၁၉၆၆ ခုနှစ်မှာပြဋ္ဌာန်းပြီး နော်ဝေမှာ ၁၉၇၀ ပြည့်နှစ်မှာ ပြဋ္ဌာန်းပါတယ်။ ၁၉၇၄ ခုနှစ်မှာ အမေရိကန်နိုင်ငံမှာ ဝါးတားဂိတ်အရှုပ်တော်ပုံကိစ္စပေါ်ပေါက်လာခဲ့ချိန်မှာ FOIA ဥပဒေနဲ့ပတ်သက်ပြီး စိတ်ဝင်စားမှုတွေက တစ်ဟုန်ထိုး ဖြစ်ပွားလာခဲ့ပါတယ်။ ဒီအကျိုးသက်ရောက်မှုကတော့ ၁၉၇၆ ခုနှစ်မှာ ခိုင်မာတဲ့ FOI ဥပဒေပြဋ္ဌာန်းခဲ့ပါတယ်။ အဲဒီနောက်မှာတော့ ဒီမိုကရေစီစနစ်ကျင့်သုံးတဲ့ အနောက်နိုင်ငံများဖြစ်ကြတဲ့ ပြင်သစ်၊ နယ်သာလန်နိုင်ငံများ ၁၉၇၈ ခုနှစ်၊ ဩစတြေးလျ၊ နယူးဇီလန်နဲ့ ကနေဒါနိုင်ငံများ ၁၉၈၂ ခုနှစ်၊ ဒိန်း မတ် ၁၉၈၅ ခုနှစ်၊ ဂရိနိုင်ငံ ၁၉၈၆ ခုနှစ်၊ ဩစတြီးယား ၁၉၈၇ ခုနှစ်၊ အီတလီ ၁၉၉၀ ခုနှစ်အစရှိသည့် နိုင်ငံတွေမှာ ပြဋ္ဌာန်း လာခဲ့ကြပါတယ်။ ဒီလိုနဲ့ ၁၉၉၀ ခုနှစ်မှာ ဒီဥပဒေကို ပြဋ္ဌာန်းတဲ့ နိုင်ငံပေါင်း ၁၃နိုင်ငံရှိခဲ့သော်လည်း ယခုအခါမှာ နိုင်ငံပေါင်း ၁၁၂ နိုင်ငံတွင် ပြဋ္ဌာန်းထားရှိပြီးဖြစ်ပါတယ်။

**၁၁၂ နိုင်ငံမှာ အိမ်နီးချင်း ငါးနိုင်ငံ**

မြန်မာနိုင်ငံရဲ့ အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ နိုင်ငံငါးနိုင်ငံအနက် တရုတ် ၂၀၀၇၊ အိန္ဒိယ ၂၀၀၅၊ ဘင်္ဂလားဒေ့ရှ် ၂၀၀၈၊ ထိုင်း ၁၉၉၇ တို့မှာ ပြဋ္ဌာန်းပြီးဖြစ်ပါတယ်။ အရှေ့တောင်အာရှနိုင်ငံတွေအနက် ထိုင်းနဲ့ အင်ဒိုနီးရှား နိုင်ငံနှစ်ခုမှာသာ ဒီဥပဒေတွေကို နိုင်ငံအဆင့်ပြဋ္ဌာန်းနိုင်ခဲ့ပြီး မလေးရှားမှာတော့ အချို့ပြည်နယ်တွေဖြစ်တဲ့ ဆီလန်ဂေါ(Selangor)ပြည်နယ် ၂၀၁၁ ခုနှစ်နဲ့ ပီနန်ပြည်နယ် ၂၀၁၁ ခုနှစ်တွေမှာ ပြဋ္ဌာန်းနိုင်ခဲ့ပါတယ်။ နိုင်ငံအဆင့်ဥပဒေကိုတော့ ပြဋ္ဌာန်းနိုင်ခြင်းမရှိသေးတာ လေ့လာတွေ့ရှိရပါတယ်။

**သာဓကတွေ**

စာရေးသူ လေ့လာတွေ့ရှိချက်အရ အိန္ဒိယနိုင်ငံနဲ့ မက္ကဆီကိုနိုင်ငံရဲ့ ဥပဒေတွေက ကမ္ဘာပေါ်မှာ သတင်းအချက်အလက် တောင်းယူသိရှိပိုင်ခွင့်ဥပဒေကို ကောင်းစွာအကောင်အထည်ဖော်ပေးနိုင်တဲ့ သာဓကတွေ ဖြစ်ကြောင်း သိရပါတယ်။ မြန်မာနိုင်ငံမှာလည်း သတင်းအချက်အလက် သိရှိပိုင်ခွင့်ဥပဒေကို ရေးဆွဲပြဋ္ဌာန်းရန် လုပ်ဆောင်နေတာကို သိရပါတယ်။ စာရေးသူ ၂၀၁၃ ခုနှစ် အစောပိုင်းကာလတုန်းက အမေရိကန်နိုင်ငံကို မီဒီယာလေ့လာရေးသွားစဉ် ကံကောင်းစွာနဲ့ ဒီဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရတဲ့ဌာနကို လေ့လာခွင့်ရခဲ့ပါတယ်။ ဒီဌာနရဲ့ တာဝန်ရှိသူအမျိုးသမီးကြီးက အချိန်အတော်အကြာ ရှင်းပြခဲ့သလို စာရေးသူကလည်း မိမိသိလိုတာတွေကိုမေးမြန်းကြည့်ပြီး အမျိုးသမီးကြီးနဲ့ စကားကောင်းခဲ့ပြီးနောက် ဒီဥပဒေနဲ့ဆိုင်တဲ့ စာအုပ်တွေကို ပေးလိုက်ပါတယ်။ ပြန်လာတော့ ပြန်ကြားရေးဝန်ကြီးဌာနရဲ့ ပြည်ထောင်စုဝန်ကြီးကို ဒီဥပဒေအကြောင်းနဲ့ ပါလာတဲ့စာအုပ်ကို တင်ပြခဲ့ပါတယ်။ စာအုပ်မှာပါတဲ့ အဓိကကျတဲ့အချက်တွေကိုစုပြီး ဝန်ကြီးဌာနက အရာရှိကြီးများသိရှိလေ့လာရန် ဖြန့်ဝေပေးခဲ့ပါတယ်။ အဲဒီနောက် ပြည်ထောင်စုဝန်ကြီးရဲ့ လမ်းညွှန်ချက်အရ ဒီဥပဒေမူကြမ်းကို ဌာနကရေးဆွဲပြီး အလုပ်ရုံဆွေးနွေးပွဲလုပ်ခဲ့ပါတယ်။ ဆွေးနွေးပွဲရလဒ်အနေနဲ့ အကျိုးရှိပြီး အချို့သောအပိုင်းတွေမှာ ဆွေးနွေးညှိနှိုင်းမှုတွေ ရယူရဦးမှာဖြစ်ပါတယ်။

**ပြင်ဆင်မှုတွေလုပ်ရမှာ**

ဒီအချက်တွေကို ဆွေးနွေးညှိနှိုင်းရာမှာ မိမိတို့ဝန်ကြီးဌာန တစ်ခုတည်းသာမဟုတ်ဘဲ ဒီဥပဒေနဲ့ သက်ဆိုင်တဲ့အဖွဲ့အစည်းတွေရဲ့ ကိုယ်စားလှယ်တွေပါပါဝင်ဆွေးနွေးသင့်တယ်လို့ထင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီဥပဒေရေးဆွဲအတည်ပြုပြီးရင် ဥပဒေပါအတိုင်း အစိုးရအဖွဲ့အစည်းတွေနဲ့ ပြည်သူ့ထည့်ဝင်ငွေတွေပါဝင်တဲ့ အဖွဲ့အစည်းတွေက သတင်းအချက်အလက်များတောင်းခံလာသူထံပေးရမှာဖြစ်တဲ့အတွက် သက်ဆိုင်ရာ အဖွဲ့အစည်းတွေအနေနဲ့ ပြင်ဆင်မှုတွေလုပ်ရမှာဖြစ်ပါတယ်။ ဒီလိုပြင်ဆင်မှုတွေလုပ်တာနဲ့ ပတ်သက်လို့ ဘာတွေလုပ်ရမှာလဲဆိုတာကို စာရေးသူအနေနဲ့ လေ့လာတဲ့အခါ မက္ကဆီကိုနိုင်ငံရဲ့ FOIA (၂၀၀၂)ဥပဒေကတော့ အခြားနိုင်ငံတွေမှာလည်း Model အဖြစ် အသုံးပြုနေတယ်လို့ သိရှိရပါတယ်။ ဒါကြောင့် ဒီဥပဒေကိုပြည်သူတွေသိရှိစေနိုင်ရန် အကျဉ်းချုပ်ရေးသားဖော်ပြလိုပါတယ်။

**ဘယ်သူတွေကတောင်းယူခွင့်ရ**

ဒီဥပဒေရှိတဲ့နိုင်ငံတွေမှာ သတင်းအချက်အလက် တောင်းယူသိရှိပိုင်ခွင့်ကို ဘယ်သူတွေက တောင်းယူခွင့်ရသလဲဆိုရင် မည်သူမဆို ရယူခွင့်ပေးတဲ့ နိုင်ငံတွေရှိသလို နိုင်ငံသားကိုသာ တောင်းယူခွင့်ပေးတဲ့နိုင်ငံတွေလည်းရှိပါတယ်။ မက္ကဆီကိုမှာတော့ မည်သူမဆို တောင်းယူခွင့်ရှိပါတယ်။ ပေးပိုင်ခွင့် Mandatory နဲ့ပတ်သက်လို့ကတော့ အစိုးရနဲ့ ဖက်ဒရယ်ပြည်သူ့ဝန်ထမ်းတွေဆီမှာရှိပါတယ်။ သတင်းအချက်အလက်ထုတ်ပေးရမယ့် အဖွဲ့အစည်းတွေကတော့ ဥပဒေပြု၊ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်းနဲ့ ကိုယ်ပိုင်အုပ်ချုပ်မှုရှိတဲ့ အဖွဲ့အစည်းတွေပဲဖြစ်ပါတယ်။ သတင်းအချက်အလက်တွေဆိုလည်း ပေးနိုင်တဲ့သတင်းနဲ့ ပေးပိုင်ခွင့်ကန့်သတ်ထားတဲ့သတင်းဆိုပြီး နှစ်မျိုးရှိပါတယ်။ ပေးနိုင်တဲ့သတင်းအချက်အလက်အချို့ကတော့ ဌာနရဲ့ ဖွဲ့စည်းပုံ၊ အုပ်ချုပ်မှုဆိုင်ရာဌာနတွေရဲ့ အခွင့်အာဏာ၊ ဌာနရဲ့အကြီးအကဲ (သို့) အလားတူအဆင့်ရှိ သူတို့ရဲ့လမ်းညွှန်ချက်၊ ရာထူးနဲ့ သူရဲ့လစာနှုန်းထား၊ လျော်ကြေးစနစ်၊ သတင်းအချက်အလက် တောင်းယူနိုင်တဲ့လိပ်စာ၊ ဆက်သွယ်ရန် Electronic လိပ်စာ၊ ဆက်သွယ်ရေးရုံးရဲ့ လိပ်စာ၊ ဝန်ဆောင်ပေးမှုပုံစံ၊ စာရင်းစစ်ခံယူမှုရလဒ်၊ တရားစီရင်ရေးဆိုင်ရာ အမိန့်ချမှတ်ပြီးသော ကိစ္စရပ်များ၊ ငှားရမ်းရေးသဘောတူစာချုပ်၊ လိုင်စင်၊ ပါမစ်နဲ့ လုပ်ပိုင်ခွင့်ပေးမှုနဲ့ဆိုင်တဲ့သူတွေရဲ့ အမည်များ အစရှိသည်တို့ ပါဝင်ပါတယ်။

**ယာယီပိတ်ပင်ထားခြင်းသက်တမ်း ၁၂ နှစ်**

ပုဂ္ဂိုလ်ရေးရာနဲ့ဆိုင်တဲ့ သတင်းအချက်အလက်တွေနဲ့ ပတ်သက်လို့ လုပ်ဆောင်တဲ့နေရာမှာ သက်ဆိုင်ရာပုဂ္ဂိုလ်က တောင်းခံနိုင်ပေမယ့် အခြားသူတွေက တောင်းခံလိုပါက ကာယကံရှင်ရဲ့ ခွင့်ပြုမှုလိုအပ်ပါတယ်။ မသက်ဆိုင်သူက တောင်းယူခြင်းနဲ့ အမှားပြင်ဆင်ခြင်းများ ဆောင်ရွက်လို့မရပါဘူး။ ကာယကံရှင် (သို့) ၎င်းရဲ့ကိုယ်စားလှယ်ကသာ ဆောင်ရွက်လို့ရပါတယ်။ တောင်းယူတဲ့ပုံစံကတော့ အခြားသတင်းအချက်အလက်တွေကို တောင်းယူတဲ့ပုံစံနဲ့ နည်းလမ်းတွေလိုပဲဖြစ်ပါတယ်။ ယာယီအားဖြင့် ခွင့်မပြုနိုင်တဲ့ သတင်းအချက်အလက်အချို့ကတော့ အမျိုးသားလုံခြုံရေး (သို့) အမျိုးသားကာကွယ်ရေးကို အန္တရာယ်ဖြစ်စေနိုင်တဲ့ကိစ္စများ၊ နိုင်ငံတကာ အဖွဲ့အစည်းများမှ မက္ကဆီကိုအစိုးရကိုပေးတဲ့ သတင်းအချက်အလက်တွေဟာ ဆွေးနွေးမှုနဲ့ နိုင်ငံတကာဆက်ဆံရေးကို ထိခိုက်စေနိုင်တဲ့အတွက် လျှို့ဝှက်အဆင့် သတ်မှတ်ထားတဲ့ကိစ္စရပ်များ၊ နိုင်ငံရဲ့ စီးပွားရေး၊ ငွေကြေးကိစ္စ၊ ဘဏ္ဍာရေးနဲ့ စီးပွားရေးကို ပျက်စီးထိခိုက်စေမယ့် ကိစ္စများပဲဖြစ်ပါတယ်။ ဒီကိစ္စရပ်တွေကို ယာယီပိတ်ပင်ထားခြင်းသက်တမ်းကတော့ ၁၂ နှစ်ဖြစ်ပြီး ဒီသက်တမ်းကိုထိန်းသိမ်းရန် လိုအပ်တယ်လို့ယူဆရတဲ့ ကိစ္စများရှိပါက သက်တမ်းတိုးချဲ့ခွင့်ရှိပါတယ်။ ဒီသတင်းကို ထိန်းသိမ်းထားလိုက်လို့ လူသားမျိုးနွယ်တွေရဲ့ အခြေခံရပိုင်ခွင့်များ ပြင်းထန်စွာချိုးဖောက်မှု(သို့) အမှုအခင်းများဖြစ်ပေါ်စေနိုင်တဲ့ အခြေအနေဖြစ်လာနိုင်မယ်ဆိုရင်တော့ ဒီသတင်းကို ထိန်းသိမ်းမထားတော့ပါဘူး။ ဒီနေရာမှာ ဒီသတင်းအချက်အလက်များကို ထိန်းသိမ်းထားလို့ရနိုင်မယ့် အကျိုးအပြစ်နဲ့ သတင်းအချက်အလက်ကို ပြည်သူထံအသိပေးခြင်းကြောင့် ရနိုင်မယ့်အကျိုးအပြစ်ကို ချိန်ဆပြီး လုပ်ဆောင်ရမှာဖြစ်ပါတယ်။ သိရှိပိုင်ခွင့်ရှိတဲ့ သတင်းအချက်အလက်တွေကို တောင်းယူလိုမယ်ဆိုရင် ဒေသဆိုင်ရာ အီလက်ထရွန်နစ်၊ ဆက်သွယ်ရေးစနစ်များနဲ့ Remote Media တွေကနေ တောင်းယူနိုင်ပါတယ်။ ဒ့ါအပြင် လူကိုယ်တိုင်သွားပြီး တောင်းယူနိုင်ပါတယ်။ တောင်းယူတဲ့ပုံစံက လက်ရေးနဲ့ရေးပြီး တောင်းခံနိုင်သလို ဗဟိုအဆင့်ကြီးကြပ်ဆောင်ရွက်ရမယ့် အဖွဲ့အစည်းဖြစ်တဲ့ Fedral Institute of Access to Public Information (IFAI) က အတည်ပြုထားတဲ့ လျှောက်လွှာပုံစံကိုအသုံးပြုနိုင်ပါတယ်။ တောင်းယူတဲ့သတင်း အချက်အလက်တွေက ရရှိနိုင်ပြီး ပြည်သူကိုပေးနိုင်တဲ့သတင်းတွေဖြစ်မယ်ဆိုရင် တောင်းယူတဲ့နေ့ကစပြီး အလုပ်လုပ်ရက် ၃၀ ကာလအတွင်း သတင်းတောင်းခံသူကို ပေးပို့ရမှာဖြစ်ပါတယ်။

**(ဆက်လက်ဖော်ပြပါမည်)**

# အကြမ်းဖက်မှုကာကွယ်တားဆီးရေးတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများ ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၃**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နိုဝင်ဘာ ၂ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီခွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနဝန်ကြီး Mr. Guo Sheng Kun နှင့် ဝန်ကြီးရုံးအဆောက်အအုံတွင် တွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံထိစပ်နေသည့် ကုန်းမြေနယ်နိမိတ် ကီလိုမီတာ ၂၀၀၀ ကျော်တွင် တပ်မတော်က လုံခြုံရေးတာဝန်ထမ်းဆောင်မှု၊ မဲခေါင်မြစ်ကြောင်းအတွင်း ရေကြောင်းထိစပ်နေသည့်နေရာများတွင် မြစ်ကြောင်းရဲတပ်ဖွဲ့ဝင်များနှင့် လုံခြုံရေးဆောင်ရွက်မှုအခြေအနေများ၊ မူးယစ်ဆေးဝါးတိုက်ဖျက်နှိမ်နင်းရေးကိစ္စရပ်များ၊ လူကုန်ကူးမှုကာကွယ်တားဆီးရေးလုပ်ငန်းများ၊ နယ်စပ်ဖြတ်ကျော်မှုခင်းများတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် အဓိကအားဖြင့် အကြမ်းဖက်မှုကာကွယ်တားဆီးရေးတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးကြသည်။

ထို့နောက် ပြည်သူ့လုံခြုံရေးဝန်ကြီးက မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ပေကျင်းမြို့မှ အထူးလေယာဉ်ဖြင့် ကွမ်းတုန်ပြည်နယ်သို့ ရောက်ရှိပြီး တောင်ပိုင်းစစ်နယ်ဝန်း ကွပ်ကဲမှုဌာနချုပ်၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တောင်ပိုင်းစစ်နယ်ဝန်း ကွပ်ကဲမှုဌာနချုပ် နိုင်ငံရေးမှူး General Wei Liang တို့တွေ့ဆုံဆွေးနွေးကြသည်။

ထို့နောက် တောင်ပိုင်းစစ်နယ်ဝန်းကွပ်ကဲမှုဌာနချုပ် နိုင်ငံရေးမှူးက မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် Da Shuai Fu သင်္ဘောဆိပ်သို့သွားရောက်၍ ပုလဲမြစ် ခေါ် Zhu Jiang မြစ်အတွင်း အပျော်စီးသင်္ဘောဖြင့် လှည့်လည်ကြည့်ရှုကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် Huang Pu ဆိပ်ကမ်းရှိ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ရေတပ်သင်္ဘောလွန်းကျင်းသို့ ရောက်ရှိပြီး ဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသည့် ရေငုပ်သင်္ဘောကို ကြည့်ရှုလေ့လာကြသည်။**(အပေါ်ပုံ)**

ထို့နောက် တံ့ရှမ်းစစ်မှုထမ်းဟောင်းအိမ်ရာကို ကြည့်ရှုလေ့လာကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် ကွမ်ကျိုးမြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာလာရာ ညနေ ၄ နာရီခွဲတွင် ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**





## မိုဘိုင်းဖုန်းဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးမည့် 7887 Healthcare Call Center မိတ်ဆက်

**နေပြည်တော် နိုဝင်ဘာ ၃**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် Trust Oo M-health Enterprise တို့ ပူးပေါင်းဆောင်ရွက်သော မိုဘိုင်းလ်ဖုန်းများမှတစ်ဆင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းလုပ်ငန်းစဉ်ဖြစ်သည့် 7887 Healthcare Call Center မိတ်ဆက်အခမ်းအနားကို ယနေ့ နံနက် ၉နာရီတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ် (Grand Ballroom)၌ ကျင်းပသည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်နုနုသာက အဖွင့်အမှာစကားပြောကြားပြီး Implementing M-health in Myanmar နှင့်စပ်လျဉ်း၍ 7887 Healthcare Call Center ၏ Founder ဒေါက်တာ စွမ်းဆောင်ဦးက ရှင်းလင်းတင်ပြသည်။

ထို့နောက် 7887 Healthcare Call Center နှင့် မိတ်ဆက်ပြီး Call Center ၏ ၂၄/၇ ဝန်ဆောင်မှုများကို ဒေါက်တာသဇင်ကိုကိုက ရှင်းလင်းတင်ပြသည်။

မိုဘိုင်းလ်ဖုန်းများမှတစ်ဆင့် ဝေးလံ၍ သွားလာရန်ခက်ခဲသော ကျေးလက်တောရွာဒေသများအပါအဝင် မြန်မာနိုင်ငံတစ်ဝန်းရှိ ပြည်သူများက ကျန်းမာရေးဆိုင်ရာအသိပညာနှင့် ဗဟုသုတများကို အလွယ်တကူရရှိနိုင်စေရန် ရည်ရွယ်ခြင်းဖြစ်ပြီး Healthcare Call Center တွင် ဆရာဝန်များအား ဖုန်းဖြေကြားသူများအဖြစ် ခန့်ထားကာ စနစ်တကျ လေ့ကျင့်ပေးလျက်ရှိကြောင်းသိရသည်။

ဆရာဝန်များကိုယ်တိုင် ဝန်ဆောင်မှုပေးရာတွင် ဖုန်းခေါ်ဆိုသူခံစားနေရသော ဝေဒနာများအပေါ်အခြေခံ၍ အသေးစိတ်မေးခွန်းများမေး၍ အကြံဉာဏ်ပေးခြင်း၊ တိုက်ရိုက်ကုသမှုခံယူရန်သင့်လျော်သည့် နီးစပ်ရာဆေးရုံ၊ ဆေးခန်း၊ ကျန်းမာရေးဌာနများနှင့် ကျန်းမာရေးဝန်ထမ်းများထံ ညွှန်းပို့ပေးခြင်း၊ အိမ်တွင်းကုထုံးများနှင့် ရှေးဦးပြုစုနည်းများကို သင်ကြားပေးခြင်း၊ ကျန်းမာရေးနှင့်စပ်လျဉ်း၍ သိလိုသော အထွေထွေမေးခွန်းများအား ဖြေကြားပေးခြင်း၊နှစ်သိမ့်ဆွေးနွေးပညာပေးခြင်း တို့ကို ၂၄နာရီ ဆောင်ရွက်ပေးလျက်ရှိသည်။

ဝန်ဆောင်ခအနေဖြင့် (ပုံမှန်ဖုန်းခေါ်ဆိုခ+တစ်မိနစ်လျှင် ၁၀၀ကျပ်) + အခွန် ၅ရာခိုင်နှုန်းကျသင့်မည်ဖြစ်ပြီး လက်ရှိကာလတွင် MPT ၏ Prepaid/Postpaid GSM/ WCDMA မိုဘိုင်းလ်ဖုန်းများဖြင့်သာ ခေါ်ဆိုနိုင်ပြီး မကြာမီကာလအတွင်း CDMA အပါအဝင် MPT မိုဘိုင်းလ်ဖုန်းအားလုံး ခေါ်ဆိုနိုင်တော့မည်ဖြစ်ကာ နောက်ပိုင်းတွင် ကျန်ရှိသည့် Mobile Operator များ၏ သုံးစွဲသူများပါ အဆိုပါကျန်းမာရေးဝန်ဆောင်မှုများကို နိုင်ငံတစ်ဝန်းလုံး တစ်ပြေးညီ အသုံးပြုနိုင်မည်ဖြစ်ကြောင်းသိရသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာဖေမြင့်၊ နိုင်သက်လွင်၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုး၊ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

## သိပ္ပံပညာရှင်များ သုတေသနပြုထားသော ဝိပဿနာနှင့် ကျန်းမာရေးဆောင်းပါးများ ထွက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၃**



ဒေါက်တာနီလာသိန်း (လင်းရောင်သစ်)၏ သိပ္ပံပညာရှင်များ သုတေသနပြုထားသော ဝိပဿနာနှင့် ကျန်းမာရေးဆောင်းပါးများ စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။

ယင်းစာအုပ်တွင် သိပ္ပံပညာရှင်များ၏ သုတေသနပြုချက်များအပိုင်း၌ အနာဂတ်တွင် တွင်ကျယ်လာမည့် ဆေးကုသခြင်း၊ တရားထိုင်ခြင်းသည် ရောဂါကုထုံးတစ်ခုဖြစ်သည်၊ တရားထိုင်ခြင်းနှင့် ဟော်မုန်းများအကြောင်း၊ သတိအခြေခံသော တရားထိုင်နည်းများ၊ ဦးနှောက်ဖွဲ့စည်းပုံနှင့် တရားထိုင်ခြင်း၊ တရားထိုင်နေစဉ် ဦးနှောက်၏ပြောင်းလဲပုံ စသည်တို့ပါရှိပြီး တရားထိုင်ခြင်းနှင့် ရောဂါများ သက်သာပျောက်ကင်းပုံအပိုင်းတွင် တရားထိုင်ခြင်းနှင့် အိပ်မပျော်သည့်ဝေဒနာ၊ ကိုယ်ခံစွမ်းအားစနစ်၊ ခေါင်းတစ်ခြမ်းကိုက်ရောဂါ၊ ဝက်ရူးပြန်အတက်ရောဂါ၊ နှလုံးရောဂါ၊ ပန်းနာရင်ကျပ်ရောဂါ၊ စိတ်ရောဂါ၊ ကင်ဆာ၊ ဇရာ၊ သေခြင်းတရား စသည်တို့ ပါရှိသည်။

စာရေးသူက "ဤစာအုပ်သည် ဝိပဿနာ အားထုတ်ခြင်းဖြင့် ရရှိမည့် ကျန်းမာရေးအကျိုးကျေးဇူးများကို ခန္ဓာဗေဒ၊ ဇီဝကမ္မဗေဒ ဆေးပညာ ရှုထောင့်မှနေ၍ ဖော်ပြထားခြင်းဖြစ်သည်။

လူမျိုးမရွေး၊ ဘာသာမရွေး မိမိတို့ကိုးကွယ်ရာဘာသာကို စွန့်စရာမလိုဘဲ လေ့လာဖတ်ရှုနိုင်သော၊ လက်ခံကျင့်သုံးနိုင်သော၊ လူတိုင်း၏ ရုပ်ကျန်းမာရေးနှင့် စိတ်ကျန်းမာရေးကို တစ်ဖက်တစ်လမ်းမှ အားပေးနေသော ကုထုံးများအကြောင်းသာ ဖြစ်ပါသည်"ဟု ဖော်ပြထားသည်။

စာအုပ်ကို ဆုပြည့်စုံထွန်းစာပေက တန်ဖိုးငွေကျပ် ၅၀၀၀ ဖြင့် ထုတ်ဝေဖြန့်ချိလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

## မကြာခဏ မိုးရွာသွန်းနေသဖြင့် စပါးများရိတ်သိမ်းရန်ခက်ခဲပြီး မတ်ပဲများ စိုက်ပျိုးရန်နောက်ကျနိုင်

**ဖြူး နိုဝင်ဘာ ၃**

ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်း တောင်ငူခရိုင် ရှစ်မြို့နယ်အတွင်း ဖြူးမြို့နယ်သည် မိုးစပါးနှင့် ဆောင်းရာသီစိုက် မတ်ပဲများ အများဆုံး စိုက်ပျိုး ထုတ်လုပ်လျက်ရှိသော မြို့နယ်တစ်ခုဖြစ်သည်နှင့်အညီ ယခုနှစ် မိုးစပါးများကို ကျေးရွာအုပ်စု ၅၉ အုပ်စုနှင့် မြို့ပေါ်ရပ်ကွက်အချို့မှ လယ်သမားများက သတ်မှတ်ထားသော စီမံကိန်းလျာထားချက်အတိုင်း စိုက်ဧက ၁၅၁၄၅၄ ဧက စိုက်ပျိုးခဲ့ကြသည်။ မိုးစပါးစိုက်ခင်းများမှာ အောက်တိုဘာ နောက်ဆုံးပတ်မှ စတင်၍ ရင့်မှည့်နေကြပြီဖြစ်၍ ရိတ်သိမ်းရန် ပြင်ဆင်နေကြသော်လည်း ယခုရက်ပိုင်းတွင် မိုးက တစ်ပတ်နှစ်ကြိမ်ခန့် ရွာသွန်းလျက်ရှိနေသဖြင့် စပါးရိတ်သိမ်းရန် အခက်အခဲရှိနေကြပြီး အခါမဲ့မိုးရွာသွန်းမှုကြောင့် စပါးအထွက်နှုန်းလျော့မည်ကို တောင်သူများ စိုးရိမ်နေကြသည်။

ထို့ပြင် နိုင်ငံခြားဈေးကွက်ဝင်ဆောင်းရာသီစိုက် မတ်ပဲများကို နှစ်စဉ် ဧကတစ်သိန်းကျော်စိုက်ပျိုးခဲ့ကြပြီး ယခုနှစ် မတ်ပဲစိုက်ရာသီတွင်လည်း မတ်ပဲစိုက် ဧက ၁၀၄၅၁၀ စိုက်ပျိုးမည်ဖြစ်သည်။ မိုးရွာသွန်းမှုကြောင့် စပါးရိတ်သိမ်းမှု နောက်ကျသဖြင့် စပါးရိတ်သိမ်းပြီးမှ မတ်ပဲများ စိုက်ပျိုးကြရမည်ဖြစ်ရာ စိုက်ပျိုးမှု နောက်ကျ၍ ပဲအထွက်နှုန်းလျော့မည်ကို စိုးရိမ်လျက်ရှိနေကြကြောင်း ဒေသခံလယ်သမားများထံမှ သိရသည်။ **(ဖြူးမြင့်ဦး)**

## လာဘ်ပေးလာဘ်ယူကိစ္စများ တိုင်ကြားနိုင်

**နေပြည်တော် နိုဝင်ဘာ ၃**

ပြည်ထောင်စုရှေ့နေချုပ်ရုံးသည် ဥပဒေရုံးအဆင့်ဆင့်ရှိ ဥပဒေအရာရှိများနှင့် ရုံးဝန်ထမ်းများကို မိမိတို့၏ လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် ဥပဒေနှင့်အညီ ဆောင်ရွက်ရန်နှင့် လာဘ်ပေးလာဘ်ယူကင်းရှင်းစေရန် တိုက်တွန်းကြပ်မတ်လျက်ရှိသည်။

ဥပဒေအရာရှိများနှင့် ရုံးဝန်ထမ်းများ လာဘ်ငွေတောင်းခံခြင်း၊ လာဘ်ငွေလက်ခံရယူခြင်းများရှိပါက အထောက်အထားခိုင်လုံစွာဖြင့် မိမိ၏အမည်၊ လိပ်စာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ဆက်သွယ်ရန် ဖုန်းနံပါတ်များ ပြည့်စုံမှန်ကန်စွာဖော်ပြပြီး ပြည်ထောင်စုရှေ့နေချုပ်ထံဖြစ်စေ၊ ဒုတိယရှေ့နေချုပ်ထံဖြစ်စေ၊ အမြဲတမ်းအတွင်းဝန်ထံဖြစ်စေ လိပ်မူ၍ ရုံးအမှတ် (၂၅) ပြည်ထောင်စုရှေ့နေချုပ်ရုံး နေပြည်တော်သို့ တိုင်တန်းနိုင်ကြောင်းနှင့် တိုင်တန်းမှုအား စုံစမ်းစစ်ဆေးပြီး လိုအပ်သလို အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ထုတ်ပြန်ထားကြောင်း သိရသည်။ **(သတင်းစဉ်)**

# အကြမ်းဖက်တိုက်ခိုက်မှုတွေကို ကိုင်တွယ်ဖြေရှင်းရာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ၊ တည်ဆဲဥပဒေများနှင့်အညီ အမျိုးသားလုံခြုံရေးနှင့် ပြည်သူ့အသက်အိုးအိမ်စည်းစိမ်ကို အစွမ်းကုန်ကာကွယ်စောင့်ရှောက်သွားမှာဖြစ်

**မောင်တော နိုဝင်ဘာ ၃**

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ဒုတိယဝန်ကြီး ဦးကျော်တင်၊ ကုလသမဂ္ဂဌာနေ ညှိနှိုင်းရေးမှူး Ms. Renata Dessallin နှင့် မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးများသည် နိုဝင်ဘာ ၂ ရက် နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် မောင်တောမြို့နယ် အမှတ်(၁) နယ်ခြားစောင့်ရဲတပ်ဖွဲ့ ကွပ်ကဲမှုဌာနချုပ် (ကျီးကန်းပြင်)သို့ ရောက်ရှိခဲ့ကြသည်။

**ပြန်လည်သိမ်းဆည်းရမိ**

ထိုသို့ရောက်ရှိစဉ် ရဲမှူးချုပ် သူရစန်းလွင်က အောက်တိုဘာ ၉ ရက် နံနက်ပိုင်းက မောင်တောခရိုင်အတွင်းရှိ ကျီးကန်းပြင်ဌာနချုပ်၊ ကိုးတန်ကောက် ရဲကင်းစခန်းနှင့် ငါးခူရနယ်မြေရုံးတို့သို့ အကြမ်းဖက်သမားများက အလစ်အငိုက်ရယူ၍ အကြမ်းဖက် စီးနင်းတိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ၎င်းက ဆက်လက်၍ "အဲဒီလို ဖြစ်စဉ်များဖြစ်ပွားပြီးနောက်မှာ တပ်မတော်စစ်ကြောင်းများနဲ့ နယ်ခြားစောင့်ရဲတပ်ဖွဲ့များ ပူးပေါင်းကာ အကြမ်းဖက် စီးနင်းတိုက်ခိုက်သူများ ဆုတ်ခွာရာနောက်သို့ လိုက်လံရှင်းလင်းတာ၊ ပိတ်ဆို့တာတွေ ဆောင်ရွက်ခဲ့ရာမှာ အောက်တိုဘာ ၉ ရက် နံနက်ပိုင်းမှာ ကျီးကန်းပြင်ဌာနချုပ်မှ ဆုံးရှုံးခဲ့တဲ့ လက်နက်များအနက် ၁၃ လက်ကို ပြန်လည်သိမ်းဆည်းရမိခဲ့ပါတယ်။

"တိုက်ခိုက်မှုဖြစ်ပွားပြီး နောက်တစ်ရက် အောက်တိုဘာ ၁၀ ရက်ကစပြီး တာဝန်ရှိသူတွေအနေနဲ့ နယ်မြေဒေသလုံခြုံရေး၊ အုပ်ချုပ်ရေး၊ တရားဥပဒေစိုးမိုးရေး လုပ်ငန်းစဉ်တွေကို ဆောင်ရွက်ခဲ့ပါတယ်။

**ရွှေ့ပြောင်းပို့ဆောင်**

"ပထမအဆင့်အနေနဲ့ အကြမ်းဖက်တိုက်ခိုက်မှုကို အခြေပြုပြီး ဘာသာရေး၊ လူမှုရေးဆိုင်ရာ ပဋိပက္ခများ အသွင် ဖန်တီးကူးပြောင်းမသွားစေဖို့ တာဝန်ရှိသူတွေနဲ့ ပေါင်းစပ်ညှိနှိုင်းစီမံဆောင်ရွက်ခဲ့ပါတယ်။ တစ်ချိန်တည်းမှာပဲ ဒေသတွင်း လုံခြုံရေးတိုးမြှင့်ဆောင်ရွက်နိုင်ဖို့ တပ်မတော်မှ တပ်အင်အားများ တိုးမြှင့်ချထားတာတွေ၊ ရဲတပ်ဖွဲ့ဝင်အင်အားများ တိုးမြှင့်ချထားတာတွေကို တပ်မတော်မှ ရဟတ်ယာဉ်များနဲ့ လျင်မြန်စွာ ရွှေ့ပြောင်းပို့ဆောင်ခဲ့ပါတယ်။

ဒုတိယအဆင့်အနေနဲ့ ဒေသတွင်းရှိ မြို့ရွာများကို အကြမ်းဖက်သမားများ အင်အားသုံး တိုက်ခိုက်မှုများ မပြုလုပ်နိုင်စေဖို့ အဓိကကျတဲ့ မြို့ရွာတွေရဲ့လုံခြုံရေးနဲ့ နယ်မြေအတွင်းရှိ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဌာနချုပ်နဲ့ လုံခြုံရေးကို အင်အားတိုးမြှင့်ချထားခဲ့ပါတယ်။

တတိယအဆင့်မှာ ဒေသတွင်းရှိ ရေလမ်းကြောင်းအပါအဝင် အဓိကဆက်သွယ်ရေးလမ်းကြောင်းတွေ ဆက်သွယ်မှု မပြတ်တောက်စေဖို့ လုံခြုံရေးတိုးမြှင့်ခဲ့ပါတယ်။ မြို့ရွာဆက်သွယ်ရေးလမ်းကြောင်းတွေရဲ့ လုံခြုံရေးဆောင်ရွက်ထားသော်လည်း စိုးရိမ်ပူပန်မှုကြောင့် သွားလာမှု နည်းပါးတဲ့အတွက် ဌာနဆိုင်ရာအစီအစဉ်နဲ့ ပို့ဆောင်ပေးမှုတွေ ဆောင်ရွက်နေပါတယ်။

**ပြန်လည်နေထိုင်ရေး ဆောင်ရွက်လျက်ရှိ**

စတုတ္ထအဆင့်မှာ ဒေသတွင်း ရပ်ရွာတွေရဲ့ တည်ငြိမ်အေးချမ်းရေးအတွက် အုပ်ချုပ်ရေးအဖွဲ့အစည်းများမှ တစ်ဆင့် ရပ်ကွက်၊ ကျေးရွာများမှ တာဝန်ရှိသူများကို နည်းလမ်းစုံနဲ့ ဆက်သွယ်ပြီး ဒေသခံများ မိမိတို့သက်ဆိုင်သည့် ရပ်ကွက်၊ ကျေးရွာများမှာ ဆက်လက်နေထိုင်ရေး၊ စိုးရိမ်ပူပန်မှုကြောင့် နေအိမ်စွန့်ခွာ တိမ်းရှောင်သူများ အနေနဲ့လည်း မိမိတို့နေအိမ်များကို အေးချမ်းစွာ ပြန်လည်နေထိုင်ရေး တိုက်တွန်းဆောင်ရွက်လျက်ရှိပါတယ်။

တစ်ချိန်တည်းမှာ ဒေသအတွင်း အမြန်ဆုံးတည်ငြိမ်အေးချမ်းမှုကို အထောက်အကူဖြစ်စေဖို့ ပြည်နယ်အစိုးရရဲ့ လမ်းညွှန်ချက်နဲ့ မြို့နယ်အလိုက် ပုဒ်မ ၁၄၄ ကို သက်တမ်းတိုးတာ၊ အချိန်ကန့်သတ်ချက်ပြင်ဆင်တာတွေ ထုတ်ပြန်ပြီး လုံခြုံရေးနဲ့ တရားဥပဒေစိုးမိုးရေးအတွက် အလေးထား ဆောင်ရွက်လျက်ရှိပါတယ်။

ပဉ္စမအဆင့်မှာ ဒေသတွင်းပြည်သူတွေရဲ့ စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စတဲ့အခြေအနေတွေ ပုံမှန်ဖြစ်လာစေဖို့ အရေးကြီးတဲ့အချက်ဖြစ်တဲ့ ဌာနဆိုင်ရာ အသီးသီးရဲ့ မူလလုပ်ငန်းတာဝန်တွေ ရပ်တန့်မသွားစေဘဲ အုပ်ချုပ်ရေးယန္တရား ပုံမှန်လည်ပတ်စေဖို့ အလေးထား ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ အုပ်ချုပ်ရေး ယန္တရားအတွက် ဌာနအသီးသီးမှ ဝန်ထမ်းများအနေနဲ့ မိမိတို့တာဝန်ကျရာ နယ်မြေအလိုက် ပုံမှန်အတိုင်း စနစ်တကျ နေထိုင်တာဝန်ထမ်းဆောင်နိုင်ဖို့ ပြည်နယ်အစိုးရ တာဝန်ရှိသူတွေနဲ့ ပေါင်းစပ်ညှိနှိုင်းပြီး ဆောင်ရွက်ထားပါတယ်။



မောင်တောမြို့နယ် အမှတ်(၁) နယ်ခြားစောင့်ရဲတပ်ဖွဲ့ ကွပ်ကဲမှုဌာနချုပ် (ကျီးကန်းပြင်)တွင် အကြမ်းဖက်စီးနင်းတိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်များအား တာဝန်ရှိသူများက ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ဖြစ်စဉ်ဖြစ်ပွားမှုကြောင့် ဝေးလံတဲ့ကျေးရွာတွေမှာ စားဝတ်နေရေးခက်ခဲနေတာ ကြားသိရတဲ့အတွက် တပ်မတော်၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနဲ့ ပြည်နယ်အစိုးရမှထောက်ပံ့တဲ့ ဆန်နဲ့စားသောက်ကုန်တွေကို သက်ဆိုင်ရာကျေးရွာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များနဲ့ ပို့ဆောင်ပေးလျက်ရှိပါတယ်။

ဖြစ်ပွားခဲ့တဲ့ဖြစ်စဉ်များနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများပြုလုပ်ပြီး လိုအပ်ချက်တွေကို ပြင်ဆင်ဖြည့်စွက်လျက်ရှိပါတယ်။ နယ်မြေရှင်းလင်းမှုစစ်ဆင်ရေး ဆောင်ရွက်ချိန်မှာ ကျေးရွာများအတွင်း ဝင်ရောက်ရှင်းလင်းမှုတွေမှာ ရဲတပ်ဖွဲ့ဝင်တွေက ရှေ့ကဝင်ရောက်ရှင်းလင်းပြီး တပ်မတော်က နောက်ပိုင်းလုံခြုံရေးကို ဆောင်ရွက်ပါတယ်။

**နှိပ်စက်ညှဉ်းပန်းမှုမပြုဘဲ**

ရွာသားတွေ၊ လူအုပ်စုတွေ ထိန်းသိမ်းကာကွယ်နိုင်ဖို့ ရဲတပ်ဖွဲ့ဝင်တွေကို Non -lethal weapons တပ်ဆင်ထားရှိပါတယ်။ ရွာအပြင်ဘက် တောတောင်တွေမှာ နယ်မြေရှင်းလင်းမှုတွေမှာ တပ်မတော်က ရှေ့မှဦးဆောင်ရှင်းလင်းပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ဖမ်းဆီးထိန်းသိမ်းထားသူတွေကို ဥပဒေနဲ့အညီ အမှုဖွင့်လှစ်ထားပြီး စစ်ဆေးမှုတွေမှာလည်း နှိပ်စက်ညှဉ်းပန်းမှုမပြုဘဲ အိပ်ချိန်၊ စားချိန်တွေ စနစ်တကျ စီစဉ်ထားပါတယ်။ စစ်ဆေးမှုအားလုံးကို ဗီဒီယိုမှတ်တမ်းထားရှိပါတယ်။ သေဆုံးသွားတဲ့ အကြမ်းဖက်တိုက်ခိုက်သူတွေကိုလည်း သက်ဆိုင်ရာရပ်ရွာလူကြီးတွေနဲ့အတူ ဘာသာရေးထုံးစံတွေနဲ့အညီ သင်္ဂြိုဟ်ပေးခဲ့ပါတယ်။ လူ့အသိုက်အဝန်း (Community) အချင်းချင်း ထိပ်တိုက်မဖြစ်စေဖို့ လုံခြုံမှုနဲ့ ယုံကြည်မှုရရှိစေဖို့ ကြိုးစားဆောင်ရွက်နေပါတယ်။ အင်အားသုံးရာမှာလည်း ပြည်သူလူထုရဲ့ အသက်အိုးအိမ်စည်းစိမ်ကာကွယ်ဖို့ အမြင့်ဆုံး မူဝါဒထားရှိပြီး ဆောင်ရွက်နေပါတယ်။ အင်အားသုံးတဲ့အခါမှာ အချိုးအစားမျှတဖို့၊ ဥပဒေနှင့်အညီဖြစ်စေဖို့၊ တာဝန်ခံနိုင်ဖို့ လိုအပ်သလောက်သာအသုံးပြုတဲ့ အချက်များနဲ့အညီ ဆောင်ရွက်နေပါတယ်။

**အရှိန်အဟုန်မြှင့်ဆောင်ရွက်နေ**

ဖြစ်စဉ်မှာ ပါဝင်ပတ်သက်တဲ့ ပြစ်မှုကျူးလွန်သူတွေကို ဖမ်းဆီးရမိအရေးယူနိုင်ဖို့၊ နယ်မြေအလိုက် တည်ငြိမ်အေးချမ်းဖို့၊ လုံခြုံရေး၊ ဆုံးရှုံးသွားတဲ့ လက်နက်ခဲယမ်းတွေ ပြန်လည်ရရှိဖို့ တပ်အင်အားတွေဖြည့်တင်းပြီး တပ်မတော်စစ်ကြောင်းတွေနဲ့ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်တွေ ပူးပေါင်းပြီး နယ်မြေပိတ်ဆို့ရှင်းလင်းရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးကိစ္စတွေကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နေပါတယ်။

အောက်တိုဘာ ၁၉ ရက်အထိ ထိတွေ့မှု ၁၂ ကြိမ်၊ မိမိဘက်မှ တပ်မတော်သားငါးဦးနဲ့ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်ကိုးဦးကျဆုံးပြီး နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်ခြောက်ဦးနဲ့ အရပ်သားသုံးဦး ဒဏ်ရာရရှိခဲ့ပါတယ်။ တပ်မတော်မှ လက်နက်ငယ်နှစ်လက်၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ လက်နက်ငယ် ၆၄ လက်၊ ခဲယမ်း ၁၀၁၄၀၊ ကျည်အိမ် ၁၇၃ ခု၊ လှံစွပ် ၄၇ ချောင်း ဆုံးရှုံးခဲ့ပါတယ်။ အကြမ်းဖက်တိုက်ခိုက်မှုတွေမှာ ပါဝင်တဲ့ မသင်္ကာသူ ၈၉ ဦးကို ဖမ်းဆီးစစ်ဆေးနေပြီး ၃၃ ဦး အသေရရှိခဲ့ကာ လက်နက်ငယ်မျိုးစုံ ၁၀ လက် သိမ်းဆည်းရမိထားပါတယ်။

ဖမ်းဆီးရမိသူတွေကို စစ်ဆေးဖော်ထုတ်ချက်အရ အကြမ်းဖက်တိုက်ခိုက်မှုတွေကို မြန်မာနိုင်ငံနဲ့ ဘင်္ဂလားဒေ့ရှ်နယ်စပ်မှာ ခိုအောင်းလှုပ်ရှားနေတဲ့ RSO အဖွဲ့နဲ့ ဆက်နွယ်တဲ့ ဘာသာရေးအစွန်းရောက် ဟာဗစ် တူဟာရ်ဦးဆောင်သည့် အကာလ်မူလ် မူဂျာဟီဒင်န်အဖွဲ့က ပြုလုပ်ခဲ့တာဖြစ်ကြောင်းနဲ့ ပြည်တွင်း၊ ပြည်ပ ဆက်စပ်လုပ်ဆောင်ခဲ့မှုအခြေအနေတွေကို အောက်တိုဘာ ၁၄ ရက်မှာ နိုင်ငံတော်သမ္မတရုံးက ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါတယ်။

**ဝါဒဖြန့်ပြောကြားချက် ဗီဒီယိုဖိုင်**

ဟာဗစ် တူဟာရ်ဟာ မောင်တောဒေသအတွင်း ဂျီဟတ်ပြုလုပ်ရန် သူတို့ထံလာရောက်ရေးဖိတ်ခေါ်မှုတွေ၊ အသေခံတိုက်ခိုက်ဖို့ တိုက်တွန်းမှုတွေ၊ အခွင့်အရေးတောင်းဆိုမှုတွေပါဝင်တဲ့ ဝါဒဖြန့်ပြောကြားချက် ဗီဒီယိုဖိုင် လေးခုကို အောက်တိုဘာ ၁၂ ရက်မှ ၁၅ ရက်အတွင်း လူမှုကွန်ရက်တွေမှာ လွှင့်တင်ခဲ့တာတွေ့ရှိရပါတယ်။

ယခုနှစ် ဩဂုတ် ၂၄ ရက်ကဖွဲ့စည်းခဲ့တဲ့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း မစ္စတာ ကိုဖီအာနန်ဦးဆောင်တဲ့ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ဟာ မြန်မာနိုင်ငံကို ယခုတိုက်ခိုက်မှုဖြစ်စဉ်မတိုင်မီ စက်တင်ဘာ ၃ ရက်မှ ၈ ရက်ထိ လာရောက်ခဲ့ပြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ နှစ်ဖက်လူမှုအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့်တွေ့ဆုံပြီး တွေ့ရှိချက်တွေကို အစီရင်ခံစာတင်ပြနိုင်ဖို့ ဆောင်ရွက်နေပါတယ်။

တိုက်ခိုက်မှုဖြစ်ပွားပြီးတဲ့နောက် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနဲ့ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီကလည်း အစည်းအဝေးနှစ်ကြိမ် ကျင်းပခဲ့ပြီး ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေးနဲ့ စီမံခန့်ခွဲမှုလုပ်ငန်းများ ချမှတ်ဆောင်ရွက်ခဲ့ပါတယ်။

**လေ့လာစုံစမ်းမှုတွေပြုလုပ်နေ**

ဒ့ါအပြင် ကော်မတီဝင်များ၊ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများဟာ ရခိုင်ပြည်နယ်ကို ကွင်းဆင်းရောက်ရှိပြီး ဒေသဆိုင်ရာအာဏာပိုင်တွေ၊ တပ်မတော်နဲ့ ရဲတပ်ဖွဲ့တွေ ပေါင်းစပ်ကာ လုပ်ဆောင်သင့်တာတွေကို ဆောင်ရွက်နေကြပါတယ်။ ဒ့ါအပြင် ရခိုင်ပြည်နယ်လွှတ်တော်ကလည်း စုံစမ်းရေးအဖွဲ့ကို ဖွဲ့စည်းထားပြီး တိုက်ခိုက်မှုနဲ့ ပတ်သက်တာတွေကို အခြေခံကျကျ လေ့လာစုံစမ်းမှုတွေ ပြုလုပ်နေပါတယ်။

မြန်မာနိုင်ငံအနေနဲ့ မည်သို့သော အကြမ်းဖက်မှုမျိုးကိုမဆို လက်ခံမှာမဟုတ်ဘဲ အကြမ်းဖက်တိုက်ခိုက်မှုများနဲ့ အားပေးကူညီထောက်ပံ့သူတွေကို ပြင်းပြင်းထန်ထန် ထိထိရောက်ရောက် တုံ့ပြန်သွားမှာဖြစ်ပါတယ်။ အကြမ်းဖက်တိုက်ခိုက်မှုတွေကို ကိုင်တွယ်ဖြေရှင်းရာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေ၊ တည်ဆဲဥပဒေများနှင့်အညီ အမျိုးသားလုံခြုံရေးနှင့် ပြည်သူ့အသက်အိုးအိမ်စည်းစိမ်ကို အစွမ်းကုန်ကာကွယ်စောင့်ရှောက်သွားမှာဖြစ်ပါတယ်လို့ ရှင်းလင်းတင်ပြအပ်ပါတယ်"ဟု ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂ ဌာနေညှိနှိုင်းရေးမှူးနှင့် သံတမန်များ၏ မေးမြန်းချက်များအား တာဝန်ရှိသူများက အောက်ပါအတိုင်း ရှင်းလင်းဖြေကြားခဲ့ကြသည်-

ဖမ်းဆီးရမိထားသည့် အကြမ်းဖက်ဖြစ်စဉ်တွင် ပါဝင်ပတ်သက်ခဲ့သော မသင်္ကာသူတစ်ဦး စစ်ဆေးစဉ် သေဆုံးခဲ့မှုနှင့်ပတ်သက်၍ မေးခွန်းကို ဖြေကြားရာတွင် မိမိတို့ဥပဒေနှင့်အညီ မေးမြန်းစုံစမ်းခဲ့ကြောင်း၊ ၎င်းသေဆုံးသွားသည်ဆိုသည်မှာ ပင်ကိုရောဂါကြောင့် သေဆုံးသွားခြင်းဖြစ်ကြောင်း၊ မသေဆုံးမီ ဆေးရုံပို့ပေးခဲ့ကြောင်း၊ သေဆုံးသွားပြီးနောက် ၎င်းတို့၏ ဘာသာရေးဓလေ့ထုံးစံနှင့်အညီ သင်္ဂြိုဟ်ခွင့်ပေးခဲ့ကြောင်း၊ ထိန်းသိမ်းထားစဉ်အတွင်း သေဆုံးခဲ့ပါက လုပ်ထုံးလုပ်နည်းအရ စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်ကြောင်း၊ သေဆုံးသည်ဟု ကြေးနန်းရသည်နှင့် ညွှန်ကြားချက်ကို ချက်ချင်းတောင်းခံပြီး စုံစမ်းစစ်ဆေးဖို့ ခုံရုံးဖွဲ့ကြောင်း၊ သက်သေအားလုံး၏ ထွက်ဆိုချက်များကို ယူကြောင်း၊ အဓိကကျသည့် ဆရာဝန်၏ သေမှုသေခင်း ထွက်ဆိုချက်ကို ရယူပါကြောင်း၊ ပြင်ပဒဏ်ရာ ရှိ/မရှိ၊ ပြင်ပဒဏ်ရာကြောင့် သေဆုံးခြင်း ရှိ/မရှိက ဆရာဝန်ထွက်ဆိုချက်သည် အဓိကကျပါကြောင်း၊ စုံစမ်းစစ်ဆေးရေးအဖွဲ့မှ စုံစမ်းစစ်ဆေးပြီး ဆက်လက်တင်ပြပါကြောင်း ဖြေကြားသည်။

**မူဂျာဟီဒင်န်အဖွဲ့**

အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုဖြစ်စဉ်တွင် အစွန်းရောက်အသေခံ ဗုံးခွဲတိုက်ခိုက်မှုများ ပါဝင်ခြင်း ရှိ/မရှိ မေးခွန်းကို ဖြေကြားရာတွင် ယခုဖြစ်စဉ်တွင်တော့ အသေခံဗုံးခွဲတိုက်ခိုက်မှုများမပါဝင်ပါကြောင်း၊ ယခုဖြစ်စဉ်ကို ဦးဆောင်သူမှာ ပါကစ္စတန်နိုင်ငံတွင် လေ့ကျင့်ထားသည့် အကြမ်းဖက်သမားဖြစ်ကြောင်း စုံစမ်းသိရှိရသည်ဟု နိုင်ငံတော်သမ္မတရုံးက သတင်းထုတ်ပြန်ပြီးဖြစ်ပါကြောင်း၊ ထိုသူတွေက မောင်တောဒေသရှိ ဒေသခံအချို့ကို လေ့ကျင့်ပေးခဲ့သည်ဟု ဖော်ထုတ်စုံစမ်းသိရှိရပါကြောင်း၊ ယင်းမူဂျာဟီဒင်န်အဖွဲ့သည် ပါကစ္စတန်နိုင်ငံမှ အကြမ်းဖက်အဖွဲ့နှင့် ဆက်နွယ်မှုရှိသည်ဟု အိန္ဒိယနိုင်ငံမှ သတင်းစာအချို့က အထောက်အထားနှင့်တကွ ရေးသားဖော်ပြခဲ့ပါကြောင်း၊ မောင်တောမြို့နယ်အတွင်းရှိ နယ်ခြားစောင့် တပ်စခန်းများကို တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်အုပ်စုများသည် ပါကစ္စတန်နိုင်ငံ အခြေစိုက်အကြမ်းဖက်အုပ်စုများသာမက ဂျမူး-ကက်ရှ်မီးယားမှ အကြမ်းဖက်အုပ်စုများနှင့် ဆက်စပ်မှုရှိသည်ဟု အိန္ဒိယနိုင်ငံထုတ် The Economic Times သတင်းစာက အထောက်အထားနှင့်တကွ ရေးသားဖော်ပြခဲ့သည်ကို လေ့လာမိပါကြောင်း၊ ထို့ကြောင့် အကြမ်းဖက်မှုကို ဦးဆောင်သူက ပြည်ပမှာ လေ့ကျင့်ထားပြီး ဒေသခံများကို ဦးဆောင်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ဖြေကြားသည်။

**တိမ်းရှောင်ပုန်းအောင်းနေဆဲ**

အစ္စလာမ်ဘာသာဝင်များကို ဖိနှိပ်တိုက်ခိုက်နေသည်ဟု သတင်းများထွက်ပေါ်နေကြောင်း မေးမြန်းမှုနှင့်ပတ်သက်၍ မိမိတို့သည် အစ္စလာမ်ဘာသာဝင်ဆိုပြီး တိုက်ခိုက်ခြင်းမဟုတ်ကြောင်း၊ အကြမ်းဖက်တိုက်ခိုက်လာမှုကြောင့် လုံခြုံရေးအရ ပြန်လည်ခုခံသည့်သဘောဖြင့် ကာကွယ်ခြင်းဖြစ်ပါကြောင်း၊ နယ်စပ်လုံခြုံရေး ဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များကို တိုက်ခိုက်လာသဖြင့် အကြမ်းဖက်တိုက်ခိုက်သူများကိုသာ ပြန်လည်တိုက်ခိုက်ခြင်းဖြစ်ပါကြောင်း၊ ဒါကလည်း အပြည်ပြည်ဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ လောလောဆယ်မှာတော့ ဝါးပိတ်ရွာနှင့် ကျီးကန်းပြင်ရွာတို့သည် အကြမ်းဖက်တိုက်ခိုက်ခဲ့မှုမှာ ပါဝင်ပတ်သက်ခဲ့သည့် ရွာများဖြစ်၍ အကြမ်းဖက်သူများ ရွာကိုပြန်မလာကြသေးပါကြောင်း၊ ပြောင်ပိုက်ကျေးရွာနှင့် ကြက်ရိုးပြင်ရွာသားများလည်း အကြမ်းဖက်တိုက်ခိုက်မှုမှာ ပါဝင်ခဲ့သဖြင့် အခုအချိန်တွင် ရည်ရွယ်ချက်ရှိရှိ တိမ်းရှောင်ပုန်းအောင်းနေဆဲ ဖြစ်ပါကြောင်း၊ ထို့ကြောင့် အဲဒီရွာများမှ လူများသည် ဝင်ရောက်နေထိုင်ခြင်း မရှိသေးခြင်းဖြစ်ပါကြောင်း၊ အေးချမ်းမှုနှင့် တည်ငြိမ်ရေး တိုးတက်လာသည့် ရွာများတွင်တော့ လုံခြုံရေးဆောင်ရွက်မှုလျှော့ချထားပြီး ဖြစ်ပါကြောင်း ဖြေကြားသည်။

နိုင်ငံတကာနှင့် ပြည်တွင်းမီဒီယာအချို့တွင် ဖော်ပြနေသည့် တပ်မတော်က နယ်မြေရှင်းလင်းရေးဆောင်ရွက်စဉ်ကာလအတွင်း အကြမ်းဖက်မှုဖြစ်ပွားသည့် ကျေးရွာများတွင် မုဒိန်းမှုများ ကျူးလွန်နေသည်ဟူသော သတင်းများထွက်ပေါ်နေကြောင်း မေးခွန်းကို ဖြေကြားရာတွင် ယင်းတို့မှာ တမင်တကာ လုပ်ကြံဖန်တီးဖော်ပြထားခြင်းဖြစ်ပါကြောင်း၊ ယင်းတို့ကိုလည်း အချိန်မရွေး စုံစမ်းမေးမြန်းနိုင်ပါကြောင်း၊ အကယ်၍ ကျူးလွန်ကြောင်း ထင်ရှားပါက ထိရောက်စွာ ပြစ်ဒဏ်ပေးအရေးယူမှုကိုလည်း ပွင့်လင်းမြင်သာစွာ ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ယခုအကြမ်းဖက်တိုက်ခိုက်မှုမှာ အများဆုံးပါဝင်ခဲ့သည့် ရွာများမှာ ကျီးကန်းပြင်၊ ဝါးပိတ်၊ ပြောင်ပိုက်နှင့် ကြက်ရိုးပြင်ဆိုသည့် ရွာလေးရွာဖြစ်ပါကြောင်း၊ ယင်းရွာများကိုလေ့လာရန် ယခုရောက်ရှိလာသည့် နိုင်ငံတကာမှ သံတမန်များကို ခေါ်ယူပြသပေးသွားမှာဖြစ်ပါကြောင်း ဖြေကြားခဲ့သည်။

**(သပြေနှင့်အဖွဲ့)**

### ❒ ရခိုင်ပြည်နယ်မှ

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် ဦးဆောင်၍ UNDP ကိုယ်စားလှယ်နှင့် မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးများသည် စစ်တွေမြို့မှ ရဟတ်ယာဉ်ဖြင့် မောင်တောမြို့နယ်ရှိ ရခိုင်လူမျိုးများနေထိုင်သည့် မောရဝတီကျေးရွာသို့ သွားရောက်ကာ လက်ရှိနေထိုင်လျက်ရှိသည့် အခြေအနေများကို တွေ့ဆုံမေးမြန်းခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် အစ္စလာမ်ဘာသာဝင်များနေထိုင်သည့် ဇော်မတက်ကျေးရွာသို့ သွားရောက်ပြီး နယ်မြေအေးချမ်းမှုအခြေအနေ၊ နေထိုင်စားသောက်မှုနှင့် ပညာရေးအခြေအနေတို့ကို တွေ့ဆုံမေးမြန်းရာ ဒေသခံများကငြိမ်းချမ်းမှုရှိကြောင်း၊ ယခုဖြစ်ပွားသည့် အကြမ်းဖက်မှုတွင် ပါဝင်ခြင်းမရှိကြောင်း၊ ဥပဒေနှင့်အညီနေထိုင်၍အဆင်ပြေအေးချမ်းစွာနေထိုင်လျက်ရှိကြောင်းပြောသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် ဦးဆောင်၍ UNDP ကိုယ်စားလှယ်နှင့် မြန်မာနိုင်ငံဆိုင်ရာသံအမတ်ကြီးများသည် အစ္စလာမ်ဘာသာဝင်များနှင့် ရခိုင်လူမျိုးများ အတူတကွနေထိုင်သည့် အလယ်သံကျော်ကျေးရွာသို့ သွားရောက်ကြည့်ရှုသည်။ အလယ်သံကျော်ကျေးရွာအုပ်စုတွင် လူဦးရေ ၁၁၀၀၀ ကျော်နေထိုင်ပြီး ရခိုင်တိုင်းရင်းသားအနည်းငယ်သာနေထိုင်သော်လည်း အစ္စလာမ်ဘာသာဝင်များနှင့် အတူတကွ ရင်းနှီးခင်မင်စွာနေထိုင်လျက်ရှိကြောင်း သိရသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အောက်တိုဘာ ၉ ရက်က အကြမ်းဖက်ဝင်ရောက်စီးနင်းခံရသည့် ရသေ့တောင်မြို့နယ်ရှိ ကိုးတန်ကောက်ရဲစခန်းနှင့် ကိုးတန်ကောက်ကျေးရွာတို့သို့ သွားရောက်ခဲ့သည်။ ကိုးတန်ကောက်ကျေးရွာတွင် အစ္စလာမ်ဘာသာဝင်များသာနေထိုင်ပြီးသွားရောက်တွေ့ဆုံရာတွင် ကျေးရွာသားများက အင်္ဂလိပ်စာဘာသာစကားဖြင့်ရေးသားထားသော ဆိုင်းဘုတ်များကို ကိုင်ဆောင်ကာ ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စစ်တွေမြို့သို့ ပြန်လည်ရောက်ရှိကြသည်။ ညနေ ၄ နာရီတွင် ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး/လူသားချင်းစာနာမှု အကူအညီပေးရေးညှိနှိုင်းရေးမှူးနှင့် မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးအချို့သည် ရခိုင်ပြည်နယ်လွှတ်တော်ရုံးခန်းမ၌ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် တွေ့ဆုံသည်။

ဆက်လက်၍ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး/လူသားချင်းစာနာမှု အကူအညီပေးရေးညှိနှိုင်းရေးမှူးနှင့် မြန်မာနိုင်ငံဆိုင်ရာသံအမတ်ကြီးများသည် မောင်တောမြို့နယ်နှင့် ရသေ့တောင်မြို့နယ်ရှိကျေးရွာများသို့ နှစ်ရက်တာသွားရောက်လေ့လာခဲ့သည့် အခြေအနေကိုရှင်းလင်းရန် သတင်းမီဒီယာများနှင့် စစ်တွေလေဆိပ်၌ တွေ့ဆုံသည်။


ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့၊ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး/လူသားချင်းစာနာမှုအကူအညီပေးရေးညှိနှိုင်းရေးမှူးနှင့် မြန်မာနိုင်ငံဆိုင်ရာသံအမတ်ကြီးများ ရခိုင်ပြည်နယ်လွှတ်တော်ရုံးခန်းမ၌ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် တွေ့ဆုံစဉ်။ (သတင်းစဉ်)

တွေ့ဆုံစဉ် UNDP ကိုယ်စားလှယ်နှင့် မြန်မာနိုင်ငံဆိုင်ရာသံအမတ်ကြီးများက အကြမ်းဖက်ဖြစ်စဉ်ကြောင့် ကျေးရွာများအား စွန့်ခွာထွက်ပြေးသူများ၏ လိုအပ်ချက်ကို ကူညီပေးရန် အစိုးရအား အကြံပြုခဲ့ကြောင်း၊ ထွက်ပြေးတိမ်းရှောင်သူများသည် ကိုယ့်ရပ်ကိုယ့်ရွာသို့ ပြန်လာစပြုနေပြီဖြစ်ကြောင်း၊ ထိုသို့ ပြန်လည်ရောက်ရှိရာတွင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် စောင့်ကြည့်လေ့လာရန် အစိုးရက ခွင့်ပြုခဲ့ကြောင်း၊ ရပ်ဆိုင်းထားသည့် အပြည်ပြည်ဆိုင်ရာကူညီထောက်ပံ့မှုများဆက်လက်ပေးအပ်ရန် တိုက်တွန်းမည်ဖြစ်ကြောင်း၊ မိမိတို့သည် စုံစမ်းစစ်ဆေးရေးအဖွဲ့မဟုတ်ဘဲ အခြေအနေကို လာရောက်လေ့လာသုံးသပ်ခြင်းသာဖြစ်ကြောင်း။

မြေပြင်အခြေအနေကိုလေ့လာခြင်းဖြစ်ပြီး အစိုးရနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ရန် မိမိတို့အနေဖြင့် အခွင့်အရေးများရရှိခဲ့ပါကြောင်း၊ ဖြစ်ပေါ်နေသည့် စိန်ခေါ်မှုများအားလုံးကို အဖြေရှာရန် အစိုးရနှင့်ညှိနှိုင်းခဲ့ပြီးဖြစ်ကြောင်း၊ စွပ်စွဲချက်များဟုတ်၊ မဟုတ် ကို သေချာပြော၍ မရသေးကြောင်း၊ တွေ့ရှိရသည့်ဖြစ်စဉ်တွင် မည်သည့်အမျိုးသမီးတစ်ဦးတစ်ယောက်မျှ အဓမ္မပြုကျင့်ခံရသည်ဟုမပြောခဲ့ကြောင်း၊ အရေးကြီးသည့်အရာမှာ တရားဥပဒေစိုးမိုးရေးကိုလိုက်နာရန်ဖြစ်ကြောင်း၊ လုံခြုံရေးအတွက် စီမံချက်ချဆောင်ရွက်နေသည်များလည်း ရှိပါကြောင်း၊ မည်သည့်နိုင်ငံမဆို ယခုကဲ့သို့တိုက်ခိုက်မှုများရှိလာပါ လုံခြုံရေးအရေးယူဆောင်ရွက်မှုများရှိမည်ဖြစ်ကြောင်း။

အစိုးရအနေဖြင့် ယခုလက်ရှိတွင် အပြည်ပြည်ဆိုင်ရာ လုပ်ထုံးကိုလိုက်နာဆဲဖြစ်ပြီး ဆက်လက်လိုက်နာရန် တိုက်တွန်းခဲ့ကြောင်း၊ မိမိတို့သွားချင်သည့်ရွာများအား အစိုးရထံမေတ္တာရပ်ခံခဲ့ရာ အစိုးရမှလည်း မိမိတို့ဆန္ဒအတိုင်း လိုက်လံပို့ဆောင်ခဲ့ကြောင်း၊ စွပ်စွဲမှုများရှိနေသော်လည်း အစိုးရအနေဖြင့် ကန့်သတ်ချက်များ မပြုလုပ်ခဲ့ကြောင်း၊ မိမိတို့သွားချင်သည့်နေရာနှင့် တွေ့ဆုံမှုတောင်းခံခဲ့သည်များလည်း ရရှိခဲ့ကြောင်း၊ စွပ်စွဲမှုများမှန်ကန်ခြင်းရှိ၊ မရှိ စုံစမ်းစစ်ဆေးနိုင်ရန်နှင့် နိုင်ငံတကာအဖွဲ့အစည်းများ ဝင်ရောက်ခွင့်ရရန် အစိုးရကိုတိုက်တွန်းခဲ့ကြောင်း၊ မိမိတို့တွေ့ဆုံခဲ့သည့် အစိုးရတာဝန်ခံအရာရှိကြီးများအားလုံး မိမိတို့၏ အကြံပြုချက်များအပေါ် လက်ခံရန် အသင့်ရှိကြောင်း၊ မိမိတို့တွေ့ဆုံခဲ့သည့်သူများသည် ၎င်းတို့ပြောချင်သည်များကို ပြောခွင့်ရကြောင်း၊ လေ့လာသူများ၊ စုံစမ်းစစ်ဆေးမည့်သူများလာရောက်ရန် အခွင့်များလည်း ရရှိခဲ့ပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်နှင့် အစိုးရအဖွဲ့ဝင်များ၊ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး/လူသားချင်းစာနာမှု အကူအညီပေးရေးညှိနှိုင်းရေးမှူးနှင့် မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးများသည် ညနေပိုင်းတွင် စစ်တွေမြို့မှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိကြသည်။

**(သတင်းစဉ်)**


ဇော်မတက်ကျေးရွာ၌ နေထိုင်ကြသည့် အစ္စလာမ်ဘာသာဝင်များအား တွေ့ဆုံမေးမြန်းစဉ်။ (သတင်းစဉ်)

## မောင်တောခရိုင်အတွင်း ကျေးရွာအချို့မှ နေအိမ်အချို့အား မီးရှို့ထွက်ပြေးပြီး ထင်ယောင်ထင်မှားဖြစ်စေရန် လုပ်ကြံဝါဒဖြန့်လျက်ရှိ

**မောင်တော နိုဝင်ဘာ ၃**

ရခိုင်ပြည်နယ် မောင်တောခရိုင်အတွင်း အောက်တိုဘာ ၉ ရက်က အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုများဖြစ်ပွားခဲ့ရာ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များ ကျဆုံး၊ ဒဏ်ရာရရှိခဲ့ကြသည့်အပြင် လက်နက်ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ ဆုံးရှုံးခဲ့ရသည်။

ထို့ကြောင့် တပ်မတော်စစ်ကြောင်းများနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များပူးပေါင်းပြီး နယ်မြေပိတ်ဆို့ရှင်းလင်းရေးနှင့် လုံခြုံရေးဆောင်ရွက်စဉ် တပ်မတော်သား ငါးဦးကျဆုံးခဲ့ကာ အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုတွင်ပါဝင်ပတ်သက်သည့် မသင်္ကာသူများကို ဖမ်းဆီးရမိခဲ့ကာ လုပ်ထုံးလုပ်နည်းနှင့်အညီ စစ်ဆေးလျက်ရှိသည်။

ထိုသို့ နယ်မြေလုံခြုံရေးဆောင်ရွက်နေမှုများအပေါ် အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများနှင့် ပါဝင်ပတ်သက်သူများ၊ မလိုလားသူများက ကျေးရွာအချို့မှ နေအိမ်အချို့ကို မီးရှို့ထွက်ပြေးပြီး ရွာသူရွာသားများ နေရပ်စွန့်ခွာထွက်ပြေးစေရန်၊ လုံခြုံရေးဆောင်ရွက်သူများအပေါ် ထင်ယောင်ထင်မှားဖြစ်စေရန်နှင့် အခြေအနေရှုပ်ထွေးပြီး မတည်မငြိမ်ဖြစ်စေရန် လုပ်ကြံဝါဒဖြန့်မှုများပြုလုပ်လျက်ရှိကြသည်။


ဘင်္ဂါလီများက ၎င်းတို့နေအိမ်များအား မီးရှို့ထွက်ပြေးသဖြင့် တပ်မတော်စစ်ကြောင်းများနှင့် ရဲတပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်နေစဉ်။ (သတင်းစဉ်)

ကျီးကန်းပြင်၊ ဝါးပိတ်၊ စံပယ်ကုန်း၊ ပြောင်ပိုက်၊ ငါးစာကြူးနှင့် ငါးခူရကျေးရွာများရှိ အစွန်ပိုင်းနှင့် လမ်းနံဘေးမှ နေအိမ်အချို့ မီးလောင်မှုများဖြစ်ပွားခဲ့ရာ ၎င်းနေအိမ်အများစုမှာ အိမ်နှင့်တဲငယ်များဖြစ်ပြီး အတွင်း၌ အသုံးအဆောင်ပစ္စည်းများ ကြိုတင်ရွှေ့ပြောင်းထားသည်ကို တွေ့ရှိခဲ့ရသည်။ အိမ်ကြီးအိမ်ကောင်းများအပါအဝင် ခိုင်ခံ့သည့်အိမ်ကြီးများနှင့် အနီးဝန်းကျင် နေအိမ်များကိုမူ မီးရှို့မှုမရှိကြောင်း နှိုင်းယှဉ်တွေ့ရှိရသည်။ မီးရှို့ခံရသည့်နေအိမ်များကို တပ်မတော်သားများက ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့သော်လည်း အဆိုပါကျေးရွာ နေသူများမှာ ဝိုင်းဝန်းငြိမ်းသတ်ခြင်းမရှိဘဲ မလှမ်းမကမ်းမှသာ ရပ်ကြည့်နေခဲ့ကြသည်။

နိုဝင်ဘာ ၂ ရက်တွင် မောင်တောခရိုင်အတွင်း ဖြစ်စဉ်များဖြစ်ပွားခဲ့သည့် ကျေးရွာများသို့ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် သံတမန်များကို တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသစဉ် နေအိမ်စွန့်ခွာတိမ်းရှောင်နေသူများမှာ ပြန်လည်စုရုံးရောက်ရှိလာကြပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများ လိုအပ်လျက်ရှိကြောင်း လုပ်ကြံပြောဆိုခြင်း၊ ကြိုတင်ရေးသားထားသော စာများလက်ကမ်းပေးအပ်ခြင်းတို့ကို အစီအမံရှိစွာဖြင့် လုပ်ဆောင်ခဲ့ကြောင်းတွေ့ရသည်။

ထို့ပြင် ရခိုင်ပြည်နယ် မောင်တောခရိုင်အတွင်း အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုများ မဖြစ်ပွားမီ၊ ဖြစ်ပွားချိန်နှင့် ဖြစ်ပွားပြီးနောက်ပိုင်း လုပ်ဆောင်ချက်များမှာ ဘက်ပေါင်းစုံမှ ကြိုတင်အကွက်ချစီမံဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ နယ်မြေလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကိစ္စရပ်များကို တာဝန်ရှိသူများက တာဝန်သိပြည်သူများနှင့် ပူးပေါင်းပြီး အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

### ✪ မောင်တော-ဘင်္ဂလားဒေ့ရှ်မှ

မောင်တောမြို့တို့မှ ဝင်ရောက်ပြီး မောင်တောမြို့မှာ ဘင်္ဂလားဒေ့ရှ်နှင့် အဓိကကုန်သွယ်မှုပြုရာ နယ်စပ်ဂိတ်ဖြစ်ကြောင်း မောင်တော နယ်စပ်ကုန်သွယ်ရေးကုန်သည်ကြီးများအသင်းမှ သိရသည်။

“လစဉ် လစဉ် နယ်စပ်ကုန်သွယ်မှုနဲ့ ပတ်သက်ပြီး လျာထားချက်တွေရှိတယ်။ အကြမ်းဖက်မှုဖြစ်စဉ်ကြောင့် ပို့ကုန်လုပ်ငန်းကို မထိခိုက်ပါဘူး”ဟု အသင်းဥက္ကဋ္ဌက ပြောသည်။

မောင်တော-ဘင်္ဂလားဒေ့ရှ် နယ်စပ်ကုန်သွယ်ရေး၏ အဓိကအားထားရာ မောင်တောမြို့ ဈေးကြီးမှာလည်း ပြန်လည်ဖွင့်လှစ်နေသော်လည်း ကျေးလက်ဒေသများမှ လာရောက်ဈေးဝယ်သူ နည်းပါးနေ၍ ဈေးဆိုင်အများစုမှာ အချိန်ပြည့် ဖွင့်လှစ်မှု မရှိခြင်းကြောင့် နယ်စပ်ကုန်သွယ်မှုကို လျော့နည်းစေကြောင်း မောင်တောမြို့ရှိ ကုန်သည်များက သုံးသပ်ထားသည်။

အောက်တိုဘာလအတွင်း မောင်တော-ဘင်္ဂလားဒေ့ရှ် နယ်စပ်ကုန်သွယ်မှုတွင် မောင်တောမှ ဘင်္ဂလားဒေ့ရှ်သို့ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ငါးသိန်းခန့်ရှိကြောင်း မောင်တော နယ်စပ်ကုန်သွယ်ရေးကုန်သည်ကြီးများ အသင်းမှ သိရသည်။ **မင်းသစ်(သတင်းစဉ်)**

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့



အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများ၏ ပစ်ခတ်ခံရမှုကြောင့် ကျဆုံးသွားသော တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။

# မောင်တောမြို့နယ် ဝါးပိတ်ကျေးရွာ၏ ခြံဝင်းတစ်ခုအတွင်းမှ လက်နက်ခဲယမ်းများ တူးဖော်ရရှိ

**နေပြည်တော် နိုဝင်ဘာ ၃**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း တပ်မတော်စစ်ကြောင်းများနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နယ်မြေလုံခြုံရေးဆောင်ရွက်စဉ် ယနေ့နံနက် ၁၀ နာရီခွဲခန့်တွင် ဝါးပိတ်ကျေးရွာ၏ အနောက်ဘက်လူမနေသည့် ခြံဝင်းတစ်ခုအတွင်းရှိ စိုက်ခင်းဟောင်းနေရာ၌ မြေသားများ ပွနေသည်ကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် တူးဖော်ခဲ့ရာ ဘီအေ ၉၄ သေနတ် လေးလက်နှင့် ၎င်းကျည်အိမ်သုံးခု၊ အမ်အေ ၁၁ တစ်လက်နှင့် ၎င်းကျည်အိမ် နှစ်ခု၊ ကိုးမမကျည် အတောင့် ၂၀ တို့ကို တူးဖော်တွေ့ရှိခဲ့သည်။

အဆိုပါလက်နက်ခဲယမ်းများသည် မောင်တောမြို့နယ်နှင့် ရသေ့တောင်မြို့နယ်များရှိ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်ရှိ ကင်းစခန်းများအား အောက်တိုဘာ ၉ ရက်က အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများ စီးနင်းတိုက်ခိုက်စဉ် ပါရှိသွားသော လက်နက်ခဲယမ်းများဖြစ်ပြီး အဆိုပါနေရာတစ်ဝိုက်အား တပ်မတော်စစ်ကြောင်းက နယ်မြေရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# မောင်တောမြို့နယ် နူရုလာရဲကင်းစခန်းအား လက်နက်ငယ်ဖြင့် လာရောက်ပစ်ခတ်

**မောင်တော နိုဝင်ဘာ ၃**

မောင်တောမြို့မှ သုံးမိုင်ခန့်အကွာရှိ နူရုလာ ရဲကင်းစခန်းကို ယနေ့ညနေ ၅ နာရီ မိနစ် ၅၀ ခန့်က လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရဲကင်းစခန်းရှေ့ ကင်းသမားနှစ်ဦး ကင်းစောင့်နေသည့် နေရာအနီးသို့ ဆိုင်ကယ်သုံးစီးဖြင့် လူများရောက်ရှိလာပြီး လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ကြောင်း၊ လက်နက်ငယ် ပစ်ခတ်သံကြောင့် ကင်းစခန်းအတွင်းရှိ တပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ခဲ့သဖြင့် လက်နက်ငယ်ဖြင့် လာရောက်ပစ်ခတ်သူများမှာ ဆိုင်ကယ်များ ထားရစ်ပြီး ဒဏ်ရာများရရှိကာ ဆုတ်ခွာထွက်ပြေးသွားကြောင်း၊ အဆိုပါပစ်ခတ်ခံရမှုကြောင့် ရဲတပ်ဖွဲ့ဝင် တစ်ဦး ကျဆုံးပြီး ကျန်တပ်ဖွဲ့ဝင်တစ်ဦး မစိုးရိမ်ရ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

လာရောက်ပစ်ခတ်သူများ ကျန်ရစ်ခဲ့သည့် ဆိုင်ကယ်များနှင့်အတူ ခါတ်ဆီထည့်ထားသည့် လက်လုပ်ဗုံးတစ်လုံးနှင့် ပစ္စတိုအိတ် အလွတ်လေးခုတို့ကိုလည်း သိမ်းဆည်းရမိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရသေ့တောင်မြို့နယ်နှင့် မောင်တောမြို့နယ်တို့မှ မသင်္ကာဖွယ်တွေ့ရှိသူအချို့အား ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၃**

ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တောနယ်မြေများအတွင်းသို့ အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများ ထပ်မံဝင်ရောက်မှုမရှိစေရေးအတွက် တပ်မတော်စစ်ကြောင်းများ၊ တပ်မတော်(ရေ) အထူးတပ်ဖွဲ့များနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးလုပ်ငန်းများဆောင်ရွက်စဉ် နိုဝင်ဘာ ၂ ရက် ည ၇ နာရီ မိနစ် ၅၀ တွင် ရသေ့တောင်မြို့နယ် ဒုံပိုက်ကျေးရွာ၏ အနောက်ဘက် လေးမိုင်ခန့်အကွာရှိ ပုဒ်မ-၁၄၄ ထုတ်ပြန်ထားသည့် ဧရိယာအတွင်း၌ မောင်တင်ရွှေအမည်ရှိ မသင်္ကာဖွယ် ငါးဖမ်းစက်လှေတစ်စင်းအား တွေ့ရှိခဲ့သည်။

အဆိုပါငါးဖမ်းစက်လှေအား သွားရောက်စစ်ဆေးရာ စက်လှေပေါ်တွင် လိုက်ပါလာသော ဇာဖောက်ရာမောက်(ဘ)မော်စတာကာမာရ်၊ မော်ဂူလ်(ဘ)အာလီအာမောက်၊ ဟာဖိတ်ဟူဆောင်း(ဘ) အဒူခေါ်ရိမ်၊ မာမတ်ဟူဆောင်(ဘ)အလီဟူဆောင်၊ မာမတ်အီနိုစ်(ဘ) ဟာမာမတ်အမိန်၊ မာမောက်ရော်ဖိတ်(ဘ)အဒူဂေါ်နီ၊ မာမောက်ရော်ဖိတ်(ဘ)နူရ်ဟာနှင့် မာမောက်ရော်ဟိမ်(ဘ)နူရ်မာမောက်တို့ကို ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိသူများအား တရားဥပဒေအရ အရေးယူနိုင်ရေး အင်းဒင်နယ်မြေရဲစခန်းသို့ စနစ်တကျ လွှဲပြောင်းအပ်နှံပြီးဖြစ်ကြောင်း သိရသည်။

အလားတူ ယနေ့နံနက် ၈ နာရီခွဲခန့်တွင် မောင်တောမြို့နယ် ပြောင်ပိုက်ကျေးရွာ၏ အရှေ့ဘက် တစ်မိုင်ခန့်အကွာ တောအတွင်း၌ နိုရူဆောင်း (ဘ)ဟူဆောင်း၊ အီလီယာစ်(ဘ)အဘူဆော်တီ၊ နိုဂူဘရှော့(ဘ)ရှော့မူလူနှင့် ခါမာန်ဟူဆိန်(ဘ) မာမွတ်ဆာလောင်တို့ကို မသင်္ကာဖွယ်တွေ့ရှိရသဖြင့် ဖမ်းဆီးခဲ့သည်။

ဖမ်းဆီးရမိသူများအား ကြိမ်ချောင်းနယ်မြေရဲစခန်းသို့ စနစ်တကျလွှဲပြောင်းအပ်နှံခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# မြန်မာ့ရေပိုင်နက်အတွင်း တရားမဝင် ဝင်ရောက်ငါးဖမ်းသည့် ဘင်္ဂလားဒေ့ရှ် နိုင်ငံသားများ ဖမ်းမိ

**နေပြည်တော် နိုဝင်ဘာ ၃**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း တပ်မတော်(ရေ)မှ နယ်မြေလုံခြုံရေး ဆောင်ရွက်စဉ် နိုဝင်ဘာ ၂ ရက် ညနေ ၆ နာရီ ၄၅ မိနစ်ခန့်တွင် မင်္ဂလာကြီးချောင်းနှင့် ပြင်ဖြူချောင်းအကြား၌ မသင်္ကာဖွယ်လှေတစ်စင်းအား တွေ့ရှိရသဖြင့် စစ်ဆေးရာ မိမိနိုင်ငံ ရေပိုင်နက်အတွင်းသို့ တရားမဝင် ဝင်ရောက်ငါးဖမ်းနေသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ဟာမစ်(ဘ)ဂေါ်ဘီယာမွတ်၊ အစ္စမိုင်(ဘ) အီစလမ်နှင့် နိုဘိုဆောင်း(ဘ) မာမတ်စီးတီးတို့ကို ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိသူများအား တရားဥပဒေအရ အရေးယူဆောင်ရွက်နိုင်ရေး မောင်တောမြို့မရဲစခန်းသို့ စနစ်တကျ လွှဲပြောင်းအပ်နှံခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

# မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့်ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော အောက်တိုဘာ ၂၅ ရက်မှ ၃၁ ရက်အထိ ထွက်ရှိသောစာအုပ်စာရင်း

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁။ | မင်းဆွေနှစ် (မုံရွာ) | မြန်မာကဗျာလက်ရွေးစင်ဆောင်းပါးများ | ၇၀၀၀ | ချင်းတွင်းအိမ်စာပေ |
| ၂။ | သန်းဝင်းလှိုင် | စစ်အာဏာရှင်ကြီးဗိုလ်နေဝင်း၏ ဇနီးတော်များရာဇဝင် | ၁၅၀၀ | ခုနှစ်စဉ်ကြယ်စာပေ |
| ၃။ | လူထုစိန်ဝင်း | နန်းစကားမန်းစကားမြန်မာတို့ရဲ့ မြန်မာစကား | ၁၅၀၀ | နှစ်ကာလများစာပေ |
| ၄။ | ဆူးငှက် | တိမ်ယံအိပ်မက်မိုးထက်နရီ | ၃၅၀၀ | လင်းလွန်းခင်စာပေ |
| ၅။ | ဆရာစောထွန်းအောင် | ၂၀၁၇ အောင်မှန် အခါပေးဒိုင်ယာရီ | ၂၀၀၀ | လှိုင်စာပေ |
| ၆။ | နောင်ချိုသစ် | ယဉ်ကျေးမှုဆိုင်ရာ နိုင်ငံရေး | ၂၅၀၀ | MKS |
| ၇။ | ကလောင်စုံ | ၃ ယောက်ကဗျာ | ၁၅၀၀ | ကျော်မွှေးစာပေ |
| ၈။ | ဟန်ဝေထွန်း | ဟန်ဝေထွန်း လွန်ခဲ့သော နာရီများ | ၁၅၀၀ | ကျော်မွှေးစာပေ |
| ၉။ | ခြေလျင်အရာရှိဟောင်းတစ်ဦး | ဒေါနမှသည် ချစ်သူဆီသို့နှင့် စစ်မြေပြင်မှ ဖြစ်ရပ်ဆန်းကြယ်များ | ၁၈၀၀ | စိတ်ကူးသစ်စာပေ |
| ၁၀။ | ပန်းချီ - L လင်း | ဝေရောစနကမ္ဘာ့ပထမဦးဆုံး ကျောက်စိမ်းစေတီတော်မြတ်ကြီး | ၁၀၀၀ | ခုနှစ်စဉ်ကြယ်စာပေ |
| ၁၁။ | မင်းပြားမင်းသိန်းဇံ | ရခိုင်ရိုးရာဝတ္ထုရွှေလက်ဆောင် | ၁၅၀၀ | ဝေဘူလစာပေ |
| ၁၂။ | မင်းပြားမင်းသိန်းဇံ | ရခိုင်ပညာရှိသုခမိန်ကြီးများ | ၁၅၀၀ | ဝေဘူလစာပေ |
| ၁၃။ | အောင်လှသိန်း | ရခိုင်ရိုးရာမုနိပူဇာ | ၁၀၀၀ | ဝေဘူလစာပေ |
| ၁၄။ | ဒေါက်တာသန်းထွန်း | နယ်လှည့်ရာဇဝင် ပ+ဒု+တ သုံးတွဲပေါင်းချုပ် | ၇၀၀၀ | စိတ်ကူးချိုချိုစာပေ |
| ၁၅။ | စစ်သွေး | အရှေ့အလယ်ပိုင်းမှ မြန်မာဆီသို့ | ၂၃၀၀ | ရွက်စိမ်းစာပေ |
| ၁၆။ | ဇင်မျိုး - မြန်မာပြန် | စတီဂျော့ဘ်စ်အမေရိကန်ဂျီးနီးယပ်စ် | ၄၀၀၀ | ကိုနေမန်းစာပေ |
| ၁၇။ | ဒေါ်ခင်ဝင်းမြင့် | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေနှင့် ခုံရုံးနည်းဥပဒေ | ၂၅၀၀ | ရှုတိုင်းယဉ်စာပေ |
| ၁၈။ | ဒေါ်ခင်ဝင်းမြင့် | မသန်စွမ်းသူများ၏ အခွင့်ရေးဥပဒေ | ၁၅၀၀ | ရှုတိုင်းယဉ်စာပေ |
| ၁၉။ | ဒေါ်ခင်ဝင်းမြင့် | ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေ | ၁၀၀၀ | ရှုတိုင်းယဉ်စာပေ |
| ၂၀။ | ကလောင်စုံ | ပဥ္စဂံပုံရိပ် ခံစားမှုကဗျာများ | ၁၂၀၀ | ရွက်စိမ်းစာပေ |
| ၂၁။ | Dr. အောင်ကျော်မြင့် | ရှေးအညာဆေးကျောင်းသား | ၃၂၀၀ | ရှင်မတောင်စာပေ |
| ၂၂။ | Dr. ခင်မောင်ဝင်း(သင်္ချာ) | သင်္ချာတွက်နည်းနှင့် အဖြေများပေါင်းချုပ် | ၃၀၀၀ | ရန်အောင်စာပေ |
| ၂၃။ | ပန်းချီမျိုးမာန် | သာသနာဖျက်မ | ၁၅၀၀ | မြင့်မိုရ်မေမေစာပေ |
| ၂၄။ | ဝေဖြိုးအောင် | Auto CAD 3D+CD | ၃၀၀၀ | သင်းသင်းမွန်စာပေ |
| ၂၅။ | ဘုဏ်းသိုက် | လူငယ်နှင့် အိပ်မက်နိုင်ငံတော် | ၂၇၀၀ | စိတ်ကူးချိုချိုစာပေ |
| ၂၆။ | ဇင်မျိုး - မြန်မာပြန် | စစ်မက်ကမ္ဘာထဲက ငြိမ်းချမ်းရေးလူသားကိုဖီအာနန် | ၈၀၀ | စိတ်ကူးချိုချိုစာပေ |
| ၂၇။ | မြင့်မိုရ်ကျော်လင်း | ကြယ်တစ်စင်း၏ ရွက်လွှင့်ခြင်း | ၂၅၀၀ | ငွေလစာပေ |
| ၂၈။ | အောင်လှိုင်(မြန်မာပြန်) | ပျော်ရွှင်ခြင်းသင့်အတွက်ပါ | ၉၀၀ | စိတ်ကူးချိုချိုစာပေ |
| ၂၉။ | မောင်သိန်းလွင် | ကျောင်းသားတစ်ဦး၏ ရင်ဖွင့်သံနှင့် နိုင်ငံရေးဆောင်းပါးများ | ၂၅၀၀ | ရွှေဟင်္သာစာပေ |
| ၃၀။ | ဒေါက်တာရဲသွင် | လှတစ်မျက်နှာ | ၂၀၀၀ | ရန်အောင်စာပေ |
| ၃၁။ | နိုင်းနိုင်းစနေ | နေကြာပန်းလေးတစ်ပွင့်လိုပြုံးပါ | ၂၀၀၀ | Synergy စာပေ |
| ၃၂။ | Dr. အောင်ကြည်ဝင်း | မလုံ့တလုံစစ်ဆင်ရေးနှင့် အခြားဆောင်းပါးများ | ၃၀၀၀ | ရှင်မတောင်စာပေ |
| ၃၃။ | ဘော့ဘ်ဒီလန် | စာကြည့်တိုက်စာစဉ် (၄၁) ဘော့ဘ်ဒီလန် | ၁၅၀၀ | The Key Collection |
| ၃၄။ | ဇေယျမင်းသျှင် | ခေတ်နှင့်စီးချင်းထိုးခြင်း | ၆၀၀၀ | ဝါးလည်စာပေ |
| ၃၅။ | နေမျိုးဆက်လူ | မားကတ်တင်း | ၂၀၀၀ | နှစ်ကာလများစာပေ |
| ၃၆။ | စံပယ်ဖြူနု | လှုပ်၍လွင့်သောကမ္ဘာ | ၄၅၀၀ | ကံ့ကော်ဝတ်ရည်စာပေ |
| ၃၇။ | ကလောင်စုံ | ရသရောင်စဉ် ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတို(စုစည်းမှု) | ၂၀၀၀ | စွယ်တော်စာပေ |
| ၃၈။ | ဒီနိုဗို ပြန်ဆိုသည် | ပေါလ်အော်စတာ၏ ပိတ်ထားတဲ့ အခန်း | ၂၅၀၀ | အိပ်မက်အသစ်စာပေ |
| ၃၉။ | ဇာနည်အောင် | စိန်ခေါ်မှုကို အန်တုကြ | ၂၅၀၀ | ရွက်ကျပင်ပေါက် |
| ၄၀။ | သွယ်သွယ်မျိုးညွန့် | ကျွန်မ၏ အက်ဆေးများ | ၂၅၀၀ | စာပေလောက |
| ၄၁။ | စိန်မျိုးမြင့် | ချင်းပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်းဒေသအချို့ ခရီးတစ်ထောက် | ၃၀၀၀ | စာပေလောက |
| ၄၂။ | အရှင်ဝိသာရဒ၊ ရမ္မာဝတီ | လူတိုင်းအတွက် ဗုဒ္ဓစိတ်ပညာ | ၂၀၀၀ | ပီကာမီဒီယာ |
| ၄၃။ | PK (ကျောင်းစောင့်ကြီး) | ကျောင်းစောင့်ကြီးရဲ့ နံရံကပ်စာစောင်မှ စကားပြောသော စာလုံးများ | ၁၀၀၀ | ပီကာမီဒီယာ |
| ၄၄။ | ဒေါ်ခင်ဝင်းမြင့် | နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ | ၁၂၀၀ | ရှုတိုင်းယဉ်စာပေ |
| ၄၅။ | ဒေါ်ခင်ဝင်းမြင့် | ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေ | ၂၅၀၀ | ရှုတိုင်းယဉ်စာပေ |
| ၄၆။ | ဦးသန်းထိုက် | မြန်မာဥပဒေဝေါဟာရအဘိဓာန်သစ် | ၇၅၀၀ | ရှေ့ရပ်စာပေ |
| ၄၇။ | ကလောင်စုံ | ပညာလောကလက်ရွေးစင်ဝတ္ထုတိုများ | ၂၀၀၀ | ပညာရိပ်စာပေ |
| ၄၈။ | မင်းသုဝဏ် | ရသစာစဉ် (၃)သားသက်ဝေနှင့် အခြားဝတ္ထုတိုများ | ၁၀၀၀ | The Key Collection |
| ၄၉။ | ချောစု | သူငယ်ချင်းများနှင့် မျှဝေစရာစားမြိန်ဟင်းလျာများ အတွဲ (၄) | ၅၀၀၀ | ရှင်မတောင်စာပေ |
| ၅၀။ | ကောင်းသာ | အောင်မြင်ရေး၏ လျှို့ဝှက်ချက်များ | ၁၅၀၀ | ပန်းဆက်လမ်းစာပေ |
| ၅၁။ | မောင်ဝံသ | ရှေ့နေကြီးပယ်ရီမေဆင်နှင့် ခွေးအူသံအမှု | ၃၀၀၀ | ဒေါင်းစာပေ |
| ၅၂။ | | ဂုဏ်တော်ကွန်ချာနှင့် ပဥ္စသမ္ဗုဒ္ဓေ | ၄၀၀ | မိုးကျော်သူစာပေ |
| ၅၃။ | နေဦးဝေ၊ ခမ်းဝင်း | နိုင်ငံတကာကျောင်းသားလှုပ်ရှားမှုနှင့် ဒီမိုကရေစီပညာရေး | ၁၂၀၀ | သုခဒီပစာပေ |
| ၅၄။ | ဝင်းထွဋ်ဇော် | ဟီလာရီကလင်တန်ခက်ခဲသော ရွေးချယ်မှု | ၃၅၀၀ | နန်းဒေဝီစာပေ |

(ဆက်လက်ဖော်ပြပါမည်)

# ယာဉ်မောင်းများ ထိုင်ခုံခါးပတ် ပတ်ထားခြင်းရှိ၊ မရှိစစ်ဆေး၊ ပညာပေးဟောပြော



ယာဉ်ထိန်းတပ်ဖွဲ့မှ ယာဉ်မောင်းများ ထိုင်ခုံခါးပတ် ပတ်ထားခြင်းရှိ၊ မရှိစစ်ဆေးစဉ်။

**ရန်ကုန် နိုဝင်ဘာ ၃**

နိုဝင်ဘာ ၁ ရက် နံနက် ၉ နာရီ ၄၅ မိနစ်မှ ၁၀ နာရီခွဲအထိ လသာမြို့နယ် ဗိုလ်ချုပ်လမ်းမပေါ် မောင်းနှင်လာသော ယာဉ်များတွင် ယာဉ်မောင်းများ ထိုင်ခုံခါးပတ် ပတ်ထားခြင်းရှိ၊ မရှိ စစ်ဆေးနေသည်ကို ရန်ကုန်ဆေးရုံကြီးဝင်းရှေ့ ဗိုလ်ချုပ်လမ်းနှင့် လမ်းမတော်လမ်းဆုံအနီး မြင်တွေ့ရသည်။

အမှတ်(၄၈) ယာဉ်ထိန်းတပ်ဖွဲ့စုမှူး ဒု-ရဲမှူး ဦးအေးထွန်းမောင် ဦးဆောင်သော ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ လသာမြို့နယ် မြို့နယ်စည်ပင်သာယာရေးရုံး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်အောင်နှင့် ဝန်ထမ်းများ ပါဝင်သောအဖွဲ့ဖြင့် ယင်းကားလမ်းမပေါ် မောင်းနှင်လာသော ယာဉ်များအနက် အိမ်စီးကိုယ်ပိုင်ယာဉ်ငယ်၊ လုပ်ငန်းသုံးယာဉ်ငယ်၊ အငှားတက္ကစီယာဉ်၊ ခရီးသည်တင် မီနီဘတ်ယာဉ်ငယ်၊ လိုင်းကားယာဉ်ကြီး၊ BRT Lite ယာဉ် စသည့် ယာဉ်မျိုးစုံအား ရပ်တန့်၍ ထိုင်ခုံခါးပတ် ပတ်ထားမှုရှိ၊ မရှိ စစ်ဆေးကြသည်။

ထိုင်ခုံခါးပတ် ပတ်ထားသောယာဉ်များ တွေ့မြင်ရသကဲ့သို့ ထိုင်ခုံခါးပတ် မပတ်ထားသောယာဉ်များကိုလည်း မြင်တွေ့ရသည်။ ပညာပေးကာလဖြစ်သဖြင့် အရေးယူမှုမရှိဘဲ ပညာပေးပြောကြားခြင်း၊ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ ထိုင်ခုံခါးပတ် ပတ်ထားခြင်းမရှိသည်ကို တွေ့ရှိရပါက ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း ပညာပေးပြောကြားသည်။ ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေ ပုဒ်မ ၅၄(င)တွင် သတ်မှတ်ထားသည့် ထိုင်ခုံခါးပတ် ပတ်ရန် ပြဋ္ဌာန်းထားသည်။ ယာဉ်မတော်တဆဖြစ်ပွားခြင်းနှင့် ယာဉ်တိုက်မှုဖြစ်စဉ်တို့ ကြုံတွေ့ရပါက ယာဉ်ပေါ်ပါ ခရီးသည်နှင့် ယာဉ်လုပ်သားတို့၏အသက်ကို ထိုင်ခုံခါးပတ် ပတ်ထားခြင်းမှ ကယ်တင်နိုင်ကြောင်း၊ ကနဦး ကညနတွင် မှတ်ပုံတင်ယာဉ်များ၊ သက်တမ်းတိုးယာဉ်များတွင် အသက်ကယ်ထိုင်ခုံခါးပတ် ပြည့်စုံကောင်းမွန်စွာပါရှိမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်း လုပ်ကိုင်ပေးမည်ဖြစ်ကြောင်း၊ သက်တမ်းတိုးယာဉ်များတွင် အသက်ကယ်ထိုင်ခုံခါးပတ်ပါရှိခြင်းရှိ၊ မရှိကို နိုဝင်ဘာ ၁ ရက်မှစ၍ စစ်ဆေးသွားမည်ဟု သိရသည်။

ယနေ့နံနက် စစ်ဆေးခဲ့သော BRT Lite ယာဉ်ကြီးတွင် ယာဉ်မောင်းဖြစ်သူမှာ ထိုင်ခုံခါးပတ် ပတ်ထားသော်လည်း ခရီးသည်ထိုင်ခုံများမှာမူ ထိုင်ခုံခါးပတ်မပါရှိသေးသည်ကို မြင်တွေ့ရသည်။ ယာဉ်ထိန်းရဲတာဝန်ခံ ဒု-ရဲမှူးက အဆိုပါယာဉ်ပေါ် တက်ရောက်၍ ထိုင်ခုံခါးပတ် ပတ်ထားမှုရှိ၊ မရှိနှင့်ပတ်သက်၍ ယာဉ်ပေါ်ပါ ရှိသူများအား တစ်မိနစ်ခန့်ပညာပေးပြောကြားခဲ့သည်ကို မြင်တွေ့ရသည်။

ယာဉ်ရှေ့ပိုင်းထိုင်ခုံမှ အမျိုးသမီး ခရီးသည်တစ်ဦးက ထိုင်ခုံစီးခရီးသည်များအတွက် ထိုင်ခုံခါးပတ်ပတ်ရန်မှာ ဖြစ်နိုင်ခြေရှိသော်လည်း ရပ်စီးခရီးသည်များအတွက် ဘေးအန္တရာယ်ကင်းရှင်းရန် မည်သို့စီမံထားနိုင်သည်ကို မေးမြန်းရာ စည်ပင်တာဝန်ရှိသူတစ်ဦးက များမကြာမီကာလတွင် ရန်ကုန်မြို့တွင်း ခရီးသည်တင်ယာဉ်လိုင်းများအား တစ်ဦးချင်းပိုင်ဆိုင်မှုမှ အများပိုင်ကုမ္ပဏီအဖြစ် ပြောင်းလဲရန်စီစဉ်နေကြောင်း၊ လက်ရှိ ဝင်ငွေတစ်မျိုးတည်းပေါ် အခြေခံပြေးဆွဲမှုမှ ခရီးသည်များ သက်သာချောင်ချိစွာ စီးနင်းလိုက်ပါနိုင်သည့် ဝန်ဆောင်မှုမျိုးသို့ပြောင်းလဲရန် စီစဉ်နေသည့်အတွက် ယာဉ်အတွင်း မတ်တတ်ရပ်စီးခရီးသည် လျော့ကျသွားနိုင်သည်ဟု ပြန်လည်ပြောကြားကြောင်း ခရီးသည်တစ်ဦးက ဆိုသည်။

ယာဉ်များဖြင့် သွားလာနေသူများသည် ကားမောင်းချိန်တွင် အသက်ကယ်ထိုင်ခုံခါးပတ်ကို ပတ်ထားသင့်သည်။ မော်တော်ဆိုင်ကယ်စီးသူများ ပြည့်စုံကောင်းမွန်သော ဦးထုပ်များဆောင်း၍ စီးနင်းရန် နေရာအနှံ့ပညာပေးခြင်း၊ စစ်ဆေးအရေးယူခြင်းများရှိသော်လည်း လိုက်နာမှုအားနည်းသဖြင့် မော်တော်ဆိုင်ကယ် မတော်တဆဖြစ်မှု၊ တိုက်မှုများကြောင့် သေဆုံး၊ ထိခိုက်သူများပြားနေရဆဲဖြစ်သည်။ ရေကြောင်းသွားရေယာဉ်များ၊ ကူးတို့လှေများတွင် အသက်ကယ်အင်္ကျီ ဝတ်ဆင်မှုအားနည်းခြင်း၊ စီးနင်းလိုက်ပါသူထက် ထားရှိသည့်အသက်ကယ်အင်္ကျီအရေအတွက် နည်းပါးစွာရှိခြင်းတို့ကြောင့် ရေယာဉ်နစ်မြုပ်မှုများတွင် ခရီးသည်သေဆုံးမှုများပြားသည်ကို အောက်တိုဘာလအတွင်း တွေ့ကြုံရသည့် ချင်းတွင်းမြစ်ကြောင်းသွား အမြန်ရေယာဉ်နစ်မြုပ်မှုဖြစ်စဉ် သတင်းဖော်ပြချက်များတွင် မြင်တွေ့ရသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း ယခုနှစ်တွင် ယာဉ်တိုက်မှုကြောင့် သေဆုံးရသူဦးရေသည် ယခင်နှစ်ကာလတူထက် ဦးရေ ၄၀၀ ကျော်ပိုမိုလာသည်။ ၂၀၁၆ ခုနှစ် ယခုကာလအထိ ယာဉ်မတော်တဆဖြစ်မှု ၁၁၉၇၀ ရှိပြီး လူ ၃၄၈၀ သေဆုံးကာ တစ်ရက်လျှင် ပျမ်းမျှ ယာဉ်မတော်တဆမှုကြောင့် လူ ၁၃ ဦးခန့် သေဆုံးသည်။ ၂၀၁၅ ခုနှစ်အတွင်း ဇန်နဝါရီလမှ စက်တင်ဘာလအထိ ယာဉ်မတော်တဆဖြစ်ပွားမှု ၁၁၃၇၅ မှုရှိပြီး ဒဏ်ရာရရှိသူ ၁၉၁၉၄ ဦး၊ သေဆုံးသူ ၃၀၆၂ ဦးရှိခဲ့ပြီး ၂၀၁၆ ခုနှစ်ကာလတူတွင် ယာဉ်မတော်တဆဖြစ်မှု ၁၁၉၇၀၊ ဒဏ်ရာရရှိသူ ၁၉၀၉၅ ဦး၊ သေဆုံးသူ ၃၄၈၀ ထိရှိသည်ဟု သက်ဆိုင်ရာမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ပြည်တွင်းတွင် ၂၀၁၆ ခုနှစ် စက်တင်ဘာလထိ မှတ်ပုံတင်ယာဉ်မျိုးစုံ ၅၉ သိန်းကျော်ရှိပြီး ယာဉ်ထိန်းရဲအင်အားမှာ ၂၈၀၀ ကျော်သာရှိရာ ယာဉ်ထိန်းရဲတစ်ဦးလျှင် ယာဉ် ၂၀၀၀ ဝန်းကျင်တွင် စောင့်ကြည့်နေရသည်ဟု သိရသည်။ ယာဉ်မျိုးစုံဆိုရာတွင် မော်တော်ဆိုင်ကယ်များပါ ပါဝင်သည့်အတွက် အစီးရေများပြားနေခြင်းဖြစ်သည်။

နိုဝင်ဘာ ၁ ရက် နံနက်ပိုင်း ထိုင်ခုံခါးပတ် ပတ်ထားခြင်းရှိ၊ မရှိ စစ်ဆေးရာတွင် ယာဉ်ပေါ်ပါ ယာဉ်မောင်းများအား ပညာပေးပြောခြင်းသာမက ယင်းနေရာအနီး ရပ်နားထားသော ယာဉ်ငယ်မျိုးစုံမှ ယာဉ်မောင်းများကိုပါ ယာဉ်ထိန်းရဲတာဝန်ရှိသူမှ ယာဉ်တိုက်မှုဖြစ်စဉ်များနှင့် ထိုင်ခုံခါးပတ် ဆက်စပ်မှု၊ အသက်ကယ်ထိုင်ခုံ ခါးပတ်ကြောင့် ထိခိုက်၊ သေဆုံးမှုလျော့ကျနိုင်မှု၊ အရေးယူမည့်ကာလများတွင် လုပ်ဆောင်မည့် အရေးယူဆောင်ရွက်ချက်လုပ်ငန်းစဉ်များကိုပါ အကျယ်တဝင့် ရှင်းလင်းပြောကြားသွားကြောင်း ယင်းနေရာတွင်ရှိနေသည့် ယာဉ်မောင်းတစ်ဦးက ဆိုသည်။

**(မောင်စေအောင်)**

# ပန်းချီ၊ ကာတွန်း၊ သရုပ်ဖော်ပုံစတာ လက်တွေ့ပြိုင်ပွဲ နိုဝင်ဘာ ၅ ရက်တွင် ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၃**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ကြီးမှူးကျင်းပသော "အဆင့်မြင့်မြို့တော်ဖြစ်ဖို့ စည်းကမ်းကိုယ်စီလိုက်နာစို့" ခေါင်းစဉ်ဖြင့် ပန်းချီ၊ ကာတွန်း၊ သရုပ်ဖော်ပိုစတာ လက်တွေ့ပြိုင်ပွဲကို လသာမြို့နယ် အထက(၂) မြည်ီလာခန်းမ၌ နိုဝင်ဘာ ၅ ရက်နှင့် ၆ ရက် နံနက် ၉ နာရီတွင် စတင်ကျင်းပမည်ဖြစ်ရာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့်လက်တွေ့ပြိုင်ပွဲဝင် ကျောင်းသားကျောင်းသူများသည် နံနက် ၈ နာရီထက် နောက်မကျစေဘဲ ပြိုင်ပွဲကျင်းပမည့် ခန်းမသို့ သတ်မှတ်အချိန်အတိုင်း လာရောက်ကြရန် သက်ဆိုင်ရာမှ နှိုးဆော်သတိပေးထားကြောင်း သိရသည်။

နိုဝင်ဘာ ၅ ရက်တွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ပန်းချီလက်တွေ့ ပြိုင်ပွဲအားလည်းကောင်း၊ မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ ကာတွန်းလက်တွေ့ပြိုင်ပွဲအားလည်းကောင်း ကျင်းပပေးပြီး နိုဝင်ဘာ ၆ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ကျန်ရှိသော သရုပ်ဖော်ပိုစတာ လက်တွေ့ပြိုင်ပွဲကို ဆက်လက်ကျင်းပပေးမည်ဖြစ်သည်။

ထို့ပြင် ပန်းချီ၊ ကာတွန်း၊ သရုပ်ဖော်ပိုစတာ ပညာရှင်ကြီးများက လက်တွေ့ပြိုင်ပွဲ နှင့် ပေးပို့ပြိုင်ပွဲဝင်ကားချပ်များအား အချိန်နှင့်တစ်ပြေးညီ စိစစ်ရွေးချယ်ပေးသွားမည် ဖြစ်သည်။ ဆုရသူများ၏ အမည်စာရင်းများကို သက်ဆိုင်ရာမှ မကြာမီထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း ကျင်းပရေးကော်မတီမှ သိရသည်။

**(စောသိန်းဝင်း)**

# ရော်ဘာရွက်ဖြင့် ပန်းအလှဆင်ခြင်း မွမ်းမံသင်တန်းဖွင့်

**ဘားအံ နိုဝင်ဘာ ၃**

ကရင်ပြည်နယ်အတွင်းရှိ ရော်ဘာစိုက်တောင်သူမိသားစုဝင်များ၊ အမျိုးသမီးငယ်များ၊ သက်ကြီးရွယ်အိုများ အိမ်တွင်းလက်မှုလုပ်ငန်းဖြင့် စီးပွားရေး(SME) အဖြစ် ဝင်ငွေတိုးတက်စေရန်အတွက် ရည်ရွယ်ပြီး ရော်ဘာရွက်ကို အသုံးပြု၍ ပန်းအလှဆင်ခြင်းမွမ်းမံသင်တန်းကို အောက်တိုဘာ ၃၁ ရက် နံနက်ပိုင်းက ဘားအံခရိုင် ဦးစီးမှူးရုံး သင်တန်းခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ကရင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဦးဇော်လင်းနှင့် ဘားအံခရိုင်ဦးစီးမှူး ဒေါ်အေးမေတို့က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်များမှ စိုက်ပျိုးရေးဝန်ထမ်း ၃၅ ဦးကို သင်တန်းကာလ နှစ်ရက်အတွင်း ဦးစွာပထမ တတ်မြောက်အောင် သင်ကြားပြီးနောက် ဒေသအလိုက် ရော်ဘာထုတ်လုပ်သူများအသင်းနှင့် ပူးပေါင်းကာ ရော်ဘာစိုက်တောင်သူများ၊ ဒေသခံပြည်သူများအား ပြန်လည်ဆင့်ပွားသင်တန်းပို့ချပေးသွားမှာဖြစ်ကြောင်းနှင့် ပြည်တွင်း ပြည်ပ စိတ်ဝင်စားစေမည့် ဈေးကွက်ဝင် ရော်ဘာရွက်အခြေခံပန်းအလှများကို တွင်ကျယ်စွာဖန်တီးစေနိုင်မည်ဖြစ်ကြောင်း သိရသည်။

**(နေမျိုးလွင်)**

# မော်တော်ယာဉ်မောင်းနှင်သူနှင့် လိုက်ပါစီးနင်းသူများ ထိုင်ခုံခါးပတ်ဝတ်ဆင်အသုံးပြုရန် အသိပေးနှိုးဆော်ချက်

၁။ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ အနေဖြင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးလုပ်ငန်းစီမံချက် (၂၀၁၄-၂၀၂၀)အား အချိန်တိုအတွင်း ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် ဦးစားပေးလုပ်ငန်းအစီအမံ(၄)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိရာ "မော်တော်ယာဉ်မောင်းနှင်လိုက်ပါစီးနင်းသူများအားလုံး အသက်ကယ်ထိုင်ခုံခါးပတ် ဝတ်ဆင်စီးနင်းစေရေး" လုပ်ငန်းစဉ်လည်း အပါအဝင်ဖြစ်ပါသည်။

၂။ မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအတွင်း မော်တော်ယာဉ်(မော်တော်ဆိုင်ကယ်မပါ)ကြောင့် ဖြစ်ပွားသော ယာဉ်တိုက်ခိုက်မှုများတွင် သေဆုံးသူ ၂၁၅၉ ဦးရှိရာ မော်တော်ယာဉ်မောင်းနှင်သူနှင့် လိုက်ပါစီးနင်းသူများ အသက်ကယ်ထိုင်ခုံခါးပတ် အသုံးမပြုခြင်းကြောင့် သေဆုံးမှုအများဆုံးဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

၃။ သို့ပါ၍ မော်တော်ယာဉ်မောင်းနှင်လိုက်ပါစီးနင်းသူများအားလုံး အသက်ကယ်ထိုင်ခုံခါးပတ် ဝတ်ဆင်စီးနင်းစေရေးလုပ်ငန်းစဉ်အား တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရေးအတွက် ပြည်တွင်း၌ အသုံးပြုနေသည့် မော်တော်ယာဉ်များ၌ အသက်ကယ်ထိုင်ခုံခါးပတ်များ ပြည့်စုံစွာပါရှိစေရေးအတွက် သတ်မှတ်ချက်များကို ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက အောက်ပါအတိုင်း သတ်မှတ်ထုတ်ပြန်ထားပြီးဖြစ်ပါသည် -

(က) ကနဦးမှတ်ပုံတင်ယာဉ်များစစ်ဆေးရာတွင် မူလထုတ်လုပ်သူ၏ စံသတ်မှတ်ချက်ပုံစံအတိုင်း အသက်ကယ်ထိုင်ခုံခါးပတ်(Seat Belt)ပါရှိကြောင်း စစ်ဆေးပြီး ပြည့်စုံမှသာလျှင် မှတ်ပုံတင်လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးပါမည်။

(ခ) နှစ်လဲနှင့် အခြားမှတ်ပုံတင်လုပ်ငန်းများဆောင်ရွက်သည့် ယာဉ်များကို ယာဉ်စစ်ဆေးရာတွင် "6C" အက္ခရာနှင့်အထက် လူစီးယာဉ်များအားလုံး အသက်ကယ်ထိုင်ခုံခါးပတ် (Seat Belt)များ တပ်ဆင်ပါရှိရမည်။ "6C" အက္ခရာအောက် ယာဉ်ဖြစ်သော်လည်း ၁၉၉၅ ခုနှစ်နှင့်အထက် ထုတ်လုပ်သည့် ယာဉ်များဖြစ်ပါက မူလစက်ရုံထုတ်ပုံစံတွင် ပါရှိသည့်အတိုင်း အသက်ကယ်ထိုင်ခုံခါးပတ်(Seat Belt)တပ်ဆင်ပါရှိရမည်။ Pick Up, Light Truck, Truck, City Bus ယာဉ်များတွင် ယာဉ်မောင်းသူ အသက်ကယ်ထိုင်ခုံခါးပတ် (Driver Seat Belt)မဖြစ်မနေ တပ်ဆင်ပါရှိရမည်။ ကျောင်းသားများ သယ်ယူပို့ဆောင်သော ကျောင်းသုံးယာဉ်(School Bus)များနှင့် အဝေးပြေးခရီးသည်ပို့ဆောင်သော အဝေးပြေးယာဉ်(Express Bus)များအားလုံး ယာဉ်မောင်းနှင်စီးနင်းသူများအတွက် အသက်ကယ်ထိုင်ခုံခါးပတ်(Seat Belt) ပြည့်စုံစွာ တပ်ဆင်ပါရှိရမည်။

(ဂ) အထက်အပိုဒ်ပါ အသက်ကယ်ထိုင်ခုံခါးပတ်(Seat Belt)မပါရှိသော ယာဉ်များနှင့် ကောင်းမွန်စွာ အသုံးပြုနိုင်ခြင်းမရှိသော ယာဉ်များအား မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးခြင်းပြုမည်မဟုတ်ပါ။

၄။ အသက်ကယ်ထိုင်ခုံခါးပတ်(Seat Belt) ပြည့်စုံစွာတပ်ဆင်ထားရှိမှုနှင့် ကောင်းမွန်စွာအသုံးပြုနိုင်မှု ရှိ၊ မရှိ စစ်ဆေး၍ အရေးယူဆောင်ရွက်ခြင်းအား ကနဦးမှတ်ပုံတင်ယာဉ်များအတွက် လက်ရှိ စိစစ်ဆောင်ရွက်လျက်ရှိပြီး နှစ်လဲမှတ်ပုံတင်ယာဉ်များအတွက် (၁-၁၁-၂၀၁၆)ရက်နေ့မှစတင်၍ စိစစ်ဆောင်ရွက်သွားမည်ဖြစ်ရာ ယာဉ်ပိုင်ရှင်များအနေဖြင့် (၁-၁၁-၂၀၁၆)ရက်နေ့မတိုင်မီ ပြည့်စုံကောင်းမွန်စွာ ပြင်ဆင်ဆောင်ရွက်ထားကြရန် လိုအပ်မည်ဖြစ်ပါသည်။

၅။ မော်တော်ယာဉ်မောင်းနှင်သူနှင့် လိုက်ပါစီးနင်းသူများအနေဖြင့်လည်း အသက်ကယ်ထိုင်ခုံခါးပတ်များ(Seat Belt)ကို မပျက်မကွက်ဝတ်ဆင်ပြီးမှ မောင်းနှင်စီးနင်းကြရန်ဖြစ်ပါသည်။ အသက်ကယ်ထိုင်ခုံခါးပတ်ဝတ်ဆင်၍ မောင်းနှင်ခြင်း၊ စီးနင်းခြင်းအား (၁-၁၁-၂၀၁၆)မှ (၃၁-၁၂-၂၀၁၆)ရက်နေ့အထိ ပညာပေးကာလအဖြစ် သတ်မှတ်စစ်ဆေးပညာပေးသွားမည်ဖြစ်ပြီး (၁-၁-၂၀၁၇)ရက်နေ့မှစတင်၍ ဝတ်ဆင်အသုံးမပြုသူများအား မော်တော်ယာဉ်ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ**

# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် နိုဝင်ဘာ ၃**

| | | | |
|---|---|---|---|
| ရန်ကုန်(ရွှေဈေး) | ၈၈၅၀၀၀ | - | ၈၈၅၀၀၀ |
| မန္တလေး(ရွှေဈေး) | ၈၈၅၀၀၀ | - | ၈၈၅၀၀၀ |

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က)ဒီဇယ် | တစ်လီတာ | ၆၃၀/၆၅၀ ကျပ်၊ | ၆၅၀/၆၇၀ ကျပ် |
| (ခ)အောက်တိန်း 95 | တစ်လီတာ | ၆၇၀/၆၉၀ ကျပ်၊ | ၇၆၅/၈၁၀ ကျပ် |
| (ဂ)အောက်တိန်း 92 | တစ်လီတာ | ၆၃၀/၆၅၀ ကျပ်၊ | ၆၉၀/၇၁၀ ကျပ် |
| (ဃ)အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၅၀/၆၈၀ ကျပ်၊ | ၆၈၀/၇၀၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၅၈၂ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၀၉ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၅၈၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၈၅. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၂၅. ၁ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၀. ၁၇ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၆. ၇၆၂ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၆. ၉၄ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၉. ၂၃၈ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၄၂. ၇ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၂. ၂၁ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၉၈၃. ၄၇ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၂၇. ၉၀ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

# အာရှပရိသတ်တွေနဲ့ တွေ့ဆုံမယ့် ပါ့ခ်ဘိုဂန်း

တောင်ကိုရီးယားရဲ့ ထိပ်တန်းမင်းသားတစ်ဦးဖြစ်တဲ့ ပါ့ခ်ဘိုဂန်းဟာ အာရှတစ်ဝန်းမှာရှိတဲ့ သူ့ရဲ့ပရိသတ်တွေနဲ့ တွေ့ဆုံပွဲတွေ ပြုလုပ်ဖို့ အာရှမှာရှိတဲ့ မြို့ကြီးရှစ်မြို့ကို သွားရောက်ရန်စီစဉ်ထားတယ်လို့ အောကေပေ့ါပ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ပါ့ခ်ဘိုဂန်းရဲ့ အေဂျင်စီဖြစ်တဲ့ ဘလွန်းစွန်းမ်အန်တာတိန်းမန့်က မင်းသားဟာ ကွာလာလမ်ပူ၊ ဟောင်ကောင်၊ တိုင်ပေ၊ တိုကျို၊ ဘန်ကောက်၊ စင်ကာပူနဲ့ ဆိုးလ်မြို့တွေကို သွားရောက်မှာဖြစ်ပြီး တရုတ်မှာရှိတဲ့ အခြားမြို့ကြီးတွေကိုလည်း သွားရောက်နိုင်ဖွယ်ရှိကြောင်းသိရပါတယ်။

အဆိုပါခရီးစဉ်နဲ့ ပတ်သက်တဲ့အသေးစိတ်အချက် အလက်တွေနဲ့ သွားရောက်မယ့် အချိန်အတိအကျကိုတော့ ဘလွန်းစွန်းမ်အန်တာတိန်းမန့်ရဲ့ ဝက်ဘ်ဆိုက်ဒ်မှာ မကြာမီ ထုတ်ပြန်ပေးသွားမှာဖြစ်ပါတယ်။





၂၀၁၆ကန်းထရီးတေးဂီတဆုပေးပွဲတွင် ဘီယွန်းစေးနှင့် “ The Dixie Chicks ”တို့ တွဲဖက်ဖျော်ဖြေနေစဉ်။

# ကန်းထရီးတေးဂီတဆုပေးပွဲအောင်မြင်စွာ ကျင်းပပြီးစီး

အမေရိကန်နိုင်ငံရဲ့ ထင်ရှားတဲ့ တေးဂီတဆုပေးပွဲတစ်ပွဲဖြစ်တဲ့ ကန်းထရီးတေးဂီတဆုပေးပွဲကို နိုဝင်ဘာ ၂ရက်က အမေရိကန်နိုင်ငံ နက်ဗ်ရှဲလ်မြို့မှာ အောင်မြင်စွာကျင်းပပြီးစီးခဲ့တယ်လို့ အေ့စ်ရှီးဘစ်ဇ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

အဆိုပါဆုပေးပွဲမှာ ကန်းထရီးအဆိုတော်တွေဖြစ်ကြတဲ့ ကာရီးအန်ဒါဝုဒ်နဲ့ ဘရက်ပေ့စလီတို့က အစီအစဉ်တင်ဆက်သူတွေအဖြစ် ဆောင်ရွက်ခဲ့ကြပါတယ်။ နာမည်ကျော် ကန်းထရီးတေးသံရှင်တွေ ပါဝင်ဖျော်ဖြေကြပြီး ပေ့ါပ်တေးသံရှင်တစ်ဦးဖြစ်တဲ့ ဘီယွန်းစေးက သူ့ရဲ့အောင်မြင်တဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ “Daddy Lessons”ကို ကန်းထရီးအမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ “ The Dixie Chicks”နဲ့ တွဲဖက်ကာ ဖျော်ဖြေခဲ့ကြောင်းလည်း သိရပါတယ်။

ယခုနှစ်ရဲ့ ကန်းထရီးတေးဂီတဆုပေးပွဲမှာ ဆုသုံးဆုအတွက် အမည်စာရင်း တင်သွင်းခြင်းခံရတဲ့ အဲရစ်ချက်ချ်ဟာ အကောင်းဆုံး အမျိုးသားတေးသံရှင်ဆုနဲ့ အကောင်းဆုံးတေးသီချင်းဆုတွေနဲ့ လွဲချော်ခဲ့ကာ “Mr. Misun - derstand” တေးအယ်လ်ဘမ်နဲ့ တစ်နှစ်တာအတွက် အကောင်းဆုံးတေးအယ်လ်ဘမ်ဆုကို ရရှိခဲ့ပါတယ်။ တစ်နှစ်တာရဲ့ အကောင်းဆုံး မျက်နှာသစ်တေးသံရှင်ဆုကိုတော့ အမေရိကန်လူမျိုးတေးရေး၊ တေးဆိုနဲ့ တေးထုတ်လုပ်သူတစ်ဦးဖြစ်တဲ့ မာရန်မော်ရစ်က ရရှိခဲ့ပါတယ်။

တစ်နှစ်တာအတွက် အကောင်းဆုံးဖျော်ဖြေတင်ဆက်သူအဖြစ် ဂရက်သ်ဘရွတ်ခ်ရွေးချယ်ခံရပြီး အကောင်းဆုံးအမျိုးသားတေးသံရှင်ဆုကိုတော့ ခရစ်စတေပ်လတန်က ရရှိခဲ့ကာ အမျိုးသမီးတေးသံရှင်ဆုကိုတော့ ကာရီးအန်ဒါဝုဒ်က သိမ်းပိုက်ခဲ့ပါတယ်။ အကောင်းဆုံးတေးဂီတအဖွဲ့အဖြစ် အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ “Little Big Town”က ရွေးချယ်ခံရပြီး အကောင်းဆုံးဂီတပညာရှင်ဆုအတွက် ဒန်ဟက်ဖ်ကို ရွေးချယ်ပေးအပ်ခဲ့ပါတယ်။

အကောင်းဆုံးတေးသီချင်းဆုကိုတော့ လိုရီမက်ကန်နာက “ Humble and Kind ”နဲ့ ဆွတ်ခူးသွားခဲ့ကာ အကောင်းဆုံးတေးဗွီဒီယိုအဖြစ် ခရစ်စတေပ်လတန်နဲ့ တင်မ်မက်တီးရားတို့ရဲ့ “Fire Away”တေးသီချင်းရဲ့ တေးဗွီဒီယိုကို ရွေးချယ်ခဲ့ကြပါတယ်။

နှစ်စဉ်ကျင်းပမြဲဖြစ်တဲ့ အဆိုပါဆုပေးပွဲဟာ ယခုနှစ်မှာတော့ အကြိမ်(၅၀)မြောက် ကျင်းပခဲ့တာဖြစ်ပြီး ကန်းထရီးတေးဂီတနဲ့ပတ်သက်တဲ့ဆုပေါင်း ၁၄ ဆုကို ပေးအပ်ခဲ့တယ်လို့ သိရပါတယ်။

အေး ပြည့် ရေး သား သည်


# ဝင်ငွေအကောင်းဆုံး တေးသံရှင်ဖြစ်လာတဲ့ တေလာဆွစ်

ယခုသီတင်းပတ်အတွင်း ဖော်ဘီစ်ကထုတ်ပြန်တဲ့ ဝင်ငွေအကောင်းဆုံးသောတေးသံရှင်တွေထဲမှာ အမေရိကန်ပေ့ါပ်အဆိုတော် တေလာဆွစ်က နံပါတ်တစ်နေရာမှာ ရပ်တည်နေကြောင်း ယူအက်စ်မဂ္ဂဇင်းဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

အသက် (၂၆)နှစ်အရွယ် တေလာဆွစ်ဟာ ယခုနှစ်အတွင်း ဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၁၇၀ ရရှိခဲ့ကာ ယင်းဝင်ငွေထဲမှာ သူ့ရဲ့ “1989”တေးအယ်လ်ဘမ်အတွက် နယ်လှည့်ဖျော်ဖြေပွဲကနေ ရရှိခဲ့တဲ့ ဝင်ငွေတွေဟာ အများဆုံးဖြစ်ကြောင်းလည်း သိရပါတယ်။

ယခုနှစ်မှာတော့ တေလာဟာ ၂၀၁၅ခုနှစ်က ဝင်ငွေအကောင်းဆုံးဖြစ်ခဲ့တဲ့ ကတ်တီပါရီရဲ့ ဝင်ငွေထက်ကျော်လွန်ကာ နံပါတ်တစ်နေရာ ရယူထားနိုင်ခဲ့တာဖြစ်ပါတယ်။ ကတ်တီပါရီဟာ ယခုနှစ်ရဲ့ ဝင်ငွေအကောင်းဆုံးတေးသံရှင်များစာရင်းမှာ နံပါတ်ခြောက်နေရာကိုသာ ပိုင်ဆိုင်နိုင်ခဲ့ပါတယ်။ ယခုနှစ်ရဲ့ ဒုတိယဝင်ငွေအကောင်းဆုံးတေးသံရှင်ကတော့ ဝင်ငွေအမေရိကန်ဒေါ်လာ ၈၀ ဒသမ ၅ သန်းရရှိခဲ့တဲ့ အဒဲလ်ဖြစ်ပါတယ်။ တတိယနေရာမှာတော့ အသက် (၅၆) နှစ်အရွယ် မက်ဒေါနားက ၇၆ ဒသမ ၅သန်းနဲ့ ရပ်တည်နေပါတယ်။

ဝင်ငွေအကောင်းဆုံးတေးသံရှင်တွေရဲ့ ထိပ်တန်း (၁၀)ဦးမှာပါဝင်တဲ့ အခြားသော တေးသံရှင်တွေကတော့ ရီဟားနား၊ ဘီယွန်းစေး၊ ဂျနီဖာလိုပက်ဇ်၊ ဘရစ်တနေစပီးယား၊ ရှနိုင်ယာတွင်းန်နဲ့ စလင်းဒီယွန်တို့ဖြစ်ပါတယ်။



## တောင်ကိုရီးယားရဲ့ ကန်းရီဝက်စ်ထ်လို့ တင်စားခံရသူ

ဟောလိဝုဒ်ရဲ့ ဖက်ရှင်လောကမှာ နာမည်ကျော်တစ်ဦးဖြစ်တဲ့ အဆိုတော်ကန်းရီဝက်စ်ထ်လိုပဲ ဖက်ရှင်ကျကျဝတ်စားဆင်ယင်တတ်တဲ့အတွက် တောင်ကိုရီးယားရဲ့ ကန်းရီဝက်စ်ထ်လို့ တင်စားခံရသူကတော့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ “BTOB”မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဆန်းဂျေးပဲ ဖြစ်ပါတယ်။

ဆန်းဂျေးရဲ့ ဖက်ရှင်နဲ့ပတ်သက်တဲ့အမြင်ရှိမှုတွေကြောင့် တောင်ကိုရီးယားရဲ့ ဖက်ရှင်အိုင်ကွန်တစ်ဦးအဖြစ် သတ်မှတ်ခံရခြင်းဖြစ်ကာ တောင်ကိုရီးယားရဲ့ဖက်ရှင်လောကမှာ ဘုရင်တစ်ပါးအဖြစ် မှတ်ယူထားခြင်းခံရသူလည်းဖြစ်ကြောင်း ကိုရီးယားဘိုးဒေ့ါကွန်း ဖော်ပြခဲ့ပါတယ်။



## မြဝတီရုပ်မြင်သံကြား

### ၄-၁၁-၂၀၁၆(သောကြာနေ့)

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၇း၁၅ | မေတ္တာပို့ |
| ၇း၂၅ | ဓမ္မပူဇာတေး |
| ၇း၃၅ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၂၅ | DVD Hits |
| ၈း၃၅ | နှစ်(၈၀)ကျော်ကြားတေးများ |
| ၉း၀၀ | မြဝတီနေ့စဉ်သတင်း |
| ၉း၂၀ | အမှတ်တရနေ့ရက်လေးများ |
| ၉း၄၀ | ကျန်းမာသုတ |
| ၉း၅၀ | ရင်မှာစွဲလန်းတော်ဝင်ပန်း |
| ၁၀း၀၀ | တစ်ပတ်အတွင်းစီးပွားရေးသတင်း |
| ၁၀း၁၅ | Books Guide |
| ၁၀း၂၅ | မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်းကဏ္ဍ |
| ၁၀း၄၅ | သီချင်းလက်ဆောင် |
| ၁၁း၂၀ | မြန်မာ့ရှုခင်း |
| ၁၁း၃၅ | Sportcast |
| ၁၁း၅၅ | ဇာတ်လမ်းတို |
| ၁၂း၁၀ | မြန်မာသံစဉ်ချိုနားဝင် |
| ၁၂း၃၅ | DVD Hits |
| ၄း၀၆ | တစ်ပတ်အတွင်းစာပေနှင့် အနုပညာသတင်း |
| ၄း၁၅ | မျိုးချစ်တပ်မတော် |
| ၄း၂၅ | ခံစားနားဆင် လက်ာဝတ်ရည်တေးသံစဉ် |
| ၄း၄၅ | Sportcast |
| ၅း၃၅ | ရောင်စုံဖြာဝေဂျပန်မြေ |
| ၆း၁၀ | ရှုမောဖွယ်ရာရွှေရုပ်လွှာ |
| ၆း၃၀ | “ရွာ”ဟာသဇာတ်လမ်းတွဲ ဒါရိုက်တာ-မိုးဇော်ကို |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မစ္စကိုရီးယား အပိုင်း(၂၂) |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း အမျိုးသားရေးတေးကဗျာ နိုင်ငံတကာသတင်း မိုးလေဝသသတင်း |

## မြန်မာ့ရုပ်မြင်သံကြား ထုတ်လွှင့်မှုအစီအစဉ်

### ၄-၁၁-၂၀၁၆(သောကြာနေ့)

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၃၅ | ပြည်သူတို့ရဲ့ စကားသံများ |
| ၈း၃၅ | မျက်မှောက်ရေးရာအဖြာဖြာ |
| ၉း၃၅ | အနုပညာသတင်းအစီအစဉ် |
| ၁၀း၃၅ | Weekly Sport Info |
| ၁၁း၁၅ | “စောင့်ရှောက်ကာကွယ်ဆင်ရိုင်းကမ္ဘာငယ်” |
| ၁၁း၃၅ | အလုပ်သမားရေးရာအစီအစဉ် |
| ၁၂း၃၅ | နိုင်ငံခြားဇာတ်လမ်းတွဲ “သစ္စာတိုင်နေ့ရက်များ” (အပိုင်း-၂၅) |
| ၁း၂၅ | နိုင်ငံခြားဇာတ်လမ်းတွဲ “ဘုရင်မရဲ့ ပန်းရွှေကြာ” (အပိုင်း-၃၃) |
| ၂း၁၀ | မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့ (အောင်မြင်သူနှင့် စောလယ်ဘွဲ့ထူး) |
| ၂း၃၀ | လက်တွေ့အသုံးချဘဏ္ဍာရေး သုတများ |
| **ညပိုင်း** | |
| ၃း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ “တံ့မယူလို” (အပိုင်း-၃၄) |
| ၄း၁၅ | Football Magazine (ရတနာပုံယူနိုက်တက်အသင်း) |
| ၄း၄၅ | ၂၀၁၆ ခုနှစ် အာဆီယံဆုဇူကီး ဖလားပြိုင်ပွဲအကြိုခြေစမ်းပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (မြန်မာလက်ရွေးစင်အသင်းနှင့် အင်ဒိုနီးရှားလက်ရွေးစင်အသင်း) |
| ၇း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ “တံ့မယူလို” (အပိုင်း-၃၅) |
| ၈း၀၀ | ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသ အခြေအနေ |
| ၈း၃၅ | “သူ့ပညာသူ့ဝါသနာ” (ဂျုံရုပ်ပြုလုပ်သူ) |
| ၉း၀၀ | ပြည်တွင်းသတင်း မိုးလေဝသအခြေအနေ နိုင်ငံခြားဇာတ်လမ်းတွဲ “ဘုရင်မရဲ့ပန်းရွှေကြာ” (အပိုင်း-၃၄) သမိုင်းကိုဖော်ပြသောဝါကျများ “အဆိုတော်ဒေါ်မာမာအေးနှင့် တွေ့ဆုံခြင်း” (အပိုင်း-၂) |

မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။

# ရီးယဲလ်ကစားသမားများ အနိုင်ရလိုစိတ် ပြင်းထန်မှုမရှိဟု ဇီဒန်းပြစ်တင်ဝေဖန်

ရီးယဲလ်မက်ဒရစ်အသင်းသည် လီဂါယာဝါဆောအသင်းအား နှစ်ဂိုးပြတ်ဦးဆောင်နေပြီးမှ သုံးဂိုးပြန်ပေးခဲ့ရကာ နောက်ကျချေပဂိုးဖြင့် သရေရလဒ်ထွက်ပေါ် ကစားခဲ့ရခြင်းအတွက် ရီးယဲလ်ကစားသမားများ၏ အနိုင်ရလိုစိတ် ပြင်းထန်မှုမရှိခြင်းအပေါ် ရီးယဲလ်နည်းပြ ဇီဒန်းက ပြစ်တင်ဝေဖန်လိုက်သည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် ပွဲအစ ၅၇ စက္ကန့်ကတည်းက ဂါရတ်ဘေးလ်၏ သွင်းဂိုးဖြင့် စောစောစီးစီး ဦးဆောင်နေခဲ့ပြီး ပွဲချိန် ၃၅မိနစ်တွင် ဘင်ဇီမာက ရီးယဲလ်အတွက် ဒုတိယမြောက် ဦးဆောင်ဂိုးကို သွင်းယူပေးခဲ့သည်။ ဝါဆောမှ အောဖိုနှင့် ရာဒိုဗစ် တို့က ချေပဂိုး သွင်းယူခဲ့ပြီး ပွဲချိန် ၈၃ မိနစ်တွင် မိုလင်က ဝါဆောအတွက် ဦးဆောင်ဂိုးကို သွင်းယူနိုင်ခဲ့ခြင်းကြောင့် ရီးယဲလ်မက်ဒရစ်အသင်း မထင်မှတ်ဘဲ နောက်ကလိုက်ကစားခဲ့ရသေးသည်။

သို့သော် ကွင်းလယ်လူ ကိုဗာဆစ်က ရီးယဲလ်အတွက် အဖိုးတန်ချေပဂိုးကို ပွဲချိန် ၈၅ မိနစ်တွင် ပြန်လည်သွင်းယူပေးခဲ့သောကြောင့် ဇီဒန်း၏ ရီးယဲလ်အသင်းကို ကိုင်တွယ်သည့် ပွဲ ၁၀၀ မြောက်တွင် အရှုံးနှင့် ရင်ဆိုင်ရမည့်အခြေအနေမှ ကင်းလွတ်ခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ရီးယဲလ်လူငယ် တိုက်စစ်မှူး လူးကပ်စ်ဘက်စကွက်စ်၏ ကန်သွင်းချက်မှာလည်း ဂိုးဘားတန်းနှင့် ထိပြီးထွက်ခဲ့သဖြင့် ရီးယဲလ်အသင်း အနိုင်ရမည့် အခွင့်အရေးတစ်ရပ်မရရှိခဲ့ခြင်းဖြစ်သည်။

ယခုကဲ့သို့ အုပ်စုတွင်း အားအနည်းဆုံး ပြိုင်ဘက်အဖြစ် သတ်မှတ်နိုင်သည့် လီဂါယာဝါဆောအသင်းကို အနိုင်မရရှိခြင်းကြောင့် ရီးယဲလ်မှာ ဦးဆောင်သူ ဒေါ့မွန်အသင်းနှင့် နှစ်မှတ်ကွာဟသွားပြီဖြစ်ရာ အုပ်စုပထမဖြင့် နောက်တစ်ဆင့် တက်ရောက်ခွင့်ရရေးအတွက် ဒေါ့မွန်၊ စပို့တင်း အသင်းနှစ်သင်းစလုံးကို အနိုင်ရရှိအောင်ကစားရတော့မည်ဖြစ်သည်။ ဇီဒန်းက နှစ်ဂိုးပြတ်ဦးဆောင်နေခဲ့ပြီးမှ နောက်ကလိုက်ကစားခဲ့ရခြင်းအပေါ် စိတ်ပျက်မိသော်လည်း မည်သည့်အသင်းကိုမျှ အလွယ်တကူ အနိုင်မရရှိဟူသော သင်ခန်းစာကို ရရှိကြောင်း၊ သို့သော် ရီးယဲလ်အသင်း၏ မူလ ရည်မှန်းချက်ဖြစ်သည့် အုပ်စု ပထမနေရာဖြင့်နောက်တစ်ဆင့် တက်ရောက်ရေးအတွက်မူ အစွမ်းကုန်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။



## ဖယ်လ်ကာအို ယခုထက်ပိုမိုကောင်းလာဦးမည်ဟု နည်းပြဂျာဒင် ယုံကြည်

မိုနာကိုအသင်းတိုက်စစ်မှူး ဖယ်လ်ကာအိုမှာ စီအက်စ်ကေအေမော်စကိုအား သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိသည့် ချန်ပီယံလိဂ်ပွဲစဉ်တွင် သွင်းဂိုးနှစ်ဂိုး သွင်းယူထားပြီးဖြစ်ရာ အဆိုပါတိုက်စစ်မှူးထံမှ ယခုထက် ပိုမိုကောင်းမွန်သည့် စွမ်းဆောင်ရည်ကို ရရှိဦးမည်ဟု မိုနာကိုနည်းပြ ဂျာဒင်က မျှော်လင့်ကြောင်း ဆိုသည်။ ဖယ်လ်ကာအိုမှာ ပြင်းထန်သည့် ဒူးဒဏ်ရာပြဿနာကြောင့် ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလနောက်ပိုင်း ခြေစွမ်းပိုင်းပျောက်ဆုံးသွားခဲ့သည်။ သူသည် ပြီးခဲ့သည့်နှစ်ရာသီအတွင်း မန်ယူနှင့် ချယ်လ်ဆီးအသင်းများသို့ အငှားဖြင့် ပြောင်းရွှေ့ကစားခဲ့သော်လည်း အောင်မြင်မှုမရရှိခဲ့ဘဲ ယခုနှစ်တွင် မိုနာကိုအတွက် ပြန်လည်ကစားပေးနေရခြင်း ဖြစ်သည်။

ဂျာဒင်က ဖယ်လ်ကာအိုအနေဖြင့် မိုနာကိုအသင်းနှင့်သာ ဆက်လက်ပူးပေါင်းပြီး ရာနှုန်းပြည့် ကြံ့ခိုင်မှုဖြင့် ဂိုးသွင်းခြေပြန်လည်ရရန် ကြိုးပမ်းသင့်ကြောင်း အဆိုပါ ပွဲစဉ်အပြီးတွင် တိုက်တွန်းပြောကြားခဲ့သည်။ ဖယ်လ်ကာအိုမှာ ယခုနှစ်ဘောလုံးရာသီတွင် မိုနာကိုအသင်းအတွက် ဝင်ရောက်ကစားခဲ့သည့် ပွဲစဉ်ခြောက်ပွဲတွင် လေးဂိုးအထိ သွင်းယူထားနိုင်ခဲ့သော်လည်း ပွဲချိန်ပြည့် ဝင်ရောက်ကစားနိုင်သည့် ကြံ့ခိုင်မှုအနေအထားမျိုး ယခုထိမရရှိသေးဘဲ မိနစ် ၆၀ လောက်သာ ဝင်ရောက်ကစားနိုင်သေးသည်။

မေလဲ့သင်း - ရေးသားသည်

## မန်စီးတီးကို ရှုံးနိမ့်သည့် ပွဲစဉ်အပြီး မက်ဆီ စကားပင်မပြောနိုင်ခဲ့

ဘာစီလိုနာ တိုက်စစ်မှူး လီယွန်နယ်မက်ဆီသည် ဘာစီလိုနာက မန်စီးတီးကို သုံးဂိုး-တစ်ဂိုးဖြင့် အရေးနိမ့်ခဲ့သည့် ပွဲစဉ်အပြီးတွင် စကားပြောဆိုလိုစိတ်ပင်မရှိခဲ့ဟု မက်ဆီ၏ အာဂျင်တီးနားအသင်းဖော်ဖြစ်သူ မန်စီးတီး တိုက်စစ်မှူး အဂူရိုရဲ့ ပြောကြားချက်ကို ကိုးကား၍ ဂိုးလ်ဒေါ့ကွန်းက ဖော်ပြသည်။ သို့သော် အဂူရိုက ရှုံးနိမ့်သည့် ရလဒ်ကို မည်သည့်ကစားသမားမျှ မကြိုက်နှစ်သက်သဖြင့် မက်ဆီနှင့် သူစကားစမြည်ပြောဆိုနိုင်ခဲ့ခြင်းမရှိသည်မှာ ထူးဆန်းသည့် ကိစ္စတစ်ရပ်တော့မဟုတ်ကြောင်း ပြောကြားလိုက်သည်။

အဂူရိုက "ကျွန်တော်တို့တွေ စကားတောင်မပြောနိုင်ခဲ့ဘူး။ ဘယ်ကစားသမားမှ ကိုယ့်အသင်းရှုံးနိမ့်ရင် ပျော်မှာ မဟုတ်ဘူးလေ။ ကျွန်တော် သူ့ကိုမြင်တော့ သူတော်တော် စိတ်မကောင်းဖြစ်နေတယ်။ ဒါက ဘာမှ စိုးရိမ်လောက်စရာမရှိပါဘူး။ ကျွန်တော် သူနဲ့ပတ်သက်တဲ့ ကိစ္စအချို့ကို ကြားထားပေမယ့် တကယ်ဖြစ်ခဲ့သလားဆိုတာ သေချာမသိပါဘူး" ဟု ပြန်လည်ဖြေကြားခဲ့သည်။

မက်ဆီမှာ အမည်မသိရ မန်စီးတီးကစားသမားတစ်ဦးနှင့် အချင်းများခဲ့ပြီး မက်ဆီက " ဟေ့လူ ခင်ဗျား ဒီနားကိုလာပြီး ခင်ဗျားမျက်နှာကို ပြစမ်း၊ ပုန်းကွယ်မနေစမ်းပါနဲ့ဗျာ" ဟု မန်စီးတီး အဝတ်လဲခန်းအတွင်း အော်ဟစ်ခဲ့သေးကြောင်း စပိန်ရေဒီယို ကန်ဒီနာကုပ်က ဖော်ပြခဲ့သည်။ သို့သော် ယင်းကိစ္စရပ်မှာ လုံးဝမှန်ကန်မှုမရှိကြောင်း မန်စီးတီးတာဝန်ရှိသူများက ချေပခဲ့သည်။

အဂူရိုနှင့် မက်ဆီမှာ အာဂျင်တီးနား ကစားဖော်များဖြစ်သလို ရင်းနှီးကျွမ်းဝင်သည့် ဆက်ဆံရေး ရှိသူများဖြစ်ခြင်းကြောင့် မက်ဆီ အနေဖြင့် ယင်းသို့ ဒေါသထွက်ပေါက်ကွဲခဲ့ခြင်းရှိ၊ မရှိဆိုသည်နှင့် ပတ်သက်၍ အဂူရိုအား မေးမြန်းခဲ့ရာ အဂူရိုက အထက်ပါအတိုင်း ပြန်လည်ဖြေကြားခဲ့ခြင်း ဖြစ်သည်။





## ဆွာရက်ဇ်အတွက် မန်ယူ မှ ချိတ်ဆက်နေမှုများကို ဘာစီလိုနာ တုံ့ပြန်ပြီ

ပရီမီယာလိဂ် ချန်ပီယံအဖြစ် ပြန်လည်အောင်ပွဲခံလိုတဲ့ မန်ယူအသင်းဟာ သူတို့အသင်းရဲ့ အဓိကလိုအပ်ချက်ဖြစ်နေတဲ့ ဘယ်သူ ပုံမှန်ဂိုးသွင်းပေးမှာလဲဆိုတဲ့ ပြဿနာကို ဖြေရှင်းနိုင်ဖို့ ဘာစီလိုနာ တိုက်စစ်မှူး လူးဝစ်ဆွာရက်ဇ်ကို ချိတ်ဆက်နေပါတယ်။ မန်ယူဟာ ဆွာရက်ဇ်ကိုသာရမယ်ဆိုရင် ပေါ့ဘာအတွက် အသုံးပြုခဲ့တဲ့ ကမ္ဘာ့စံချိန်တင် ပြောင်းရွှေ့ကြေးထက် ပိုမိုများပြားတဲ့ ယူရိုသန်း ၁၅၀ ကို သုံးစွဲဖို့ အသင့်ရှိနေခဲ့တာပါ။

ဘာစီလိုနာအသင်းက ဒီကိစ္စကို အစောပိုင်းက ချက်ချင်း တုံ့ပြန်ခြင်းမရှိပေမယ့် ခုတော့ သူတို့ တိုက်စစ်မှူးဟာ ရောင်းချမယ့်စာရင်းထဲမှာ ပါဝင်သူမဟုတ်တာကြောင့် ဘယ်လောက်ပဲ ကြေးရရ ရောင်းမှာမဟုတ်ဘူးလို့ အသင်းဥက္ကဋ္ဌ ဘာတိုမူက တုံ့ပြန်လိုက်ပါတယ်။ ဆွာရက်ဇ်ဟာ လီဗာပူးမှာလည်း အကောင်းဆုံး ခြေစွမ်းပြသနိုင်ခဲ့သူဖြစ်သလို ခုဘာစီလိုနာရဲ့ မက်ဆီ-ဆွာရက်ဇ်-နေမာ(MSN)တိုက်စစ်အတွဲမှာလည်း ထိပ်တန်းခြေစွမ်းတစ်ရပ် ဆက်လက်ပြသပြီး ပြီးခဲ့တဲ့နှစ် လာလီဂါ သွင်းဂိုးအများဆုံးဆု ( ပီချီချီဆု) ကို ဆွတ်ခူးနိုင်ခဲ့ပါတယ်။ ဘာမူတိုက မန်ယူအသင်းဘက်က ဆွာရက်ဇ်ကို ခေါ်ယူလိုတဲ့ သတင်းတွေကို ရေဒီယို၊ ရုပ်မြင်သံကြားနဲ့ အွန်လိုင်းမီဒီယာတွေမှာ အမြဲတွေ့နေရပေမယ့် ဒါဟာ ဖြစ်ရိုးဖြစ်စဉ်ကိစ္စတစ်ရပ်ဖြစ်ပြီး နေမာတုန်းကလည်း ဒီလိုအခြေအနေမျိုး ဖြစ်ခဲ့သေးတယ်လို့ ထောက်ပြပါတယ်။ ဒါကြောင့် ဘာစီလိုနာဘက်ကတော့ ဆွာရက်ဇ်ကို စာချုပ်သက်တမ်းတိုးနိုင်ရေးကိုသာ အားထုတ်သွားမှာဖြစ်တယ်လို့ ဆိုပါတယ်။

ဒါပေမယ့် မန်ယူအသင်းကလည်း ဂိုးပေါက်ပျောက်နေတဲ့ အီဗရာဟီမိုဗစ်ချ်၊ ရက်ရှ်ဖို့ဒ်တို့ တိုက်စစ်အင်အားနဲ့ ပရီမီယာလိဂ်ချန်ပီယံဆုကို စိန်ခေါ်နိုင်ဖို့ အင်အားမလုံလောက်တာကို နည်းပြမော်ရင်ဟိုသဘောပေါက်တာကြောင့် ပရီမီယာလိဂ် ကစားဟန်နဲ့ အံဝင်ပြီးသား တိုက်စစ်မှူး တစ်ယောက်ကို ခေါ်ယူဖို့ အားထုတ်လာတာဖြစ်ပါတယ်။ မန်ယူ အသင်း ကစားခဲ့တဲ့ ပွဲစဉ်တွေကို ကြည့်ပြီး သုံးသပ် ရရင် မန်ယူဟာ ခုနောက်ပိုင်းပွဲစဉ်တွေမှာ ကွင်းလယ် ကစားအားအတော်လေးကောင်းမွန်လာပေမယ့် ဂိုးသွင်းခြေပျောက်နေတဲ့ တိုက်စစ်မှူးတွေဟာ ပင်နယ်တီ ဧရိယာထဲရောက်ရင် ယုံကြည်မှုပျောက်ဆုံး နေတဲ့ ပုံစံတွေကို တွေ့နေရသလို ဂိုးရဖို့ ကွင်းလယ်ကစားသမားတွေကိုသာ အားကိုးအားထား ပြုနေရပါတယ်။

ဒီအခြေအနေကို ကျော်လွှားနိုင်ဖို့ တစ်ခုတည်းသော နည်းလမ်းက ထိပ်တန်းတိုက်စစ်မှူး တစ်ဦးကို အရခေါ်ယူနိုင်ရေးသာဖြစ်လို့ မန်ယူအသင်းဟာ ဒေါ့မွန်တိုက်စစ်မှူးအောဘာမီယန်၊ ရီးယဲလ်တိုက်စစ်မှူး ဘင်ဇီမာတို့ကို ခေါ်ယူဖို့ ချိတ်ဆက်ခဲ့ပေမယ့် အောဘာမီယန်က ရီးယဲလ်မက်ဒရစ်ကိုသာ ပြောင်းရွှေ့ဖို့ စိတ်ဝင်စားနေတာကြောင့် ခေါ်ယူလို့မရခဲ့ပါဘူး။ ရီးယဲလ်က ပြီးခဲ့တဲ့နွေဈေးကွက်အတွင်း တိုက်စစ်မှူး မိုရာတာကို ပြန်လည်ခေါ်ယူခဲ့တာကြောင့် ဘင်ဇီမာ ရီးယဲလ်က ထွက်ခွာနိုင်မယ်လို့ သတင်းပြေးခဲ့ပေမယ့် တကယ်တမ်းကျ ရီးယဲလ်မက်ဒရစ်မှာ နေရာ ဆက်မြဲနေတာကြောင့် ဘင်ဇီမာကိုလည်း ခေါ်ယူလို့ မရခဲ့ပါဘူး။ ဒါကြောင့် နောက်ဆုံးမှာ မန်ယူက ဘာစီလိုနာနဲ့ သက်တမ်းတိုးစာချုပ် လက်မှတ်မရေးထိုးရတဲ့ ဆွာရက်ဇ်ကို ချဉ်းကပ်လာပြန်တာဖြစ်ပြီး ဆွာရက်ဇ်အပြင် ရီးယဲလ် နောက်ခံလူပီပီနဲ့ ကွင်းလယ်လူ ဂျိမ်းစ်ရိုဒရီဂွက်ဇ် တို့ကိုပါ တပြိုက်နက်တည်း ကမ်းလှမ်းထားတယ်လို့ သိရပါတယ်။ ဆွာရက်ဇ်ဟာ လီဗာပူးမှာ ဂန္ထဝင်တွင်လောက်အောင် အောင်မြင်ခဲ့သူ ဖြစ်တာကြောင့် လီဗာပူးရဲ့ ခါးသီးတဲ့ ပြိုင်ဘက် မန်ယူကို လာပါ့မလားဆိုတာ စဉ်းစားစရာပါ။ ဒါပေမယ့် လက်ရှိပရော်ဖက်ရှင်နယ်ဘောလုံး လောကမှာ ငွေကြေးက ပိုမိုအရေးပါတဲ့ အခန်းကဏ္ဍမှာ ပါဝင်လာတာကြောင့် ဘာစီလိုနာအသင်းဘက်က ဘယ်လိုပင် တုံ့ပြန်နေပါစေ မန်ယူရဲ့ မြင့်မားတဲ့ လုပ်ခလစာ၊ ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးဆိုတဲ့ ဂုဏ်ပုဒ်တွေအကြား ဆွာရက်ဇ် မန်ယူ ကို ရောက်လာဦးမလားဆိုတာ ဖြေဖို့ခက်တဲ့ မေးခွန်းတစ်ရပ်အဖြစ်ရှိနေတာတော့ သေချာပါတယ်။

■

## တစ်ပိုင်တစ်နိုင် ပန်းပဲလုပ်ငန်းလုပ်ကိုင်ခြင်းဖြင့် ဝင်ငွေတိုး

**ပခုက္ကူ နိုဝင်ဘာ ၃**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ချိုက်ကျေးရွာတွင် ကျေးရွာထက်ဝက်ခန့်မှာ တောင်သူလုပ်ငန်းအပြင် တစ်ပိုင်တစ်နိုင် ပန်းပဲလုပ်ငန်း လုပ်ကိုင်ခြင်းဖြင့် မိသားစုဝင်ငွေ တိုးပွားလျက်ရှိကြောင်း ပန်းပဲလုပ်ငန်း သက်တမ်းရှည်စွာ လုပ်ကိုင်သူ တစ်ဦးထံမှ သိရသည်။

အဆိုပါ ပန်းပဲလုပ်ငန်းလုပ်ကိုင်ရာတွင် ယခင်က သံပိုက်လုံးများဖြင့် လုပ်ကိုင်ရသည့်အတွက် ပစ္စည်းပြတ်လပ်မှုရှိကြောင်းနှင့် ယခုဆိုလျှင် အဆောက်အအုံတွင် အသုံးပြုသည့် ငါးမူးလုံး သံချောင်းများဖြင့် လုပ်ကိုင်ရသည့်အတွက် အချိန်မရွေး လုပ်ကိုင်နိုင်ကြောင်း၊ အထည်ကိုက် ကပ်ကြေးလုပ်မည်ဆိုပါက ငါးမူးချောင်း နှစ်ပေတွင် ကပ်ကြေး သုံးချောင်းရရှိသည့်အတွက် တစ်ချောင်းအရင်းမှာ ကျပ် ၅၀၀ ရှိပြီး ရောင်းရငွေမှာ ကျပ် ၁၅၀၀ ရရှိသည့်အတွက် အနည်းဆုံးကပ်ကြေး သုံးချောင်း ပြီးစီးအောင် လုပ်နိုင်၍ တစ်နေ့ လူတစ်ဦးလုပ်ကိုင်မည်ဆိုပါက ကျပ် ၃၀၀၀ ဝင်ငွေ တိုးပွားလျက်ရှိကြောင်း သိရသည်။ ယင်းလုပ်ငန်းဖြင့် ဆံပင်ဖြတ် ကပ်ကြေးများ ဆောင်ရွက်ပါက လူတစ်ဦးလုပ်ကိုင်လျှင် ခုနစ်ချောင်း ပြီးစီးအောင် ပြုလုပ်နိုင်သဖြင့် ကပ်ကြေးတစ်ချောင်း အရင်းငွေမှာ ကျပ် ၃၀၀ ရှိပြီး ရောင်းရငွေမှာ ကျပ် ၈၀၀ ရောင်းချရသဖြင့် တစ်နေ့လုပ်ခငွေမှာ ကျပ် ၃၅၀၀ ဝင်ငွေတိုးပွားလျက်ရှိကြောင်းနှင့် မိမိလုပ်ကိုင်ဆောင်ရွက်ပြီးစီးသည့် ကပ်ကြေးများကို ကျေးရွာမှ ကုန်သည်များထံ အချိန်မရွေး ရောင်းရသည့်အတွက် လုပ်ငန်းဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့လျက်ရှိကြောင်း၊ ကျေးရွာမှ ကပ်ကြေးကုန်သည်များ အနေဖြင့်မကွေး၊ ရန်ကုန်၊ မန္တလေးများတွင်ရှိသည့် ကုန်သည်ကြီးများထံ အချိန်မရွေး သွားရောက်ရောင်းချနိုင်ခြင်းကြောင့် အဆင်ပြေလျက်ရှိကြောင်း ကျေးရွာကုန်သည်များထံက သိရသည်။ **ဇော်ထက်(သရက်)**

## ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရန် မြို့အဝင်လမ်းအား စုပေါင်းဂျင်းမြေခင်း

**ကနီ နိုဝင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့တွင် ကနီ-မင်းကင်းလမ်းမှ မြို့တွင်းသို့ ဝင်သောလမ်းမှာ ယခုလအတွင်း မိုးများသောကြောင့် ရေအိုင်ဗွက်များဖြစ်ပြီး လမ်းများပျက်နေ၍ ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရန်အတွက် နိုဝင်ဘာ ၁ ရက်က စုပေါင်း၍ လမ်းမျက်နှာပြင်ညှိခြင်းနှင့် ဂျင်းမြေခင်းခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ကနီမြို့ အမှတ်(၃)ရပ်ကွက်မှ ကနီ-မင်းကင်းလမ်းသို့ ဆက်သွယ်ထားသော လမ်းအရှည် ပေ ၆၆၀ ခန့်ရှိသော မြို့အဝင်လမ်းကို မြို့နယ်ပြည်ခိုင်ဖြိုးပါတီနာယက ဦးကျန်ထွန်း၊ ဦးရှိန်နှင့် ဦးသန်းလှိုင်တို့ ဦးဆောင်ကြီးကြပ်မှုဖြင့် မြို့နယ်ပါတီဥက္ကဋ္ဌ ဒေါ်ခင်ပြုံးမြင့်နှင့် ကော်မတီဝင်များ၊ ပါတီဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီတို့ ပူးပေါင်း၍ စက်ယန္တရားများဖြင့် လမ်းမျက်နှာပြင်ညှိခြင်းနှင့် ဂျင်းမြေခင်းခြင်းများကို နံနက်ပိုင်းမှ စတင်ပြုပြင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းသို့ မြို့နယ်သန့်ရှင်းသာယာရေးနှင့်မြို့အဝင်လမ်းသွားလာမှုများ အဆင်ပြေစေရန် လမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဗိုလ်ချုပ်ဉာဏ်ထွန်း-ငြိမ်း (စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူး-ငြိမ်း)က ငွေကျပ် ၃၀၀၀၀၀ မတည် လှူဒါန်းမှုဖြင့် ပါတီနာယကများမှ ဦးဆောင်ကြီးကြပ်၍ ပြည်သူများပူးပေါင်းပြုပြင် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သန်းဋ္ဌေးအောင်(ကနီ)**

## ကံမမြို့နယ်၌ ချည်မျှင်ရှည်ဝါ ငါးဧကမျိုးသန့်မျိုးပွား စံပြကွက်စစ်ဆေး

**မကွေး နိုဝင်ဘာ ၃**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ စားနပ်ရိက္ခာဖူလုံရေးနှင့် အာဟာရပြည့်ဝစေရေး၊ တောင်သူလယ်သမားများ၏ ဝင်ငွေနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် လယ်ယာထုတ်ကုန်များ နိုင်ငံတကာဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စေရေးအတွက် ရည်မှန်း၍ သီးနှံပုံစံများအလိုက် စမ်းသပ်ကွက်၊ စံပြကွက်များ စိုက်ပျိုးပြသပညာပေး ဆောင်ရွက်လျက်ရှိရာ မြို့မရှေ့တန်းစခန်း နယ်မြေအုပ်ဖိုကျေးရွာရှိ ချည်မျှင်ရှည်ဝါ မျိုးသန့် မျိုးပွားကျေးရွာအဆင့် ငါးဧက စံပြကွက်အား စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမင်းဇော်အောင်နှင့် ခရိုင်အဆင့် မြေ၊ မျိုး၊ ပိုး တာဝန်ခံအဖွဲ့က အောက်တိုဘာလ နောက်ဆုံးပတ်က ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ငွေချည်(၉)၊ ရွှေတောင်(၈)နှင့် ငွေချည်(၆) မျိုးသန့် ၅၄ ရက်သား စိုက်ခင်း၏ ပိုးမွှားရောဂါဒဏ်ခံနိုင်ရည် ရှိမှု၊ စိုက်နည်းစနစ်ကိုက်ညီမှု၊ သီးပွင့်အင်္ဂါများ ဖွံ့ဖြိုးမှုနှင့် အပင်ဖြစ်ထွန်းမှု အခြေအနေများကို မြို့နယ် ဦးစီးမှူးက ရှင်းလင်းတင်ပြရာ ခရိုင်ဦးစီးမှူးက မြေပြင်ခြင်းမှစ၍ ကောက်သိမ်းသည်အထိ သိပ္ပံနည်းကျစိုက်ပျိုး စနစ်များနှင့်အညီ တစ်ပြေးညီ ဆောင်ရွက်ခဲ့မှု၏ ရလဒ်များနှင့် မျိုးသန့် မျိုးပွား မျိုးစေ့များအား တောင်သူများ လက်ဝယ်အရောက် ဖြန့်ဝေနိုင်ရေး ဆက်လက်ဆောင်ရွက်ရန်နှင့် တောင်သူများ၏ ထွက်ရှိသော ဝါဂွမ်းများအား ဈေးကွက်အရောက်ပို့ဆောင်ရာတွင် ပံ့ပိုးကူညီဆောင်ရွက်ပေးရန် မှာကြားခဲ့ကြောင်း သိရသည်။ **(၄၉၇)**



**ဒိုက်ဦး နိုဝင်ဘာ ၃**

၂၀၁၆-၂၀၁၇ ခုနှစ် မိုးစပါး သီးနှံစိုက်ပျိုးထုတ်လုပ်မှု စစ်တမ်းကောက်ယူခြင်းလုပ်ငန်းစီမံချက်အရ စံကွက် ရိတ်သိမ်းခြင်းလုပ်ငန်းကို ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဒိုက်ဦးမြို့နယ် ကုက္ကိုင်းကျေးရွာအုပ်စု ကွင်းအမှတ် (၁၃၂၀) ကျေးတောစုကွင်း ဦးပိုင်အမှတ်(၃) တောင်သူ ဦးထွန်းလှဦး စိုက်ပျိုးထားသော ဆင်းသုခစပါး (သင့်)ကိုယ်စားပြုဧရိယာ ၆၂ ဧကအား နိုဝင်ဘာ ၁ ရက်တွင် စံကွက်ရိတ်သိမ်းခြင်းလုပ်ငန်း ဆောင်ရွက်ရာ တစ်ဧကအထွက်နှုန်း ၇၄ ဒသမ ၉၅ တင်းထွက်ရှိကြောင်း သိရသည်။

အဆိုပါ စံကွက်ရိတ်သိမ်းခြင်းအား လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦး၊ တိုင်းဒေသကြီး ဦးစီးဌာနမှူး ဦးဆန်းဝင်း၊ ခေတ္တခရိုင်ဦးစီးဌာနမှူး ဦးနိုင်ဝင်းထွေး၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ ဦးငြိမ်းထွန်းကျော်၊ မြို့နယ်ဦးစီးဌာနမှူး ဦးနေဝင်းနှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဝင်များ၊ ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များ ပါဝင်၍ မိုးစပါးစံကွက် ရိတ်သိမ်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ကျော်ကျော်**(IPRD)

## မီးဘေးအန္တရာယ်ကာကွယ်ရေး မီးငြိမ်းသတ်နည်းသရုပ်ပြ

**မန္တလေး နိုဝင်ဘာ ၃**

ဈေးကြီးများနှင့် အထပ်မြင့်အဆောက်အအုံများ မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် ပညာပေးဟောပြောပွဲနှင့် မီးငြိမ်းသတ်နည်း သရုပ်ပြပွဲကို နိုဝင်ဘာ ၁ ရက် နံနက် ၁၀ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၇၈ လမ်းနှင့် ၃၄ လမ်းထောင့် ရတနာပုံ စူပါစင်တာ တတိယထပ်ရှိ မကြာမီဖွင့်လှစ်ရန် တည်ဆောက်လျက်ရှိသော Mandalay Yatanar Mall ၌ ကျင်းပသည်။

အခမ်းအနားတွင် မီးသတ်ဦးစီးဌာန မန္တလေးခရိုင် မီးသတ်ဦးစီးမှူးဦးသန်းနိုင်က ဈေးများနှင့် အထပ်မြင့်အဆောက်အအုံများ မီးဘေးကာကွယ်ရေး၊ ဟောင်းနွမ်းနေသော လျှပ်စစ်မီးကြိုးများ၊ ချို့ယွင်းနေသော လျှပ်စစ်ပစ္စည်းကိရိယာများ အသုံးမပြုရေး၊ အထပ်မြင့်အဆောက်အအုံပေါ်မှ မီးဘေးလွတ်မြောက်ရန် ခုန်ချခြင်းမပြုလုပ်ရေး၊ အရေးပေါ်ထွက်ပေါက်၊ အရေးပေါ်လှေကားမှ ဘေးလွတ်ရာသို့ ထွက်ခွာရေးနှင့် မီးလောင်မှုဖြစ်ပွားပါက နီးစပ်ရာမီးသတ်စခန်းသို့ အမြန်ဆုံးအကြောင်းကြားရေး အပါအဝင် မီးကိုကြိုတင်ကာကွယ်မှုဖြင့် အနိုင်ယူရေးဟောပြောသည်။

ထိုနောက် ရတနာပုံစူပါစင်တာ ခေါင်မိုးထပ်တွင် မီးသတ်ဆေးဘူးနှင့် ခေတ်မီဘောလုံး မီးငြိမ်းသတ်ပစ္စည်းများဖြင့် မီးငြိမ်းသတ်မှု သရုပ်ပြသသည်။

မီးဘေးကာကွယ်ရေးနှင့် မီးငြိမ်းသတ်မှု သရုပ်ပြရာသို့ Mandalay Yatanar Mall ဒါရိုက်တာ ဦးဇော်မင်းနှင့် လုံခြုံရေးဝန်ထမ်းများ၊ လုပ်သားများ တက်ရောက်ကြကြောင်း သိရသည်။ **သီဟကိုကို(မန္တလေး)**





## ချောင်းဦးမြို့နယ် မင်းတည်ကျေးရွာအဝင်လမ်း ကတ္တရာခင်းနေမှု ကြည့်ရှုစစ်ဆေး

**ချောင်းဦး နိုဝင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်ခင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသစ်လွင်နှင့် မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီတာဦးနှင့် အဖွဲ့ဝင်များသည် နိုဝင်ဘာ ၁ ရက်က မင်းတည်ကျေးရွာ ရွာအဝင်လမ်း (၁/၁ ဒသမ ၆၂) မိုင် ကတ္တရာလမ်း ခင်းနေမှု၊ အကျယ် ၁၂ ပေ နှင့် လမ်းပခုံး တစ်ဖက် သုံးပေစီထားရှိခြင်းများကို သတ်မှတ် စံချိန်စံညွှန်းများဖြင့် အရည်အသွေးပြည့်မီအောင် ခင်းကျင်းနိုင်ရေးအတွက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မင်းတည်ရွာအဝင်လမ်း ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ချောင်းဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေ ၁၁၄ ဒသမ ၈ သန်းဖြင့် East Boys ကုမ္ပဏီမှ တာဝန်ယူ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

**ပြန်/ဆက် (ချောင်းဦး)**

# အလုပ်သမားဥပဒေပါစည်းကမ်းချက် လိုက်နာနိုင်စေရန် အသိပေးဆွေးနွေး

**လောင်းလုံး နိုဝင်ဘာ ၃**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်အတွင်းရှိ အလုပ်ရုံနှင့် အလုပ်သမားများ အလုပ်သမားဥပဒေပါ စည်းကမ်းချက်များ လိုက်နာနိုင်စေရန် အသိပေးဆွေးနွေးပွဲကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၏ အလုပ်သမားရေးရာများအား ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် မောင်းမကန်ကျေးရွာ မောင်းမကန်ဟိုတယ်၌ နိုဝင်ဘာ ၁ ရက် မွန်းလွဲ ၁ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် ထားဝယ်ခရိုင် စည်းကြပ်နယ်မြေအတွင်းရှိ စက်ရုံ၊ အလုပ်ရုံ၊ ဈေးဆိုင်၊ အလုပ်ဌာနများမှ အလုပ်ရှင်များ၊ မန်နေဂျာ၊ တာဝန်ရှိသူများနှင့် အလုပ်သမားများ ဆွေးနွေးကြရာ အလုပ်သမားများဥပဒေပါ ရပိုင်ခွင့်များ မှန်ကန်ပြည့်ဝစွာရရှိစေရေး၊ ထုတ်လုပ်မှုစွမ်းအား မြင့်မားလာစေရေးစသဖြင့် စစ်ဆေးစည်းကြပ်နေသည့် ဥပဒေများနှင့် ပြစ်ဒဏ်များအကြောင်း သိရှိလိုက်နာနိုင်စေရန် ရည်ရွယ်၍ ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းဆွေးနွေးပွဲတွင် တိုင်းဒေသကြီး အလုပ်ရုံနှင့် အလုပ်သမားဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မေလတ်က မိမိတို့၏ ဦးစီးဌာန၌ အလုပ်သမားများဥပဒေပါ အကျိုးခံစားခွင့်များရရှိစေရန် စည်းကြပ်အကောင်အထည်ဖော်နေကြောင်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာများကိုပါ ဆောင်ရွက်ပေးလျက်ရှိကြောင်း ရှင်းလင်းပြောကြားပြီး ခရိုင်အလုပ်ရုံနှင့် အလုပ်သမားဦးစီးဌာန ဦးစီးအရာရှိ (အလုပ်ရုံစစ်ဆေးရေး) ဒေါ်သဥ္စာထက်က လုပ်ငန်းခွင်ဘေးအန္တရာယ်နှင့် ကျန်းမာရေးဆိုင်ရာ ဆောင်ရန်နှင့် ရှောင်ရန်များရှင်းလင်းကာ တာဝန်ရှိသူများက ၁၉၅၁ ခုနှစ် ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေ၊ ၂၀၁၆ ခုနှစ် အခကြေးငွေပေးချေရေး ဥပဒေနှင့်ဆိုင်ရာများ၊ အလုပ်ဌာနများ ဥပဒေပါအကြောင်းအရာများကို ရှင်းလင်းဆွေးနွေးကြကြောင်း သိရသည်။

**စိုးထွန်း(ပြန်/ဆက်)**

# နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ခွဲစိတ် ဝေဒနာရှင်များအား ကြည့်ရှုအားပေး



**ကော့သောင်း နိုဝင်ဘာ ၃**

တနင်္သာရီတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဇော်လွင်သည် မြန်မာနိုင်ငံစားဖိုမှူးများအသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း မြို့နယ်များမှ စေတနာရှင်များပူးပေါင်းကာ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင်ပြည်သူ့ဆေးရုံကြီးတွင် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲနှင့် အကျိတ်အဖုဝေဒနာရှင်ပြည်သူများအား ဇီဝိတကုသိုလ်ဒါနအဖြစ် (ဒုတိယအကြိမ်) အခမဲ့ ခွဲစိတ်ကုသမှုခံယူလျက်ရှိသည့် ဝေဒနာရှင်ပြည်သူများအား နိုဝင်ဘာ ၁ ရက် ညနေပိုင်းက လာရောက်ကြည့်ရှုအားပေးသည်။

ဝန်ကြီးသည် ကော့သောင်းခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာနေလင်း၊ တာဝန်ရှိသူများနှင့်အတူ ခွဲစိတ်ကုသပြီးသည့် ဝေဒနာရှင်များအား လိုက်လံကြည့်ရှု၍ လိုက်လှဲနွေးထွေးစွာ အားပေးစကားပြောကြားပြီး အခမဲ့ခွဲစိတ်ကုသပေးမှု အစီအစဉ်တွင် လိုအပ်သည်များ အသုံးပြုနိုင်ရေး အလှူငွေများပေးအပ်လှူဒါန်းသည်။ အဆိုပါအစီအစဉ်တွင် ဂျာမနီနိုင်ငံမှ ကျွမ်းကျင်အဆင့် Plastic Surgery ဆရာဝန်ကြီးများနှင့် မြန်မာနိုင်ငံဆရာဝန်အသင်း ဆရာဝန်ကြီးများ ပူးပေါင်းခွဲစိတ်ကုသပေးပြီး နိုဝင်ဘာ ၁ ရက်ထိ ၂၃ ဦးအား ခွဲစိတ်ကုသပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း-ပြန်/ဆက်)**

# ရဲဝန်ထမ်းမိခိုသူ အိမ်ထောင်သည်များအား အခြေခံစစ်ပညာ သင်တန်းဖွင့်



**သဃ်န်းကျွန်း နိုဝင်ဘာ ၃**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် ရထားရဲတပ်ဖွဲ့ အမှတ် ၁၂ တပ်ခွဲ၌ နိုဝင်ဘာ ၁ ရက် နံနက် ၉ နာရီက အသက် ၅၅ နှစ်အောက် ရဲဝန်ထမ်းမိခိုသူအိမ်ထောင်သည်များအား အခြေခံစစ်ပညာသင်တန်း ဖွင့်လှစ်သင်ကြားခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ရထားရဲတပ်ဖွဲ့ အမှတ် ၁၂ တပ်ခွဲ သဃ်န်းကျွန်းတပ်ခွဲမှူး ဒုရဲမှူးသိန်းဝင်းက အဖွင့်အမှာစကားပြောကြားသည်။ သင်တန်းသို့ သင်တန်းသူ ၄၈ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်အထိဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ ရဲအုပ်ခင်မောင်သိန်း၊ ရဲအုပ်ကြည်ဝင်း၊ ဒုရဲအုပ်သန်းအေးတို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(၁၁၈)**

# ညောင်ဦးမြို့နယ် ဗျတ္တာပန်းဆက်လမ်းပိုင်းအား ယာဉ်အန္တရာယ်ကင်းစွာ မောင်းနှင်သွားလာနိုင်ရေး ပြုပြင်ဆောင်ရွက်

**ညောင်ဦး နိုဝင်ဘာ ၃**

ဆောက်လုပ်ရေးဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် လမ်းဦးစီးဌာနက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုငွေလုံးငွေရင်းဖြင့် ညောင်ဦးမြို့နယ်တွင်ပါဝင်နေသည့် ဗျတ္တာပန်းဆက်လမ်းပိုင်း လမ်းအရှည် ၈ မိုင် ၃ ဖာလုံအား ဒေသခံပြည်သူနှင့် ဘုရားဖူးဧည့်သည်များ သွားလာရာတွင် ယာဉ်အန္တရာယ်ကင်းစွာ မောင်းနှင်သွားလာနိုင်ရေးအတွက် ယခင်မူလရှိ ကတ္တရာလမ်းအကျယ် ၁၈ ပေအစား လမ်းဘေး(ဝဲ၊ ယာ)တစ်ဖက်လျှင် အကျယ် ၁၁ ပေစီ တိုးချဲ့ဆောင်ရွက်ကာ စုစုပေါင်း လမ်းအကျယ်ပေ ၄၀ အထိ ပြန်လည်ပြုပြင်ဆောင်ရွက်ပေးနေကြောင်း ညောင်ဦးခရိုင် လမ်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

"ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် လမ်းဦးစီးဌာနအနေနဲ့ ဒီနှစ် ၂၀၁၆-၂၀၁၇ ဘတ်ဂျက်မှာ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် ညောင်ဦးမြို့နယ်ထဲမှာပါဝင်နေတဲ့ ဗျတ္တာပန်းဆက်လမ်းပိုင်း အရှည် ၈ မိုင် ၃ ဖာလုံကို အသစ်ပြန်လည်ပြုပြင်ဖို့အတွက် နယ်မြေကွင်းဆင်းကြည့်ရှုစစ်ဆေးပြီးတော့ ယခုလို ပြုပြင်ဆောင်ရွက်ပေးခဲ့တာဖြစ်ပါတယ်။

"ပြင်ဆင်တဲ့အပိုင်းမှာတော့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံဖြင့် လုပ်ငန်းများဆောင်ရွက်ထားရှိပါတယ်။ လုပ်ငန်းဆောင်ရွက်တာကတော့ တင်ဒါစနစ်နဲ့ ဆောင်ရွက်တာဖြစ်ပါတယ်။ တင်ဒါအောင်မြင်တဲ့ ကုမ္ပဏီတွေကတော့ ကုဋ္ဌေကျော်ကုမ္ပဏီနဲ့ King General ကုမ္ပဏီနှစ်ခုပါ။ အသစ်ပြုပြင်ဆောင်ရွက်တဲ့အပိုင်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုငွေကျပ် ၁၀၈ သန်းဖြင့် ကုဋ္ဌေကျော်ကုမ္ပဏီက တင်ဒါစနစ်နဲ့ ဗျတ္တာပန်းဆက်လမ်း အရှည် ၈ မိုင် ၃ ဖာလုံအတွင်းရှိ အရှည် ၈ မိုင်ခန့်ကို လမ်းဘေး(ဝဲ၊ ယာ)တစ်ဖက်လျှင် အကျယ် ၁၁ ပေ လမ်းပခုံးမြေသားလမ်း ချဲ့ထွင်ခြင်းလုပ်ငန်းကို ဆောင်ရွက်နေတာဖြစ်ပြီး ပြင်ဆင်ထိန်းသိမ်းတဲ့အပိုင်းမှာကျတော့ King General ကုမ္ပဏီက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပြင်ဆင်ထိန်းသိမ်းခြင်း ခွင့်ပြုငွေကျပ် ၂၀၈ ဒသမ ၆၁ သန်းဖြင့် ဗျတ္တာပန်းဆက်လမ်း မိုင်တိုင်အမှတ် ၀/၆ မှ မိုင်တိုင် အမှတ် ၃/၆ ကြားရှိ အရှည် ၃ မိုင်ကို ကတ္တရာထပ်ပိုးလွှာ ပြန်လည်ပြုပြင်ဆောင်ရွက်ပေးနေတာဖြစ်ပါတယ်။

"လုပ်ငန်းစတင်ဆောင်ရွက်ခဲ့တာကတော့ စက်တင်ဘာလဆန်းပိုင်းက စတင်ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ပြုပြင်ပြီးစီးမှုအခြေအနေက အသစ်ပြုပြင်ဆောင်ရွက်မှုက ၄၅ ရာခိုင်နှုန်းခန့်ရှိပြီး ပြင်ဆင်ထိန်းသိမ်းမှုအပိုင်းက ၂၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပါပြီ။ ကျွန်တော်တို့ ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် လမ်းဦးစီးဌာနက တာဝန်ရှိတဲ့သူတွေကလည်း သတ်မှတ်ကာလအတွင်းမှာ စံချိန်စံညွှန်းများနှင့်အညီ လုပ်ငန်းများပြီးစီးနိုင်ဖို့အတွက် ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးနေပါတယ်" ဟု လမ်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# အများပြည်သူသွားလာနေသော လမ်းတစ်ခြမ်းမှာအမှိုက်ပုံအောက်ရောက်

**ကြည့်မြင်တိုင် နိုဝင်ဘာ ၃**

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် တစ်ဖက်ကမ်း စက်ဆန်း၊ အောက်ရုံ၊ အလတ်ချောင်းရပ်ကွက်၊ အလတ်ချောင်းဘုန်းတော်ကြီးကျောင်းလမ်း အနောက်ဘက် ဖွံ့ဖြိုးရေးလမ်းမကြီး၏နံဘေး၌ စွန့်ပစ်ထားသော အမှိုက်သရိုက်များမှာ အလွန်များပြားပြီး ဖွံ့ဖြိုးရေးလမ်းမကြီး အနောက်ဘက်တစ်ခြမ်းကို ဖုံးအုပ်လျက်ရှိနေကြောင်း တွေ့ရသည်။

ယင်းကဲ့သို့ စွန့်ပစ်အမှိုက်သရိုက်များကြောင့် လမ်းသွားလမ်းလာ မော်တော်ဆိုင်ကယ်များသည် ထိုနေရာ၌ တစ်ဖက်သတ်မောင်းနှင်သွားလာနေကြရသောကြောင့် ယာဉ်အန္တရာယ်ရှိသည်ကတစ်ကြောင်း၊ ပတ်ဖိုးကျင်းနှုတ်ခမ်းတွင် စွန့်ပစ်ပုံထားခြင်းကြောင့် အနီးအနားနေ အမှိုက်ပုံပတ်ဝန်းကျင်ရှိ လုပ်သားပြည်သူများမှာ ဆိုးရွားသောအနံ့အသက်များကြောင့် ကျန်းမာရေးကိုထိခိုက်နိုင်ပါကြောင်း ကျန်းမာရေးမှ တာဝန်ရှိသူတစ်ဦးနှင့် ခရီးသွားလုပ်သားပြည်သူတို့ထံမှ ကြားသိရသည်။ သက်ဆိုင်ရာတာဝန်ရှိသူတို့မှ အမြန်ဆုံး ရှင်းလင်းဆောင်ရွက်ပေးနိုင်ပါရန် မျှော်လင့်ကြောင်း သတင်းရရှိသည်။

**ရွှေတိုင်လွင်**



## အီတလီစီးရီးအေရှင်ခန်းသံ-၁၂

# ယူရိုပါလိဂ်ကြောင့်ပွဲပန်းလာနိုင်ပေမယ့် နိုင်ပွဲရယူသွားမယ့်ရိုးမား

အီတလီစီးရီးအေပြိုင်ပွဲရဲ့ ပွဲစဉ်-၁၂ ကိုလာမယ့် နိုဝင်ဘာလ ၅၊ ၆၊ ၇ ရက်နေ့တွေမှာဆက်လက်ကျင်းပသွားဖို့ရှိနေပါတယ်။ အဆိုပါ ပွဲစဉ်ဟာချန်ပီယံလိဂ်နဲ့ ယူရိုပါလိဂ်ပွဲတွေကစားအပြီးမှာကစားရမှာဖြစ်တာကြောင့် အသင်းကြီးတွေနဲ့ ဥရောပဝင်ခွင့်ရထားတဲ့ အသင်းတွေပွဲပန်းနိုင်ကြတာကိုသတိပြုရနိုင်ပါတယ်။

**ရှိုင်း မင်း မင်း**

### ထိပ်တန်းဂိုးသွင်းရှင်များ

| | |
|---|---|
| ဇက်ကို (ရိုးမား) | - ၁၀ဂိုး |
| အင်မိုဘို(လာဇီယို) | - ၈ဂိုး |
| အစ်ကာဒီ(အင်တာမီလန်) | - ၈ဂိုး |
| ကယ်လီဂျွန်(နာပိုလီ) | - ၇ဂိုး |
| ဟီဂူအင်(ဂျူဗင်တပ်) | - ၇ဂိုး |



### အီတလီစီးရီးအသင်းများ ရပ်တည်မှု အမှတ်ပေးဇယား

| စဉ် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ဂိုးကွာ | ရမှတ် |
|---|---|---|---|---|---|---|---|---|---|
| ၁ | ဂျူဗင်တပ် | ၁၁ | ၉ | ၀ | ၂ | ၂၃ | ၈ | ၁၅ | ၂၇ |
| ၂ | ရိုးမား | ၁၁ | ၇ | ၂ | ၂ | ၂၆ | ၁၂ | ၁၄ | ၂၃ |
| ၃ | အေစီမီလန် | ၁၁ | ၇ | ၁ | ၃ | ၁၇ | ၁၄ | ၃ | ၂၂ |
| ၄ | လာဇီယို | ၁၁ | ၆ | ၃ | ၂ | ၂၂ | ၁၂ | ၁၀ | ၂၁ |
| ၅ | နာပိုလီ | ၁၁ | ၆ | ၂ | ၃ | ၂၀ | ၁၂ | ၈ | ၂၀ |
| ၆ | အတ္တလန္တာ | ၁၁ | ၆ | ၁ | ၄ | ၁၆ | ၁၃ | ၃ | ၁၉ |
| ၇ | ဖီအိုရင်တီးနား | ၁၀ | ၄ | ၄ | ၂ | ၁၃ | ၁၀ | ၃ | ၁၆ |
| ၈ | တိုရီနို | ၁၁ | ၄ | ၄ | ၃ | ၂၂ | ၁၅ | ၇ | ၁၆ |
| ၉ | ကယ်ဂလီယာရီ | ၁၁ | ၅ | ၁ | ၅ | ၁၉ | ၂၄ | -၅ | ၁၆ |
| ၁၀ | ဂျီနိုအာ | ၁၀ | ၄ | ၃ | ၃ | ၁၂ | ၁၀ | ၂ | ၁၅ |
| ၁၁ | ခီယေဗို | ၁၁ | ၄ | ၃ | ၄ | ၁၁ | ၁၂ | -၁ | ၁၅ |
| ၁၂ | အင်တာမီလန် | ၁၁ | ၄ | ၂ | ၅ | ၁၃ | ၁၄ | -၁ | ၁၄ |
| ၁၃ | အူဒီးနီးစ် | ၁၁ | ၄ | ၂ | ၅ | ၁၅ | ၁၈ | -၃ | ၁၄ |
| ၁၄ | ဆမ်ဒိုးရီးယား | ၁၁ | ၄ | ၂ | ၅ | ၁၂ | ၁၆ | -၄ | ၁၄ |
| ၁၅ | ဘိုလော့နာ | ၁၁ | ၃ | ၄ | ၄ | ၁၁ | ၁၅ | -၄ | ၁၃ |
| ၁၆ | ဆာစူအိုလို | ၁၁ | ၄ | ၁ | ၆ | ၁၄ | ၁၉ | -၅ | ၁၃ |
| ၁၇ | ပက်စ်ကာရာ | ၁၁ | ၁ | ၄ | ၆ | ၉ | ၁၆ | -၇ | ၇ |
| ၁၈ | အမ်ပိုလီ | ၁၁ | ၁ | ၄ | ၆ | ၂ | ၁၃ | -၁၁ | ၇ |
| ၁၉ | ပါလာမို | ၁၁ | ၁ | ၃ | ၇ | ၈ | ၂၁ | -၁၃ | ၆ |
| ၂၀ | ခရိုတိုနီ | ၁၁ | ၁ | ၂ | ၈ | ၁၀ | ၂၁ | -၁၁ | ၅ |

### တိုရီနို - ကယ်ဂလီယာရီ
**ည ၁၁း၃၀ (၅-၁၁-၁၆)**

တိုရီနိုက လက်ရှိအချိန်မှာခြေစွမ်းပိုင်းမတည်ငြိမ်ဘူးလို့ဆိုနိုင်ပေမယ့် အိမ်ကွင်းပွဲတွေမှာခြေစွမ်းပိုင်းက ကောင်းမွန်တတ်တာကို တွေ့ရတယ်။ နောက်ဆုံးအိမ်ကွင်းပွဲမှာလာဇီယိုကို သရေကစားနိုင်ခဲ့သလို လက်ရှိအချိန်အထိလည်း အိမ်ကွင်းရှုံးပွဲမရှိသေးပါဘူး။ ဒ့ါ အပြင် ကယ်ဂလီယာရီကလည်းအဝေးကွင်းခြေစွမ်းပိုင်းနဲ့ တိုက်စစ်ကစားပုံကလည်း အားနည်းနေတာကြောင့် တိုရီနိုတို့အခွင့်အရေးရ နိုင်ပါတယ်။ တိုရီနိုပဲအနိုင်ရမယ်။

### ပက်စ်ကာရာ - အမ်ပိုလီ
**ည ၆း၀၀ (၆-၁၁-၁၆)**

နှစ်သင်းစလုံးခြေစွမ်းပိုင်းက အားနည်းမှုတွေ များနေပါတယ်။ လက်ရှိအချိန်မှာ ပက်စ်ကာရာကအိမ်ကွင်းပွဲတွေမှာနိုင်ပွဲမရသေးပါဘူး။ ဒါပေမယ့်လည်း အမ်ပိုလီကလည်းအဝေးကွင်းမှာ နိုင်ပွဲမရသေးတဲ့အပြင် ဂိုးသွင်းယူနိုင်ခြင်းလည်းမရှိသေးတာကိုတွေ့ရပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်ဟာနှစ်သင်းစလုံးအတွက် အိမ်ကွင်း၊ အဝေးကွင်း ပထမဆုံးနိုင်ပွဲရယူနိုင်ရေး အားစိုက်လာမှာဖြစ်လို့ အကြိတ်အနယ်ရှိ နိုင်ကာ ပက်စ်ကာရာ ကပ်နိုင်ခြေရှိပါတယ်။

### ဂျီနိုအာ - အူဒီးနီးစ်
**ည ၈း၃၀ (၆-၁၁-၁၆)**

ဂျီနိုအာက နောက်ဆုံးကစားခဲ့တဲ့ အိမ်ကွင်းပွဲမှာ ခြေစွမ်းကောင်းမွန်နေတဲ့ အေစီမီလန်ကို ဂိုးပြတ်အနိုင်ရခဲ့သလို လက်ရှိအချိန်အထိလည်း အိမ်ကွင်းမှာ ရှုံးပွဲမရှိသေးတာကိုတွေ့ရပါတယ်။ အူဒီးနီးစ်ကတော့ နောက်ဆုံးအဝေးကွင်းပွဲမှာ နိုင်ပွဲရယူနိုင်ခဲ့တယ်ဆိုပေမယ့်လည်း ခြေပျက်နေတဲ့ပါလာမိုကိုသာအနိုင်ခဲ့တာဖြစ်သလို အဝေးကွင်းပွဲတွေမှာလည်းခြေစွမ်းပိုင်းကျဆင်းတတ်တာကိုတွေ့ရပါတယ်။ ဒါကြောင့် ဂျီနိုအာက သာနိုင်ပွဲရယူသွားနိုင်မှာပါ။

### ဆာစူအိုလို - အတ္တလန္တာ
**ည ၈း၃၀ (၆-၁၁-၁၆)**

အတ္တလန္တာက လက်ရှိခြေစွမ်းပိုင်းအရ ကောင်းမွန်နေတယ်လို့ ဆိုနိုင်ပေမယ့် အဝေးကွင်း ပွဲတွေမှာတော့ ခြေစွမ်းပိုင်းကကျဆင်းတတ် တာကိုတွေ့ရပါတယ်။ တိုက်စစ်ပိုင်းက အစအဝေးကွင်းပွဲတွေမှာ ဂိုးသွင်းအားကျဆင်းတတ်ပါတယ်။ ဆာစူအိုလိုကတော့ နောက်ဆုံးကစားခဲ့တဲ့အိမ်ကွင်းပွဲမှာ ရိုမာကိုရှုံးနိမ့်ခဲ့ရတာ ကြောင့် အိမ်ကွင်းနိုင်ပွဲ ပြန်လည်ရယူနိုင်ဖို့ အားစိုက်လာမှာဖြစ်ပါတယ်။ ယူရိုပါလိဂ်ကစားခဲ့ရမှာဖြစ်ပေမယ့် ဆာစူအိုလိုအနိမ့်ဆုံး သရေလောက်ရမယ်။

### အင်တာမီလန် - ခရိုတိုနီ
**ည ၁၁း၃၀ (၆-၁၁-၁၆)**

အမှတ်ပေးဇယားအောက်ဆုံးက ခရိုတိုနီဟာ နောက်ဆုံးကစား ခဲ့တဲ့ အဝေးကွင်းပွဲမှာ ဖီအိုရင်တီးနားကိုသရေကစားနိုင်ခဲ့ပြီး အဝေးကွင်း ပထမဆုံးရမှတ်ကိုရယူနိုင်ခဲ့သလို ဒီပွဲမှာလည်းအင်တာဆီကအမှတ် ခွဲယူနိုင်ဖို့အားစိုက်လာမှာသေချာနေပါတယ်။ အင်တာမီလန်က လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းမတည်ငြိမ်သလို ယူရိုပါလိဂ်ကြောင့်လည်း ပွဲပန်းလာနိုင်ပါတယ်။ ဒါကြောင့်လည်း အင်တာမီလန်တို့ အိမ်ကွင်းမှာ အားစိုက်လာမှာဖြစ်ပေမယ့် ကပ်ပြီးသာ အနိုင်ရနိုင်ပါတယ်။

### နာပိုလီ - လာဇီယို
**နံနက် ၂း၁၅ (၅-၁၁-၁၆)**

နောက်ဆုံးအိမ်ကွင်းပွဲမှာ အမ်ပိုလီကိုအနိုင်ရခဲ့တဲ့ နာပိုလီက ချန်ပီယံလိဂ်ကစားခဲ့ရတာကြောင့်ပွဲပန်းမှုတွေရှိလာနိုင်ပါတယ်။ ဒါပေမယ့် အိမ်ကွင်းမှာရိုးမားတစ်သင်းတည်းကိုသာ ရှုံးနိမ့်ခဲ့ရတဲ့နာပိုလီ ရဲ့အိမ်ကွင်းကစားအားကတော့ ကောင်းမွန်မှုရှိပါတယ်။ လာဇီယိုကတော့ အဝေးကွင်းပွဲတွေမှာ ခြေစွမ်းပိုင်းမတည်ငြိမ်တတ်ပါဘူး။ ခံစစ်ပိုင်းကအစ အဝေးကွင်းမှာ ဂိုးတွေပိုပေးနေရတာကိုတွေ့ရပါတယ်။ နာပိုလီပဲကပ်နိုင်မယ်။

### ခီယေဗို - ဂျူဗင်တပ်
**ည ၈း၃၀ (၆-၁၁-၁၆)**

ချန်ပီယံလိဂ်ကစားခဲ့ရတာကြောင့် ဂျူဗင်တပ်ပွဲပန်းလာနိုင်ခြေ ရှိနေပါတယ်။ ဒါပေမယ့်လည်း ဂျူဗင်တပ်အနေနဲ့ စီးရီးမှာနိုင်ပွဲရယူနိုင်ဖို့အတွက်တော့ အားစိုက်လာမှာသေချာနေပါတယ်။ ခီယေဗိုက တော့ နောက်ဆုံးအိမ်ကွင်းပွဲမှာ ဘိုလော့နာကို သရေကစားနိုင်ခဲ့သလို အိမ်ကွင်း ရှုံးပွဲလည်းတစ်ပွဲသာရှိထားတဲ့အထိ ခံကစားပုံကောင်း မွန်တတ်ပေမယ့် ဂျူဗင်တပ်ကိုတော့ပွဲချိန်ပြည့် ထိန်းချုပ်နိုင်ဖို့ခက်ပါတယ်။ ဂျူဗင်တပ်ပဲနိုင်ပွဲရသွားဖို့ရှိပါတယ်။

### ပါလာမို - အေစီမီလန်
**ည ၈း၃၀ (၆-၁၁-၁၆)**

နောက်ဆုံးအဝေးကွင်းပွဲမှာ ဂျီနိုအာကိုဂိုးပြတ်အရေးနိမ့်ခဲ့ရတာကြောင့် အဝေးကွင်းနိုင်ပွဲ ပြန်လည်ရယူနိုင်ဖို့ အားစိုက်လာမှာသေချာနေပါတယ်။ အေစီမီလန်အနေနဲ့ အဝေးကွင်းပွဲတွေမှာ တိုက်စစ်ပိုင်းက ဂိုးသွင်းခြေမတည်ငြိမ်တတ်ဘူးဆိုပေမယ့်လည်း ပါလာမိုက ခြေပျက်နေတဲ့အသင်းဖြစ်ပါတယ်။ အိမ်ကွင်းမှာတောင် ပွဲတိုင်းရှုံး နိမ့်ခဲ့ရတာကို တွေ့ရပါတယ်။ အေစီမီလန်ပဲအနိုင်ရမယ်။

### ဖီအိုရင်တီးနား - ဆမ်ဒိုးရီးယား
**ည ၁၁း၃၀ (၆-၁၁-၁၆)**

ဖီအိုရင်တီးနားက လက်ရှိအချိန်မှာခြေစွမ်းပိုင်း ကျဆင်းနေပါတယ်။ နောက်ဆုံးအိမ်ကွင်းပွဲမှာတောင် အမှတ်ပေးဇယားအောက်ဆုံးက ခရိုတိုနီကို သရေသာကစားနိုင်ခဲ့ပါတယ်။ ယူရိုပါလိဂ်ကစားခဲ့ရတာကြောင့်လည်း ပွဲပန်းမှုတွေရှိလာနိုင်ပါတယ်။ ဒါပေမယ့် ဆမ်ဒိုးရီးယားကလည်း အဝေးကွင်းခြေအားနည်းလွန်းပြီး ခံစစ်ပိုင်းကအစ အဝေးကွင်းမှာ သိသိသာသာအားနည်းတတ်ပါတယ်။

### ရိုးမား - ဘိုလော့နာ
**နံနက် ၂း၁၅ (၇-၁၁-၁၆)**

ရိုးမားက ယူရိုပါလိဂ်ကစားခဲ့ရတာကြောင့် ပွဲပန်းမှုတွေရှိလာနိုင်ပါတယ်။ ဒါပေမယ့်လည်း ရိုးမားခြေကတောက်လျှောက်ကောင်းမွန်နေသလို အိမ်ကွင်းပွဲတိုင်းအနိုင်ရထားတဲ့အထိ အိမ်ကွင်းခြေကလည်း ကောင်းမွန်မှုရှိပါတယ်။ ဘိုလော့နာကတော့ လက်ရှိအချိန်အထိ အဝေးကွင်းနိုင်ပွဲရယူနိုင်ခြင်းမရှိသေးတာကို တွေ့ရပါတယ်။ နောက်ဆုံးအဝေးကွင်းပွဲမှာလည်း ခီယေဗိုကိုသရေသာကစားနိုင်ခဲ့ပါတယ်။ ဂိုးမပြတ်ရင်တောင်မှ ရိုးမားနိုင်ပွဲရယူသွားနိုင်မှာသေချာပါတယ်။

# နည်းပြ ဒီဘိုးဝါကို အင်တာမီလန် ထုတ်ပယ်

စီးရီးအေပွဲစဉ်(၁၁)တွင် အင်တာမီလန်အသင်းသည် ဆမ်ဒိုရီးယားအား အရေးနိမ့်ခဲ့ပြီးနောက် နိုဝင်ဘာ ၂ ရက်နေ့တွင် အင်တာမီလန်အသင်းနည်းပြချုပ် ဖရန့် ဒီဘိုးဝါကို လက်ရှိရာထူးမှ ထုတ်ပယ်လိုက်ပြီဖြစ်သည်။ ဖရန့်ဒီဘိုဝါသည် ပြီးခဲ့သည့် ဩဂုတ်လအတွင်း အင်တာနည်းပြအဖြစ် ခန့်အပ်ခံရသူဖြစ်ပြီး သုံးလ ခန့်အကြာတွင် လက်ရှိရာထူးမှ ထုတ်ပယ်ခံခဲ့ရခြင်းဖြစ်သည်။ ဆောက်သမ်တန်နှင့်ရင်ဆိုင်ခဲ့ရသည့် ယူရိုပါလိဂ် ပွဲစဉ်တွင် အင်တာမီလန်အသင်းကို ဗင်ချီက ယာယီတာဝန်ယူကိုင်တွယ်သွားမည်ဖြစ်သည်။

အင်တာမီလန်သည် ပြီးခဲ့သည့်နွေဈေးကွက်အတွင်း ကစားသမားသစ်မြောက်မြားစွာခေါ်ယူပြီး အသင်းအောင်မြင်ရေး အတွက် အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့သော်လည်း စီးရီးအေပွဲစဉ်(၁၁)ပွဲ ကစားအပြီးတွင် ဦးဆောင်သူ ဂျူဗင်တပ်အောက် ၁၃မှတ်အထိကွာဟသွားခဲ့ပြီး ဇယားအောက်ဆုံးတွင်ရပ်တည်နေသည့် ခရိုတိုနီနှင့် ပင် ကိုးမှတ်သာ ကွာဟတော့ရာ အင်တာမီလန်အသင်းတာဝန်ရှိသူများက ဖရန့်ဒီဘိုးဝါကို ထုတ်ပယ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ယင်းသို့ ထုတ်ပယ်ခံရပြီးနောက် ဒီဘိုးဝါးက အင်တာတာဝန်ရှိသူများအနေဖြင့် သူ့အား ယခုထက် အချိန်ပေးသင့်ကြောင်း လူမှုကွန်ရက်စာမျက်နှာမှတစ်ဆင့် ချက်ချင်းဆိုသလို တုံ့ပြန်ရေးသားခဲ့သည်။

ဖရန့်ဒီဘိုးဝါ၏ အမြွာညီအစ်ကိုဖြစ်သူ ရိုနယ်လ် ဒီဘိုးဝါးကလည်း ဖရန့်မှာ အင်တာမီလန်တွင် အဓိက ပြဿနာနှစ်ရပ်နှင့် ကြုံတွေ့ခဲ့ရပြီး ပထမတစ်ခုမှာ အင်တာကစားသမားများ၏ ကြံ့ခိုင်မှု မပြည့်ဝခြင်းနှင့် ပျမ်းမျှ အသက်အရွယ်ကြီးရင့်မှုဖြစ်ပြီး ဒုတိယတစ်ခုမှာ အသင်းခေါင်းဆောင် အစ်ကာဒီနှင့် အင်တာပရိသတ်များကြား မသင့်မြတ်မှု ဖြစ်ကြောင်း အင်တာဗျူးတစ်ခုတွင် ထည့်သွင်းဖြေကြားခဲ့သည်။ **မေလဲ့သင်း**

*နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီး သုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန်ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့် စပ်ဆိုင်သောဆောင်းပါးများကို အပတ်စဉ် (သောကြာနေ့)တိုင်း ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင် ပါရှိသည့် အကြောင်းအရာများသည် စာရေးသူအာဘော်သာ ဖြစ်ပါသည်။*

*(စာတည်းအဖွဲ့)*

# လွတ်လပ်စွာ ရေးသားပြောဆို နေထိုင်ကြသည်ဆိုရာတွင်

## ခ မောင်စာဂ

ဒီမိုကရေစီခေတ်၊ ဒီမိုကရေစီစနစ်၊ ဒီမိုကရေစီအစိုးရတို့တွင် လွတ်လပ်စွာ ရေးကြ၊ သားကြ၊ ပြောကြ၊ ဟောကြ၊ နေကြ၊ ထိုင်ကြရသည်။ လွတ်လပ်စွာရေးသားခွင့်၊ ပြောဆိုဟောပြောခွင့်၊ နေထိုင်ခွင့်စသည့် အခွင့်အရေးများသည် ဒီမိုကရေစီစနစ်ဖြင့် အုပ်ချုပ်မှုအောက်တွင် တွေ့ရှိကြရသည်။ ဤသည်ကို လူအများနားလည်သဘောပေါက်လက်ခံထားကြသည်။ ဤသို့ နားလည်သဘောပေါက်လက်ခံထားကြသည်နှင့်အညီ ဤအခွင့်အရေးများကို မည်သို့မည်ပုံ ကျင့်သုံးကြမည်နည်းဆိုသည့် အချက်ကိုလည်း ကောင်းစွာသိရှိနားလည်ထားကြဖို့ လိုအပ်သည်။

**ကိုယ်ချင်းစာတရားထားရှိကြဖို့ လိုပါသည်။**

လွတ်လပ်စွာ ရေးသားခွင့်၊ ပြောဆိုဟောပြောခွင့်၊ နေထိုင်ခွင့် တည်းဟူသော အခွင့်အရေးကို နိုင်ငံသားတစ်ဦး သို့မဟုတ် အစုအဖွဲ့တစ်ခု သို့မဟုတ် အသင်းအပင်းတစ်ခုကိုသာ ပေးထားခြင်းမဟုတ်။ နိုင်ငံသားတိုင်း၊ နိုင်ငံသားတိုင်း၊ နိုင်ငံသားတစ်ဦးစီ တစ်ဦးစီကို တူတူညီညီ မျှမျှတတ ပေးထားခြင်းဖြစ်သည်။ ဤအခွင့်အရေးကို မိမိက ကျင့်သုံးခွင့်ရှိသလို တစ်ပါးသူများကလည်း ကျင့်သုံးခွင့်ရှိနေသည်။ ဤသည်ကို အမြဲသတိပြုသင့်သည်။ ဤသို့ဆိုလျှင် သင့်အားမေးခွန်း နှစ်ခုမျှလောက် မေးစမ်းပါရစေ။

**ပထမမေးခွန်း**

အခြားသူတစ်ဦးတစ်ယောက်က သူ့မှာလွတ်လပ်စွာ ရေးခွင့်သားခွင့်၊ ပြောခွင့်ဟောခွင့်ရှိသည်ဆိုပြီး သင်နှင့်သင့်မိသားစုတို့ဂုဏ်သိက္ခာကျဆင်းအောင်၊ ထိခိုက်နစ်နာအောင်၊ အမုန်းတရား၊ ရန်ငြိုးစကားများ ပွားလာအောင် ရေးသားပြောကြားလာမည်ဆိုလျှင် သင်မည်သို့ရှိနေမည်နည်း။ သင်မည်သို့ခံစားရပါမည်နည်း။

**ဒုတိယမေးခွန်း**

သင့်အိမ်နှင့်ကပ်လျက် ဘေးကအိမ်တွင် နေထိုင်သူက သူ့မှာ လွတ်လပ်စွာနေခွင့်ထိုင်ခွင့်ရှိသည်ဆိုပြီး သူ၏ လုပ်ရပ်က သင်နှင့်သင့်မိသားစုအား စိတ်မချမ်းမသာဖြစ်အောင် ဆူဆူညံညံ အနှောင့်အယှက် စသည်စသည် တစ်ခုခု တစ်စုံတစ်ရာဖြစ်လာခဲ့သော် သင်မည်သို့ရှိနေမည်နည်း။ သင်မည်သို့ခံစားရပါမည်နည်း။

ဤမေးခွန်း နှစ်ခု ဖြေဆိုပြီးလျှင် သင်ရရှိထားသော လွတ်လပ်စွာ ရေးသားခွင့်၊ ပြောဆိုဟောပြောခွင့်၊ နေထိုင်ခွင့်တို့နှင့်ပတ်သက်ပြီး မည်သို့ကျင့်သုံးရမည်ကို အကြမ်းဖျင်းမျှ သင်သိရှိသွားနိုင်ပါမည်။ အဓိကအချက်မှာ ကိုယ်ချင်းစာနာတတ်ဖို့ပဲ ဖြစ်သည်။ အိန္ဒိယနိုင်ငံ၏ အမျိုးသားခေါင်းဆောင် လွတ်လပ်ရေးဖခင်ကြီး မဟတ္တမဂန္ဒီက **“ကိုယ်မကြိုက်တာသူများမလုပ်စေချင်ရင် သူများမကြိုက်တာကိုယ်လည်း မလုပ်နဲ့။ ကိုယ်ချင်းစာတရားဆိုတာ အဲဒါ”** ဟူ၍ မိန့်ဆိုခဲ့သည်။

**ဗိုလ်ချုပ်မိန့်ကြားသည့်လွတ်လပ်ရေး၏ အဓိပ္ပာယ်**

မြန်မာနိုင်ငံ၏ အမျိုးသားခေါင်းဆောင်၊ လွတ်လပ်ရေးဖခင်ကြီးဗိုလ်ချုပ်အောင်ဆန်း၏ နောက်ဆုံးမိန့်ခွန်းဖြစ်သည့် ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၃ ရက်နေ့ ရန်ကုန်မြို့တော်ခန်းမ၌ ကျင်းပသော ပြည်သူ့အစည်းအဝေးကြီးတွင် မိန့်ကြားသည့် တိုင်းပြုပြည်ပြုလွှတ်တော်မိန့်ခွန်း၌ လွတ်လပ်ရေး၏ အဓိပ္ပာယ်ကို အောက်ပါအတိုင်းထည့်သွင်းမိန့်ကြားခဲ့သည်။

“. . . ဂျပန်ခေတ်တုန်းက ဂျပန်ခေတ် ဗမာ့လွတ်လပ်ရေး၊ အဲဒီတုန်းကဆိုလို့ရှိရင် လွတ်လပ်ရေး ရပြီဆိုတော့ကာ ဟသ်ာတနယ်ထဲမှာ ကျွန်တော်တွေ့ခဲ့တယ်။ ဘာတွေ့သလဲဆိုရင် လမ်းမပေါ်မှာ ဆေးလှန်းတယ်။ ဟာ လွတ်လပ်ရေးရပြီကွဆိုပြီးတော့ လူတကာသွားနေတဲ့ လမ်းမပေါ်မှာထွက်ပြီး ဆေးတွေလှန်းတယ်။ အဲဒီတော့ လမ်းသွားလမ်းလာလုပ်တဲ့ လူတွေအတော်ခုကျတယ်။ အဲဒါဟာ လွတ်လပ်ရေးမဟုတ်ဘူး။ **လွတ်လပ်ရေးဆိုတဲ့ အဓိပ္ပာယ်ကဘာလဲ။ လွတ်လပ်ရေးဆိုတာဟာ ကိုယ်တစ်ဦးတစ်ယောက်ကောင်းစားဖို့ဖြစ်စေ၊ တစ်မျိုးသားလုံးကောင်းစားဖို့ဖြစ်စေ လုပ်တဲ့နေရာမှာ အခြားတစ်ဦးတစ်ယောက်ရဲ့ အကျိုးကိုမထိခိုက်ဘဲနဲ့၊ အခြားလူတွေရဲ့ အကျိုးကို မထိခိုက်ဘဲနဲ့ လွတ်လွတ်လပ်လပ် ကိုယ့်တိုးတက်မှုအတွက် လုပ်နိုင်တာဟာလွတ်လပ်ရေးပဲ။” ဒီတော့ လွတ်လပ်ရေးဆိုတဲ့ အဓိပ္ပာယ်ဟာ စည်းမဲ့ကမ်းမဲ့ သဘောမျိုးမဟုတ်ဘူး။ စည်းနဲ့ကမ်းနဲ့ သဘောမျိုးသာ ဖြစ်တယ်။ စည်းနဲ့ကမ်းနဲ့ရှိမှသာလျှင် လွတ်လပ်ရေးဆိုတာ ဖြစ်နိုင်တယ်။”**

ဗိုလ်ချုပ်၏မိန့်ခွန်းသည် ယနေ့တိုင်တန်ဖိုးမဖြတ်နိုင်၊ နာယူမှတ်သားလေးစားလိုက်နာရလျက်ရှိသည်။ ဗိုလ်ချုပ်မိန့်ခွန်းကို ကြားလိုက်ရ၊ သိလိုက်ရသည်နှင့် လွတ်လပ်မှုဆိုသည်မည်သို့အဓိပ္ပာယ်ဆောင်သည်။ မည်သို့ အသွင်အပြင်လက္ခဏာရှိသည်ကို အလွယ်တကူ ထိထိမိမိ သိရှိနိုင်ကြပေသည်။ ဤသည်ကို နှလုံးသွင်းထားခြင်းဖြင့် လွတ်လပ်စွာနေမှုထိုင်မှု မည်သို့ကျင့်သုံးရမည်ကို ကောင်းစွာနားလည်သဘောပေါက် နိုင်ကြပေလိမ့်မည်။

ထပ်မံ၍လွတ်လပ်စွာရေးသားပြောဆိုဟောကြားမှုများ ပြုရာ၌ ဆင်ခြင်ဖွယ်ရာ၊ သိရှိမှတ်သားလိုက်နာဖွယ်ရာ ဥပဒေပြဋ္ဌာန်းချက်အချို့ကို ဖော်ပြပေးလိုသည်။

**ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များ**

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅၄ တွင် နိုင်ငံသားတိုင်းသည် အောက်ပါအခွင့်အရေးများကို လွတ်လပ်စွာ သုံးစွဲဆောင်ရွက်ခွင့်ရှိကြောင်း ပြဋ္ဌာန်းထားသည်-

(က) မိမိ၏ ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်၊

(ခ) လက်နက်မပါဘဲ ငြိမ်းချမ်းစွာစုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့်၊

(ဂ) အသင်းအဖွဲ့ သို့မဟုတ် အစည်းအရုံးများ ဖွဲ့စည်းဆောင်ရွက်ခွင့်၊

(ဃ) တိုင်းရင်းသားလူမျိုးတစ်မျိုးနှင့် တစ်မျိုး သို့မဟုတ် တိုင်းရင်းသားလူမျိုး အချင်းချင်းကိုလည်းကောင်း၊ အခြားဘာသာသာသနာကိုလည်းကောင်း၊ ထိခိုက်နစ်နာမှုမရှိစေဘဲမိမိချစ်ခင်မြတ်နိုးသည့်စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ကိုးကွယ်သည့်ဘာသာသာသနာနှင့် ဓလေ့ထုံးတမ်းများကို လွတ်လပ်စွာ ဆောင်ရွက်ပိုင်ခွင့်။

သို့ရာတွင် ထိုအခွင့်အရေးများကို သုံးစွဲဆောင်ရွက်သည့်အခါ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအလို့ငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် ဆန့်ကျင်မှုမရှိစေရပါ။ သတိမူကြရပါမည်။

ထို့ပြင်နိုင်ငံရေးကိစ္စအလို့ငှာ ဘာသာသာသနာကို အလွဲသုံးစားပြုခြင်း၊ လူမျိုးရေးကြောင့်သော်လည်းကောင်း၊ ဘာသာရေးကြောင့်သော်လည်းကောင်း တစ်ဖက်နှင့်တစ်ဖက် တစ်ဂိုဏ်းနှင့်တစ်ဂိုဏ်း မုန်းတီးခြင်း၊ ရန်မူခြင်း၊ စိတ်ဝမ်းကွဲပြားခြင်း တစ်မျိုးမျိုးပေါ်ပေါက်လာစေရန် ရည်ရွယ်သော သို့မဟုတ် ပေါ်ပေါက်လာရန်အကြောင်းရှိသော ရေးသားပြောဆိုဟောပြောခြင်းစသည့် အပြုအမူမှန်သမျှသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ဆန့်ကျင်ကြောင်း ပြဋ္ဌာန်းထားသည့် ပုဒ်မ ၃၆၄ ပါ ပြဋ္ဌာန်းချက်ကိုလည်း အထူးအလေးထားကြရန် လိုအပ်ပေမည်။

**ရာဇသတ်ကြီးဥပဒေပါ ပြဋ္ဌာန်းချက်များ**

ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၁၂၄-က။ အစိုးရကို အကြည်ညိုပျက်အောင်ပြုခြင်းတွင် မည်သူမဆို အစိုးရကို မုန်းထားအောင်၊ မလေးစားအောင်၊ မေတ္တာပျက်အောင် ရေးသားပြောဆို ဟောပြောခြင်းစသည့် တစ်နည်းနည်းဖြင့် လှုံ့ဆော်လျှင် သို့မဟုတ် ထိုသို့လှုံ့ဆော်ရန် အားထုတ်လျှင် အစိုးရကိုအကြည်ညိုပျက်အောင် ပြုရာရောက်သည်။ ထိုသူကို ငွေဒဏ်နှင့်တကွ ထောင်ဒဏ်နှစ်နှစ်ဆယ်ဖြစ်စေ၊ ငွေဒဏ်နှင့်တကွ ခုနစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်သက်သက်ဖြစ်စေ ချမှတ်ရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။

ဤပုဒ်မကို လေ့လာသည့်အခါ မေတ္တာပျက်စေခြင်းဆိုသည့် စကားရပ်တွင် သစ္စာမဲ့ခြင်းနှင့် အငြိုးထားသော စိတ်လည်းပါဝင်ကြောင်း ရှင်းလင်းထားသည်ကို တွေ့ရပါမည်။

အကယ်၍ သူတစ်ဦးသည် အစိုးရအပေါ် မုန်းထားအောင်၊ မလေးစားအောင်၊ မေတ္တာပျက်အောင်ဖြစ်စေရန် လှုံ့ဆော်ခြင်း၊ လှုံ့ဆော်ရန်အားထုတ်ခြင်းမရှိဘဲ အစိုးရ၏ ဆောင်ရွက်မှုအစီအစဉ်ကို ဥပဒေနှင့်ညီသောနည်းဖြင့် ပြောင်းလဲပြုပြင်စေရန်ရည်ရွယ်လျက် အစိုးရ၏ ဆောင်ရွက်မှုကို သဘောမကျကြောင်းထုတ်ဖော်ပြောဆိုရေးသားမည်ဆိုလျှင် ပြစ်မှုမမြောက်ပါ။

ထို့ပြင်အကယ်၍ သူတစ်ဦးသည် အစိုးအရအပေါ် မုန်းထားအောင်၊ မလေးစားအောင်၊ မေတ္တာပျက်အောင် ဖြစ်စေရန် လှုံ့ဆော်ခြင်း၊ လှုံ့ဆော်ရန်ကြံစည်အားထုတ်ခြင်း မရှိဘဲ အစိုးရ၏ စီရင်အုပ်ချုပ်ရေးဆိုင်ရာဆောင်ရွက်မှုကို သို့မဟုတ် အခြားဆောင်ရွက်မှုကို သဘောမကျကြောင်း ထုတ်ဖော်ပြောဆိုရေးသားမည်ဆိုလျှင် ပြစ်မှုမမြောက်ပါ။

ဤသည်တို့မှာ အစိုးရအပေါ် ပြောဆို၊ ရေးသားကြရာတွင် သိရှိမှတ်သားဆင်ခြင်လိုက်နာရမည့် အချက်များဖြစ်သည်။

ရာဇသတ်ကြီးဥပဒေ၊ ပုဒ်မ ၅၀၀ ဆိုလျှင် အသရေဖျက်မှုဖြစ်သည်ကို အားလုံးသိရှိကြပြီးဖြစ်ပါလိမ့်မည်။ မည်သူမဆို လူတစ်ဦးတစ်ယောက်၏ အသရေကို နစ်နာစေရန် အကြံဖြင့် ရေးသားပြောဆိုခြင်းစသည့် တစ်နည်းနည်းဖြင့် စွပ်စွဲချက်ကိုပြုလျှင် သို့မဟုတ် ကြေညာလျှင် အသရေဖျက်မှုကို ကျူးလွန်ရာရောက်ပြီး နှစ်နှစ်ထိ၊ အလုပ်မဲ့ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ပြစ်ဒဏ်ချမှတ်ခြင်း ခံရနိုင်သည်။

ဤပုဒ်မပါ ပြဋ္ဌာန်းချက်အရ ပြစ်မှုမမြောက်ဘဲ ကင်းလွတ်ချက်ပေးထားသည့် အချို့အချက်များကိုလည်း ဖော်ပြပေးပါမည်။

တစ်ဦးတစ်ယောက်သောသူနှင့်စပ်လျဉ်း၍ မှန်ကန်သောစွပ်စွဲချက်ကို အများပြည်သူအကျိုးအတွက် ပြုလုပ်ရန် သို့မဟုတ် ကြေညာရန် သင့်သည်ဖြစ်လျှင် ထိုသို့စွပ်စွဲချက်သည် အသရေဖျက်မှုမမြောက်ပါ။

ပြည်သူ့ဝန်ထမ်းအဖြစ်ဖြင့် အလုပ်ဝတ္တရားဆောင်ရွက်ရာတွင် ထိုပြည်သူ့ဝန်ထမ်း၏ အပြုအမူနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ထိုပြည်သူ့ဝန်ထမ်း၏ အကျင့်စာရိတ္တနှင့်စပ်လျဉ်း၍သော်လည်းကောင်း တစ်ဦးတစ်ယောက်သောသူက သဘောရိုးဖြင့် မိမိ၏ထင်မြင်ချက်ကို ဖော်ပြခြင်းသည် အသရေဖျက်မှုမမြောက်ပါ။

အများပြည်သူပြဿနာဆိုင်ရာ တစ်ဦးတစ်ယောက်သောသူ၏ အပြုအမူနှင့်စပ်လျဉ်း၍လည်းကောင်း၊ ထိုသူ၏ အကျင့်စာရိတ္တနှင့်စပ်လျဉ်း၍လည်းကောင်း တစ်ဦးတစ်ယောက်သောသူက သဘောရိုးဖြင့် မိမိ၏ ထင်မြင်ချက်ကို ဖော်ပြခြင်းသည် အသရေဖျက်မှုမမြောက်ပါ။

တရားရုံးတစ်ခု၏ မှုခင်းဆောင်ရွက်ချက်များကိုဖြစ်စေ၊ မှုခင်းဆောင်ရွက်ပြီးပြတ်ပုံကိုဖြစ်စေ အရေးပါသော အချက်အလက်များ၌ မှန်ကန်စွာကြေညာခြင်းသည် အသရေဖျက်မှုမမြောက်ပါ။

အခြားသူတစ်ဦးတစ်ယောက်၏ အကျင့်စာရိတ္တကို ထိခိုက်အောင် စွပ်စွဲရာ၌ စွပ်စွဲသူက သဘောရိုးဖြင့် မိမိ၏ အကျိုးကိုသော်လည်းကောင်း၊ သူတစ်ပါး၏ အကျိုးကိုသော်လည်းကောင်း ကာကွယ်စောင့်ရှောက်ရန် စွပ်စွဲခြင်းသည် သို့မဟုတ် အများပြည်သူ၏အကျိုးအတွက် စွပ်စွဲခြင်းသည် အသရေဖျက်မှုမမြောက်ပါ။

ဤသည်မှာ သာဓကအချို့ကို ပြောပြခြင်းဖြစ်သည်။ အခြားသူတစ်ဦးတစ်ယောက်အပေါ် ပြောဆိုရေးသားကြရာတွင် သတိပြုမှတ်သား လိုက်နာသင့်သည့်အချက်များဖြစ်သည်။

**လွတ်လပ်မှုနှင့် ဒီမိုကရေစီ**

လွတ်လပ်စွာရေးသားပြောဆို နေထိုင်လုပ်ကိုင်မှုသည် မိမိကိုရော ပတ်ဝန်းကျင်ကိုပါ မထိခိုက်စေရန် အထူးသတိပြုရမည်။ ဒီမိုကရေစီ၏ တရားကိုယ်သည် တစ်ဦးချင်းတစ်ဦးစီ၏ ဆန္ဒသဘောထားများပါဝင်သော အများစု၏ ဆုံးဖြတ်ဆောင်ရွက်ချက်ဟု နားလည်မိသည်။ တစ်ဦးချင်း၏ လွတ်လပ်မှုနှင့် အများစု၏ အကျိုးစီးပွားကို နည်းလမ်းမှန်စွာ ပေါင်းစပ်ကျင့်သုံးခြင်းသည် ဒီမိုကရေစီဖြစ်သည်။ ဒီမိုကရေစီစနစ်သည်သာ ငြိမ်းချမ်းသာယာသော လူ့ဘောင်လောကကို ဖန်တီးဖော်ဆောင်နိုင်ပေမည်။ နှောင်ကြိုးမဲ့သော လွတ်လပ်မှု၏ အရသာကို အပြည့်အဝခံစားနိုင်ပေလိမ့်မည်။

ကမ္ဘာ့ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်အဖြစ် သက်တမ်းနှစ်ကြိမ်တိုင် တာဝန်ထမ်းဆောင်ခဲ့သည့် ဦးသန့်က **“တိုင်းပြည်အုပ်ချုပ်ရေးစနစ်များအနက် ဒီမိုကရေစီစနစ်သည် အခက်အခဲဆုံးဖြစ်လေသည်။ ဒီမိုကရေစီစနစ်အောင်မြင်ရန် ပြည်သူပြည်သားတို့သည် အသိဉာဏ်ပညာနှင့် ဆင်ခြင်တုံတရား လုံလောက်အောင် ရှိကြရမည်။ အသိဉာဏ်ကင်းမဲ့သော နိုင်ငံတွင် ဒီမိုကရေစီစနစ်သည် ဗရုတ်သုတ်ခကိုသာ ဖြစ်စေလိမ့်မည်”** ဟူ၍ မိန့်ဆိုခဲ့သည်။

**အသိဉာဏ်ပညာနှင့်ဆင်ခြင်တုံတရားများထားရှိကြပါစို့**

ဒီမိုကရေစီခေတ်၊ ဒီမိုကရေစီစနစ်၊ ဒီမိုကရေစီအစိုးရတို့တွင် လွတ်လပ်စွာ ရေးသားခွင့်၊ ပြောဆိုဟောပြောခွင့်၊ နေထိုင်ခွင့်ရှိကြသည်ဟုဆိုကာ အသိဉာဏ်ပညာကင်းမဲ့ပြီး ဆင်ခြင်တုံတရားမထားရှိဘဲ စိတ်ဆန္ဒရှိတိုင်း ပရမ်းပတာ ရေးကြ၊ သားကြ၊ ပြောကြ၊ ဟောကြ၊ နေကြ၊ ထိုင်ကြမည်ဆိုလျှင် လမ်းကြောင်းမှန်မရောက်ဖြစ်နေမည်။ ဒီမိုကရေစီကို အလွဲသုံးခြင်းဖြစ်သွားမည်။ ဒီမိုကရေစီ အနှစ်သာရကင်းမဲ့၍ ဒီမိုကရေစီ၏တရားကိုယ်သဘောနှင့် ဖီလာဆန့်ကျင်ဖြစ်နေပေလိမ့်မည်။ ဒီမိုကရေစီနိုင်ငံတော်ကြီးနှင့် အလှမ်းကွာဝေးပြီး တရားဥပဒေစိုးမိုးရေးဟူသည် အိပ်မက်ပမာသာ ဖြစ်နေပေလိမ့်မည်။

လွတ်လပ်စွာရေးသားခွင့်၊ ပြောဆိုဟောပြောခွင့်၊ နေခွင့်၊ ထိုင်ခွင့်စသည့် အခွင့်အရေးများကို ကျင့်သုံးရာတွင် အသိဉာဏ်ပညာရှေ့သွားပြုရမည်။ ဆင်ခြင်တုံတရားထားရှိရမည်။ ကိုယ်ချင်းစာနာမှု ရှေးရှုရမည်။ စိတ်ကောင်းစေတနာထားရမည်။ တစ်ပါးသူ၏ အခွင့်အရေးကို ထိပါးခြင်းမရှိစေရ။ မိမိ၏ ပြုမူဆောင်ရွက်ချက် မိမိကိုယ်တိုင်တာဝန်ယူနိုင်ရမည်။ တာဝန်ခံနိုင်ရမည်။ အပြုသဘော အသွင်ဆောင်ရမည်။ အာဃာတတရား၊ အမုန်းစကားနှင့် အငြိုးအတေးများ၊ သစ္စာမဲ့ခြင်းနှင့် မေတ္တာပျက်ခြင်းများ ကင်းစင်ရမည်။ ဤသို့ပြုမူပြောဆိုနေထိုင်ကြမည်ဆိုလျှင် လူ့ဘောင်အဖွဲ့အစည်းကြီးတစ်ခုလုံးသာယာမည်။ အေးချမ်းမည်။ တည်ငြိမ်မည်။ တရားဥပဒေစိုးမိုးမည်။ ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းပေါ်ပေါက်လာမည်မှာ မလွဲဧကန်ပင်။

**စကားကြီး (၆)ခွန်း**

ဗုဒ္ဓမြတ်စွာဘုရားရှင်က လူ့ဘောင်လောကတွင် ဖြစ်ထွန်းသော စကားကြီး(၆)ခွန်းကို ဟောကြားထားရှိခဲ့သည်။ သိရှိကြပြီး ဖြစ်သော်လည်း ထပ်ဆင့်ဖော်ပြပါရစေ။

(က) မှန်လည်းမမှန်၊ အကျိုးလည်းမရှိ၊ အပြောခံရသူလည်း မနှစ်သက်သော စကား၊

(ခ) မှန်လည်းမမှန်၊ အကျိုးလည်းမရှိ၊ အပြောခံရသူနှစ်သက်သောစကား၊

(ဂ) မှန်သော်လည်း အကျိုးမရှိဘဲ အပြောခံရသူ မနှစ်သက်သောစကား၊

(ဃ) မှန်သော်လည်း အကျိုးမရှိဘဲ အပြောခံရသူ နှစ်သက်သောစကား၊

(င) မှန်လည်းမှန်၊ အကျိုးလည်းရှိ၊ အပြောခံရသူ မနှစ်သက်သောစကား၊

(စ) မှန်လည်းမှန်၊ အကျိုးလည်းရှိ၊ အပြောခံရသူ နှစ်သက်သောစကား။

ထိုစကား (၆)မျိုးတွင် ပထမ(၄)မျိုးကို မြတ်စွာဘုရားနှစ်သက်တော်မမူ။ ကျန် (၂)မျိုးကိုသာ မြတ်စွာဘုရားနှစ်သက်တော်မူသည်။ မိမိနှင့် သူတစ်ပါး၊ တစ်ဦးချင်းစီနှင့် အများ၊ အားလုံး၏အကျိုးစီးပွားဖြစ်ထွန်းစေသော စကားကိုသာ ချီးမွမ်းတော်မူသည်။ မြတ်စွာဘုရားနှစ်သက်ချီးမွမ်းတော်မူသည့် စကား(၂)မျိုးကို ပြောနိုင်၊ ဆိုနိုင်၊ ဟောနိုင်ကြပါစေ။

**ဓမ္မတရားတွေ လွှမ်းခြုံပေးကြပါ။**

လွတ်လပ်စွာ ရေးသားခွင့်၊ ပြောဆိုဟောပြောခွင့်၊ နေထိုင်ခွင့်စသည့် အခွင့်အရေးများ ရှိနေကြသည်ဖြစ်ရာ ထိုအခွင့်အရေးများကို အဓမ္မတရားတွေ ပပျောက်ကင်းစင်ဖို့၊ ဓမ္မတရားတွေ လွှမ်းခြုံထားသည့် လူ့ဘောင်အဖွဲ့အစည်းကြီးဖြစ်စေဖို့ တရားနည်းလမ်းတကျ ပို၍ပို၍ ရေးနိုင်သားနိုင်၊ ပြောနိုင်ဟောနိုင်၊ နေထိုင်နိုင်ကြစေလိုကြောင်း စေတနာအရင်းခံနှင့် ဆန္ဒပြုလိုက်ပါရစေ။ ။

## မြန်မာ–ဖိလစ်ပိုင် အနုပညာရှင်များ ပူးပေါင်းတင်ဆက်သော ရေသူမလေးမီရာပြဇာတ် ဖျော်ဖြေတင်ဆက်

**မန္တလေး နိုဝင်ဘာ ၃**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန၏ ကူညီမှုဖြင့် မြန်မာ-ဖိလစ်ပိုင် အနုပညာရှင်များ ပူးပေါင်းတင်ဆက်သော ရေသူမလေးမီရာ ပြဇာတ်ဖျော်ဖြေ တင်ဆက်ပွဲကို နိုဝင်ဘာ ၁ ရက် ည ၇ နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၆၆ လမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ အနုပညာချစ်သူများ လာရောက်အားပေးကြသည်။

ရေသူမလေးမီရာ ပြဇာတ်ဖျော်ဖြေတင်ဆက်မှုကို မြန်မာနိုင်ငံရှိ ဖိလစ်ပိုင်သံရုံးမှ ကူညီပံ့ပိုးပေးကာ ... ဖိလစ်ပိုင် အသင်းကလည်း ပူးပေါင်းကူညီဆောင်ရွက်ပေးသည်။ ပြဇာတ်ဖျော်ဖြေပွဲမှ လက်မှတ်ရောင်းချရငွေများကိုလည်း ပရဟိတလူမှုရေးလုပ်ငန်းများအတွက် လှူဒါန်းသွားမည်ဖြစ်သည်။

ရေသူမလေးမီရာပြဇာတ်သည် စာရေးဆရာဒါရိုက်တာ အီရန်အယ်ကာရစ်၏ အနုပညာဖန်တီးမှုတစ်ရပ်ဖြစ်သော မိဘမေတ္တာသရုပ်ဖော် မေတ္တာဘွဲ့ဇာတ်လမ်းကို မြန်မာ၊ ဖိလစ်ပိုင် အနုပညာရှင်ဝါသနာရှင် ၃၅ ဦးက ပါဝင်သရုပ်ဆောင်ထားကြသည်။ ရေသူမလေး မီရာပြဇာတ်ကို မြန်မာ-ဖိလစ်ပိုင် ယဉ်ကျေးမှု ပူးပေါင်းဖလှယ်ရန်၊ ပြဇာတ်ဆိုင်ရာအနုပညာ ဖန်တီးမှုများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်၊ ပရဟိတလုပ်ငန်းများတွင် ပါဝင်ကူညီရန် ရည်ရွယ်ချက်ဖြင့် ကပြခြင်း ဖြစ်သည်။

ရေသူမလေးမီရာပြဇာတ်သည် နတ်သမီးပုံပြင်ကဲ့သို့မဟုတ်ဘဲ မိသားစုအတွင်း မေတ္တာတရားကို အခြေခံကာ နေထိုင်ကြခြင်းဖြင့် ပျော်ရွှင်သောဘဝရပ်တည်နိုင်ပုံကို အနုပညာရှင်များက သရုပ်ဖော်ကပြခဲ့သည်။

**သီဟကိုကို(မန္တလေး)**



## မိတ္ထီလာတွင် (၁၁) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု ဝက်ပါပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပမည်

**မိတ္ထီလာ နိုဝင်ဘာ ၃**

မိတ္ထီလာတွင် (၁၁) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု ဝက်ပါပွဲတော်အား သီရိမင်္ဂလာရပ်ကွက် ထီးသုံးဆင့်-ရွှေမြင်မိလေးမျက်နှာဘုရားအနီး ကွင်းပြင်၌ နိုဝင်ဘာ ၁၁ ရက်မှ ၁၇ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။



မိတ္ထီလာတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု ဝက်ပါပွဲတော်အား လွန်ခဲ့သည့် နှစ်ပေါင်း ၁၄၄ နှစ်ကျော်ကာလက စတင်ပြီး ၂၀၀၇ ခုနှစ် အကြိမ် (၁၀) မြောက်အထိ ကျင်းပခဲ့သည်။ ယခုအခါ (၁၁) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု ဝက်ပါပွဲတော်အဖြစ် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ရုပ်သေပြပွဲပြကွက်များအတွက် နောက်ခံပန်းချီကားများရေးဆွဲခြင်းလုပ်ငန်း၊ ဝက်ပါလမ်းများတည်ဆောက်ခြင်း၊ မုခ်ဦးများဆောက်လုပ်ခြင်းလုပ်ငန်းများ၊ အလှူငွေရရှိရေးလုပ်ငန်းများ၊ လျှပ်စစ်မီးအလှပူဇော်နိုင်ရေးလုပ်ငန်းများကို လုပ်ငန်းအဖွဲ့အသီးသီးခွဲ၍ ထီးသုံးဆင့်-ရွှေမြင်မိလေးမျက်နှာဘုရား ဂေါပကအဖွဲ့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ဆောင်ရွက်လျက်ရှိသည်။

ယခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု ဝက်ပါပွဲတော်တွင် ယနေ့ခေတ်လူငယ်များ အတုယူမှတ်သားဖွယ် ဖွဲလုံ့လနှင့် သီလတရားတို့ကြောင့်အောင်မြင်မှုများ ရယူပိုင်ဆိုင်နိုင်ခဲ့သည့် ဘုရားအလောင်းတော် မဟာဇနက ဇာတ်တော်ကြီးအား တန်ဆောင်မုန်းလဆန်း ၁၂ ရက်မှ လပြည့်နေ့အထိလည်းကောင်း၊ ပညာအရာဖြင့် အောင်မြင်မှုရရှိပုံကို သိရှိမှတ်သားဖွယ်များပါဝင်သည့် မင်းကုသ ဇာတ်တော်ကြီးအား တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်မှ ၃ ရက်အထိလည်းကောင်း ရုပ်သေပြခန်း ၁၀ ခန်းတွင် ရုပ်သေပြကွက်များဖြင့် ဒေသခံအနုပညာဝါသနာရှင်သရုပ်ဆောင်များက ပါဝင်သရုပ်ဆောင်ပြသသွားမည်ဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု ဝက်ပါပွဲတော်မှာ ဘုရားအလောင်း ဝေဿန္တရာမင်းကြီး ဇာတ်တော်တွင်ပါဝင်သည့် အကောက်တစ်ထောင် ဝက်ပါတောင်အား အခြေခံကာ ရှေးအစဉ်အဆက် ကျင်းပပြုလုပ်သည့်ပွဲတော်တစ်ခုဖြစ်ပြီး ဒါနပါရမီ၊ သီလပါရမီ၊ နိက္ခမပါရမီများကို သိရှိနားလည်ကာ ကုသိုလ်ကောင်းမှုပြုနိုင်ရေးအတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

## ချင်းတွင်းမြစ်အတွင်း နစ်မြုပ်ခဲ့သည့် အမြန်ရေယာဉ်နစ်မြုပ်မှုဖြစ်စဉ်တွင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သော မီးသတ်တပ်ဖွဲ့ဝင်များအား တစ်ဆင့်မြင့်ရာထူး တိုးမြှင့်

**မုံရွာ နိုဝင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် မိချောင်းတွင်းကျေးရွာအနီး ချင်းတွင်းမြစ်အတွင်း အောက်တိုဘာ ၁၅ ရက် နံနက်ပိုင်းက တိမ်းမှောက်နစ်မြုပ်ခဲ့သည့် အောင်စိုးမိုးကျော်(၂) အမြန်ရေယာဉ်နစ်မြုပ်မှုဖြစ်စဉ်တွင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသော မီးသတ်တပ်ဖွဲ့ဝင်လေးဦးအား တစ်ဆင့်မြင့် ရာထူးတံဆိပ်တိုးမြှင့်တပ်ဆင်ပေးခြင်း အခမ်းအနားကို နိုဝင်ဘာ ၂ ရက် နံနက် ၉ နာရီက မုံရွာမြို့ နန္ဒဝန်ရပ်ကွက်ရှိ တိုင်းဒေသကြီးမီးသတ်ဦးစီးဌာနရုံးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်သန့်နိုင်က ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် ရေယာဉ်နစ်မြုပ်မှုဖြစ်စဉ်တွင် ကူညီရှာဖွေ ကယ်ဆယ်ရေးလုပ်ငန်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အနီးကပ်ကြီးကြပ် လမ်းညွှန်မှုဖြင့် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံများနှင့် ပူးပေါင်းကာ အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ သာမန် လူတိုင်း လုပ်ဆောင်နိုင်ဖို့ခက်ခဲသည့် သေဆုံးသူများ၏ ရုပ်အလောင်းများဆယ်ယူရေးလုပ်ငန်းများအပြင် အခါအားလျော်စွာပေးအပ်သည့် အမိန့်နှင့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့်အတွက် ဌာနမှ ယခုလို တစ်ဆင့်မြင့်ရာထူးများ တိုးမြှင့်ပေးမှုအပေါ် ဝမ်းမြောက် ဂုဏ်ယူပါကြောင်း ပြောကြားပြီး တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်သန့်နိုင်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးမြတ်ကျော်ကျော်တို့မှ မီးသတ် တပ်ဖွဲ့ဝင် လေးဦးအား တစ်ဆင့်မြင့် ရာထူးတံဆိပ်များ တပ်ဆင်ပေးကြသည်။

ယင်းနောက် တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်သန့်နိုင်က နစ်မြုပ်ရေယာဉ်ဆယ်ယူရေးလုပ်ငန်းများတွင် ကူညီ ဆောင်ရွက်ခဲ့သည့် မြို့မိမြို့ဖ ဦးမျိုးဝင်းအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ အခမ်းအနားတွင် မုံရွာမြို့နယ် မုံရွေးနယ်မြေမီးသတ်စခန်းမှ တပ်သားမြနိုင်၊ မုံရွာမြို့နယ် အလုံနယ်မြေ မီးသတ်စခန်းမှ တပ်သားတင့်လွင်ဦး၊ မုံရွာမြို့နယ် မီးသတ်စခန်းမှ တပ်သားဇော်ဌေးနှင့် တပ်သားဇော်လင်းမောင်တို့လေးဦးအား တစ်ဆင့်မြင့်ရာထူးတံဆိပ်များ တိုးမြှင့်တပ်ဆင်ပေးခဲ့ကြပြီး ယင်းအခမ်းအနားသို့ တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်သန့်နိုင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အတွင်းရေးမှူး ဦးမြတ်ကျော်ကျော်၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး၊ မြို့မိမြို့ဖများ၊ တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ဦးမင်းစမ်းအေး၊ ခရိုင်/မြို့နယ်မီးသတ်စခန်းမှ တာဝန်ရှိသူများနှင့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် အခြား ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**



## ပလောက်မြို့၌ မူခင်းကျဆင်းရေး ခရီးသည်တင်ယာဉ်များအား ရှောင်တခင်စစ်ဆေး

**ပလောက် နိုဝင်ဘာ ၃**

မော်တော်ယာဉ်ဖြင့် ခရီးသွားလာကြသော ခရီးသွားပြည်သူများ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်စေရေး၊ သတ်မှတ်ဦးရေထက် ပိုမိုတင်ဆောင်မှုမရှိစေရေးနှင့် တရားမဝင်ပစ္စည်းများ တင်ဆောင်မှုမရှိစေရေးအတွက် ရန်ကုန်မြို့မှ မြိတ်မြို့သို့ ပြေးဆွဲနေသော မော်တော်ယာဉ်များကို နိုဝင်ဘာ ၂ ရက် နံနက်ပိုင်းက ရန်ကုန်- ထားဝယ်-မြိတ် ပြည်ထောင်စုလမ်းမကြီး ပလောက်မြို့ တံတားအရှေ့၌ ပိတ်ဆို့စစ်ဆေးမှု ဆောင်ရွက်ခဲ့သည်။

အဆိုပါ ပိတ်ဆို့စစ်ဆေးရာတွင် ပလောက်မြို့ နယ်မြေရဲစခန်းမှ ရဲအုပ်ဝဏ္ဏနှင့်တပ်ဖွဲ့ဝင်များ၊ ပလောက်မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့အုပ်ချုပ်ရေးမှူး ဦးမျိုးဝေ၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာ ပလောက်မြို့ဦးစီးမှူးရုံးမှ ဝန်ထမ်းများ၊ ပလောက်မြို့စည်ပင်သာယာရေးအဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အမှတ်(၁)ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူးများ ပူးပေါင်း၍ ခရီးသွားမော်တော်ယာဉ်များကို ရပ်တန့်စေပြီး ရှာဖွေစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

**ပလောက်(ပြန်/ဆက်)**

## ခင်ဦးမြို့နယ်စည်ပင်သာယာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များနှင့်တွေ့ဆုံ

**ခင်ဦး နိုဝင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးသစ်ထူးမြင့်သည် ရွှေဘိုခရိုင် ခင်ဦးမြို့နယ် စည်ပင်သာယာရေးအတွက် နိုဝင်ဘာ ၁ ရက် ညနေ ၄ နာရီက မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးတင်အောင်ထွန်းနှင့် ကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးဦးစီးအရာရှိ ဒေါ်စန္ဒာထွန်းနှင့် ရုံးဝန်ထမ်းများအား တွေ့ဆုံခဲ့သည်။

အဆိုပါတွေ့ဆုံရာတွင် မြို့နယ်စည်ပင်သာယာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန်ပြောကြားခဲ့ပြီး မြို့မဈေးအတွင်း သန့်ရှင်းသာယာရေးအတွက် ဆောင်ရွက်ထားရှိမှုများ၊ မြို့မဈေး မီးဘေးအန္တရာယ် ကင်းရှင်းရေးဆောင်ရွက်ထားရှိမှုများ၊ ဈေးအတွင်း ပစ္စည်းများ ပျောက်ရှမှုမရှိစေရေးတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့နယ်စည်ပင်သာယာရေးကော်မတီများက တင်ပြချက်များကို ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

**ခင်ဦးစိုးဝေ**

## စီးကရက်ပုံစံမုန့်များနှင့် တရားမဝင်ဆေးဝါးများ ရောင်းချခြင်းရှိ–မရှိ ကွင်းဆင်းစစ်ဆေး

**ပလောက် နိုဝင်ဘာ ၃**
တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပလောက်မြို့၌ အမှတ်တံဆိပ်မျိုးစုံဖြင့်ထုတ်လုပ်သော စီးကရက်ပုံစံမုန့်များနှင့် တရားမဝင်ဆေးဝါများရောင်းချခြင်းရှိ-မရှိကို နိုဝင်ဘာ ၁ ရက် နံနက်ပိုင်းက ပလောက်မြို့၌ ရောင်းချလျက်ရှိသော ကုန်စုံဆိုင်များ၊ ဆေးဆိုင်များနှင့် အခြေခံပညာကျောင်းများရှိ မုန့်ဆိုင်များအား ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါစစ်ဆေးရာတွင် ပလောက်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့အုပ်ချုပ်ရေးမှူး ဦးမျိုးဝေဦးဆောင်သော အစားအသောက်နှင့်ဆေးဝါးကြီးကြပ်ရေးကော်မတီအဖွဲ့သည် ကျန်းမာရေးထိခိုက်နိုင်ဖွယ်ရှိသော၊ ဒေသခံပြည်သူများ စားသောက်ရန်မသင့်သော သတ်မှတ်ရက်လွန်စားသောက်ကုန်များ ကျန်းမာရေးတံဆိပ်မပါသည့် စီးကရက်၊ ဆေးပေါ့လိပ်များ၊ အနာဂတ်မျိုးဆက်သစ် ကျောင်းသားလူငယ်များ အတုယူမှားနိုင်သည့် စီးကရက်ပုံစံမုန့်များ ဈေးကွက်အတွင်းဝင်ရောက်လာပါက ရောင်းချခြင်းမပြုကြရန်နှင့် သက်တမ်းလွန်ဆေးဝါးများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တားမြစ်ထားသည့် ဆေးဝါးများနှင့် တရားမဝင်ဆေးဝါးများကြောင့် ရရှိနိုင်သည့် ကျန်းမာရေးဆိုင်ရာဆိုးကျိုးများကို အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

**ပလောက်(ပြန်/ဆက်)**

## ကျန်းမာရေးစောင့်ရှောက်မှု အခမဲ့ကွင်းဆင်းကုသဆောင်ရွက်

**ကလေး နိုဝင်ဘာ ၃**
ကလေးမြို့ ကက်သလစ်သာသနာပိုင် ဆရာတော်ကြီး Felix Lian Khen Thang ၏ လမ်းညွှန်မှုဖြင့် ကလေးကက်သလစ်သာသနာနယ်အတွင်း သဘာဝဘေးအန္တရာယ်သင့်ပြည်သူများ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုကော်မတီမှ (၁၀) ကြိမ်မြောက် အခမဲ့ကျန်းမာရေးစောင့်ရှောက်ကုသမှု ကွင်းဆင်းခြင်းလုပ်ငန်းကို အောက်တိုဘာ ၃၀ ရက်က ကလေးမြို့နယ် ပြည်တော်သာကျေးရွာ၌ ဆောင်ရွက်လျက်ရှိရာ ကလေးလူနာ ၁၆၈ ဦး၊ သားဖွားမီးယပ်ဆိုင်ရာလူနာ ၄၇ ဦး၊ သွားနှင့်ခံတွင်းဆိုင်ရာလူနာ ၄၀၊ အထွေထွေလူနာ ၄၇၅ ဦး စုစုပေါင်း၇၃၀ တို့အား အခမဲ့ ဆေးကုသမှုဆောင်ရွက်ပေးခဲ့သည်။

ယင်းသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ဆေးကုသမှုအဖွဲ့ဝင်များအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး (ပြည်သူ့ကျန်းမာ) မှ ဒေါက်တာဂိုခန့်နွမ်းနှင့် အထွေထွေရောဂါကုလက်ထောက်ဆရာဝန် ရှစ်ဦး၊ သွားနှင့်ခံတွင်းအထူးကုဆရာဝန်ကြီး ဒေါက်တာထွမ်ခန့်ဆွမ်နှင့် သွားဘက်ဆိုင်ရာဆရာဝန်ခြောက်ဦးတို့နှင့်အတူ သူနာပြုဆရာမ ၄၈ ဦးတို့ပါဝင်၍ အခမဲ့ဆေးကုသမှုများ ဆောင်ရွက်သွားကြခြင်းဖြစ်သည့်အပြင် ကျန်းမာရေးအသိပညာပေးဟောပြောပွဲများကိုလည်း ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

"အရင်နှစ် သဘာဝရေဘေးဒဏ်ကျရောက်တဲ့အချိန်ကစပြီး အခုချိန်အထိ ဘယ်ဆေးကုသမှုအဖွဲ့မှ လာရောက်ကုသတယ်ဆိုတာ မရှိသေးဘူး။ အဖြစ်များတဲ့ရောဂါကတော့ တုပ်ကွေး၊ ရိုးရိုးဖျားနာ၊ ဝမ်းနဲ့ပတ်သက်တဲ့ရောဂါတွေဖြစ်ပြီး သေဆုံးမှုကတော့ မရှိခဲ့ပါဘူး။ ကျွန်တော်တို့ရွာမှာ ကျန်းမာရေးကုသတဲ့လွှမ်းခြုံမှုအင်အား အလွန်နည်းပါးတဲ့အတွက် ဖြစ်နိုင်ရင် ကျေးလက်ကျန်းမာရေးဌာနကနေ တိုက်နယ်ဆေးရုံအထိကို တိုးမြှင့်ပေးနိုင်ဖို့ အထူးပဲမျှော်လင့်နေပါတယ်။ အခုလိုမျိုး အခမဲ့ဆေးဝါးကုသမှုအတွက် အထူးကျေးဇူးတင်ရှိတဲ့အပြင် ဒေသခံကျေးရွာလူထုတွေကိုလည်း စိတ်ပိုင်းဆိုင်ရာကုသမြှင့်တင်ပေးသလိုပဲ ခံစားပြီး အားရကျေနပ်မှုတွေရှိကြပါတယ်။ ရှေ့ဆက်ပြီးတော့ သဘာဝဘေးအန္တရာယ်ပြန်ပြီးကြုံတွေ့လာမယ်ဆိုရင် ဆက်လက်ကူညီပံ့ပိုးစေလိုပါတယ်" ဟု ကျေးရွာအုပ်ချုပ်ရေးမှူးက ပြောသည်။ **ဂျိုးနက်**

## နယူးရော (၁) စပ်မျိုးစပါးစိုက်ခင်း တောင်သူပညာပေး ကွင်းသရုပ်ပြ



**ဗန်းမောက် နိုဝင်ဘာ ၃**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် ကွင်းအမှတ် OSS l ဦးပိုင်အမှတ်-၇ ဧရိယာတွင် ဌာနနှင့် အကျိုးတူတောင်သူများစိုက်ပျိုးထားသည့် နယူးရော(၁) စပ်မျိုးစပါးစိုက်ခင်း တောင်သူပညာပေးကွင်းသရုပ်ပြပွဲကို နိုဝင်ဘာ ၁ ရက်က တောင်သူဦးထွန်းဝေ၏ လေးဧကမိုးစပါးစိုက်ခင်းအတွင်း ပြုလုပ်ခဲ့သည်။

အဆိုပါကွင်းသရုပ်ပြပွဲတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးငြိမ်းက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဟန်စိုးက နယူးရော(၁)စပ်မျိုးစပါးများ၏ ထူးခြားကောင်းမွန်သောအချက်များကိုလည်းကောင်း၊ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများအကြောင်းကိုလည်းကောင်း၊ နယူးရော(၁) စပ်မျိုးမိုးစပါးအထွက်တိုးရေး သိပ္ပံနည်းကျစိုက်ပျိုးရေးစနစ်များအကြောင်းကိုလည်းကောင်း တက်ရောက်လေ့လာကြသည့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်ကျေးစာရေးများ၊ ဌာနဆိုင်ရာများနှင့် ဒေသခံတောင်သူများကို မိုးစပါးစိုက်ခင်းအတွင်း စိုက်ပျိုးထားရှိမှုအဆင့်ဆင့် ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

**ကျော်စွာ(ဗန်းမောက်)**

## ရာသီချိန်ခါမရွေး စိုက်ပျိုးသီးနှံများ စိုက်ပျိုးနိုင်စေရန် ဆည်မြောင်းများ အဆင့်မြှင့်တင်တူးဖော်




**ဝါးခယ်မ နိုဝင်ဘာ ၃**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ကြာဖြူကျေးရွာအုပ်စုနှင့် သဲကုန်းကျေးရွာရှိ ဒေသခံတောင်သူလယ်သမားများ ရာသီအချိန်အခါမရွေး စိုက်ပျိုးသီးနှံများ စိုက်ပျိုးနိုင်စေရန် ဆည်မြောင်းများ အဆင့်မြှင့်တင်တူးဖော်မှုကို နိုဝင်ဘာ ၁ ရက် နံနက်က ပြုလုပ်လျက်ရှိကြောင်း သိရသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝါးခယ်မမြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး (မြို့ပြ) ဦးတိုးတိုး၊ လုပ်ငန်းကြီးကြပ်ရေးမှူး ဦးဝင်းရွှေနှင့် ဝန်ထမ်းများက ကြီးကြပ်ပြီး ကြာဖြူကျေးရွာအုပ်စုရှိ အရှည် ၁ ဒသမ ၂ မိုင်ရှိ ရွှေလောင်းကျွန်းတာ S1–14 မြောင်း၊ အရှည် ၁ ဒသမ ၂ မိုင်ရှိ ရွှေလောင်းကျွန်းတာ S1–12 မြောင်း၊ အရှည် ၁ ဒသမ ၂ မိုင်ရှိ သဲကုန်း-ကြာဖြူ ဆက်သွယ်ရေးမြောင်းတို့အား အကျယ် ၁၈ ပေ၊ ပျမ်းမျှအနက် ခြောက်ပေဖြင့် အဆင့်မြှင့်တင်တူးဖော်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းသို့ စိုက်ပျိုးသီးနှံအတွက် ရေရရှိမှုကို ဆည်မြောင်းများ အဆင့်မြှင့်တင်တူးဖော်ပေးလျက်ရှိပြီး လုပ်ငန်းများပြီးစီးသွားပါက ကြာဖြူကျေးရွာအုပ်စုနှင့် သဲကုန်းကျေးရွာတို့မှ တောင်သူလယ်သမားများ၏ စိုက်ပျိုးဧက ၅၀၀ ကျော်အတွက် နှမ်း၊ မိုး၊ ဆောင်း ရာသီမရွေး စိုက်ပျိုးသီးနှံများကို စိုက်ပျိုးသွားနိုင်မည်ဖြစ်ကြောင်း ကြာဖြူကျေးရွာမှ လယ်ယာလုပ်ငန်းလုပ်ကိုင်သူတစ်ဦး၏ ပြောပြချက်အရ သိရသည်။ **လွှမ်းသီဟ(ဝါးခယ်မ)**

## ရွှေဘိုဒေသရှိ လယ်မြေများတွင် ပိုးမွှားနှင့် ကြွက်များအန္တရာယ်စိုးရိမ်နေရ၍ ဓာတုဗေဒပိုးသတ်ဆေးများပက်ဖျန်းနေရ

**ရွှေဘို နိုဝင်ဘာ ၃**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်ရှိ မြို့နယ်များတွင် မိုးစပါးကို သဖန်းဆိပ်ဆည်ရေဖြင့် လယ်မြေဧကပေါင်း ၄၈၉၅၉၄ ဧကစိုက်ပျိုးထုတ်ထားလျက်ရှိရာ လယ်သမားများမှာ စပါးပင်များအား ပိုးမွှားအန္တရာယ်နှင့် ကြွက်များ ကိုက်ဖြတ်ဖျက်မည့်အန္တရာယ်တို့ စိုးရိမ်နေ၍ ငွေကုန်ကြေးကျခံပြီး ဓာတုဗေဒပိုးသတ်ဆေးများဖြင့် ပက်ဖျန်းနေကြရကြောင်း ဒေသခံလယ်သမားများထံမှ သိရသည်။

အဆိုပါ ရွှေဘိုဒေသတွင် မိုးစပါးကို ရွှေဘိုပေါ်ဆန်းမွှေးစပါးဖြင့် အဓိကထား စိုက်ပျိုးလျက်ရှိရာ နေရာကွက်၍ လယ်ကွင်းတချို့၌ ဖြုတ်ပိုးများကျရောက်နေမှု၊ ကြွက်များကိုက်ဖြတ်ဖျက်ဆီးမှုရှိနေသည်။ လွန်ခဲ့သော နှစ်နှစ်၊ သုံးနှစ်ခန့်က ရွှေဘိုပေါ်ဆန်းမွှေးစပါးခင်းများ၌ အထွက်နှုန်းလျော့နည်းကာ လယ်သမားများ စပါးစိုက်ပျိုးမှုတွင် အရှုံးပေါ်ခဲ့ရကြောင်း သိရသည်။

ခင်ဦးမြို့နယ် ကန်သစ်ကျေးရွာမှ လယ်သမားတစ်ဦးဖြစ်သူ ဦးမျိုးလင်းက "စပါးခင်းတွေ ဖြုတ်ပိုးများကျရောက်နေတာ၊ ကြွက်များကိုက်ဖြတ်ဖျက်ဆီးနေတာ ဟုတ်ပါတယ်။ လွန်ခဲ့သော နှစ်နှစ်၊ သုံးနှစ်ခန့်လောက် ဖြုတ်ပိုးများကျရောက်နေမှု၊ ကြွက်များကိုက်ဖြတ်ဖျက်ဆီးမှုတွေ ကြုံခဲ့ရပါတယ်။ တစ်ခါသေဘူး ပျဉ်ဖိုးနားလည်ထားတော့ ပိုးမွှားများကျရောက်မှု၊ ကြွက်များကိုက်ဖြတ်ဖျက်ဆီးမည်ကို စိုးရိမ်မှုလွန်ကဲပြီး ဓာတုဗေဒပိုးသတ်ဆေးများနဲ့ လယ်သမားများတွေ ပက်ဖျန်းနေကြရပါတယ်။ လယ်တစ်ဧကကို ဓာတုဗေဒပိုးသတ်ဆေးဖိုး ကျပ် ၅၀၀၀၀ ဝန်းကျင်လောက် ကုန်ကျနေပါတယ်" ဟု ပြောသည်။

စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးက "လယ်သမားတွေက ယခင်နှစ်များလို စပါးအထွက်နှုန်းလျော့နည်းလိမ့်မယ်လို့ ထင်မြင်ယူဆပြီး ပိုးမွှားများကျရောက်မှု၊ ကြွက်များကိုက်ဖြတ်ဖျက်ဆီးမည်ကို စိုးရိမ်မှုလွန်ကဲပြီး ဓာတုဗေဒပိုးသတ်ဆေးများကို အလွန်အကျွံသုံးစွဲနေကြပါတယ်။ ဓာတုဗေဒပိုးသတ်ဆေးများကို အလွန်အကျွံသုံးစွဲနေကြမယ်ဆိုရင် လူတွေကိုအကျိုးပြုနေတဲ့ မိတ်ဆွေတွေဖြစ်တဲ့ ပိုးမွှားတိရစ္ဆာန်တွေ သေကြေပျက်စီးမှုဖြစ်စေပါတယ်။ ဒါကြောင့် ငွေကြေးလဲအကုန်သက်သာအောင် ပိုးမွှားတိရစ္ဆာန်တွေ သေကြေပျက်စီးမှုမဖြစ်ရလေအောင် ကျေးရွာအုပ်ချုပ်ရေးမှူးတွေမှတစ်ဆင့် မီးထောင်ချောက်ထွန်းခြင်း ပြုလုပ်ကြစေရန် စည်းရုံး၍ တိုက်တွန်းနိုးဆော်နေပါတယ်" ဟု ပြောသည်။ **ရောင်နီတင်ဝင်း**

## အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေးထိုးနှံပေးမည်

**ရန်ကုန် နိုဝင်ဘာ ၃**
အသည်းဖောင်ဒေးရှင်းနှင့် နီနီနိုင်ငံတကာအဆင့်မီ ကျန်းမာရေးပုံမှန်စစ်ဆေးခြင်းနှင့် အထွေထွေရောဂါရှာဖွေရေး ဓာတ်ခွဲခန်းတို့ ပူးပေါင်းပြီး စာပေနှင့် စာနယ်ဇင်းလောကသားများအား အသည်းရောင်အသားဝါ(ဘီ)အခမဲ့စစ်ဆေး၍ ကာကွယ်ဆေး ထိုးပေးခြင်းကို နိုဝင်ဘာ ၇ ရက် နံနက် ၈နာရီတွင် တာမွေမြို့နယ် သျှင်ပါဂူဆေးခန်းအနီးရှိ နီနီရောဂါရှာဖွေရေး ဓာတ်ခွဲခန်း၌ ပြုလုပ်မည်ဖြစ်ကြောင်း အသည်းဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ပြုံးကြည်ထံမှ သိရသည်။

သတင်းမီဒီယာလောကသားများကို ဒုတိယအကြိမ် စစ်ဆေးပေးခြင်းဖြစ်ပြီး ပထမအကြိမ်စစ်ဆေးပေးစဉ်က ရောဂါရှိမှန်းသိမည်ကို ကြောက်တတ်ကြသည့်လူမျိုးများပီပီ ကြိုတင်ကာကွယ်ရန်၊ ကြိုတင်သိရှိ ပြင်ဆင်ကြရန် စိတ်ဝင်စားမှုအားနည်းလွန်းနေသည်ဟု ထင်ရလောက်အောင် လာရောက်စစ်ဆေးသည့် အရေအတွက်မှာ နည်းပါးလှသည်ကိုတွေ့ခဲ့ရသည်။

စာနယ်ဇင်းလောကသားတို့မည်သည် မိသားစုအရေး စီးပွားရေး ကျန်းမာရေးတို့တွင် သာမန်လူများထက်ပို၍ လစ်ဟာပင်ပန်းမှုများရှိနေတတ်ရာ ကာကွယ်၍ရသောရောဂါများကြောင့်မိသားစုအတွင်း ထပ်မံ၍ ပင်ပန်းခက်ခဲမှုများ မကြုံတွေ့စေလိုသော ရည်ရွယ်ချက် ကောင်းဖြင့် ဤအခမ်းအနားကို ပြုလုပ်ခြင်းဖြစ်သည်။ဆေးစစ်၍ရောဂါပိုး မရှိပါက ကာကွယ်ဆေးထိုးပေးပြီး ရောဂါပိုးရှိပါက ဆောင်ရန်ရှောင်ရန်များကို ပညာပေးဆွေးနွေးသွားမည်ဖြစ်ကြောင်းသိရသည်။ **မို့မို့**

## လှိုင်သာယာမြို့နယ်ပြည်သူ့ဆေးရုံကြီး၌ ကိုရီးယားမှ အထူးကုဆရာဝန်ကြီးများ စမ်းသပ်ကုသမှုများဆောင်ရွက်ပေး

**ရန်ကုန် နိုဝင်ဘာ ၃**
ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ ကိုရီးယား အထူးကုဆရာဝန်ကြီးသုံးဦး၊ အခမဲ့မျက်စိ အထွေထွေကုသရေးနှင့် အရိုးအကြော အထူးကုဆရာဝန်ကြီး သုံးဦးနှင့် ကျန်းမာရေးဝန်ထမ်း ၂၀ လိုက်ပါ၍ အောက်တိုဘာ ၂၇ ရက်က လူနာ ၃၀၇ ဦးတို့အား စမ်းသပ်ကုသပေးခဲ့ကြောင်း သိရသည်။

အဆိုပါ စမ်းသပ်ကုသပေးမှုကို မြို့နယ်အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးမျိုးဟန်နှင့် ရပ်ကွက်နှင့်ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဆေးဝါးကုသမှုခံယူရန် လူနာများ တက်ရောက်ကြ၍ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ခင်ရူပါစိုးနှင့် ဆေးရုံဝန်ထမ်းများမှ ပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကြသည်။ ခွဲစိတ်ကုသရန် လိုအပ်သည့်လူနာများအား ရန်ကုန်မျက်စိ ဆေးရုံကြီးသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **(၃၂၉)**

### ပြင်ဆင်ဖတ်ရှုပါရန်

နိုဝင်ဘာ ၂ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၂၀ ပါ "မိဘများ စာများများဖတ်ကြပါ" ဆောင်းပါး၏ စာရေးသူ မောင်သောင်းဝင်း (စစ်ကွင်း) အစား မောင်သောင်းဝင်း (တမန်ဟောင်း) ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။ **စာတည်း**

ပြည်သူ့သဘောထားစင်မြင့်

wkdjynfEkdtdu;pynm;a&;vrlI&ponfwdkrSSyvf0ifpkxmifpkcbmxm;tjrifwlkrm;jynfbblwifjyay;Ekdefpu@ukdifhcifzpfpdwfifm;olrnfbl rqdk0if&;om;e&ftcyonf oltmfurjwrfyifxefom t,ltq taa&;tom;rm;ukowifpm l r0'taz mjyay;Ekdnf[kwfuluniEStfpu@wifjy&Snr wknfbutmaqnifj&Sf tmabmfmzpfyonf (pmwnftzJU)

# စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိခိုက်ခံစားလွယ်အုပ်စုများ၏ အခန်းကဏ္ဍ

မင်းမင်း(ထားဝယ်)

ယနေ့ ကမ္ဘာပေါ်တွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု (Sustainable Development) ဟူသော စကားရပ်သည် လူတိုင်း ပါးစပ်ဖျားတွင် အထူး ရေပန်းစားလာပါသည်။ မျက်မှောက်ခေတ် နိုင်ငံတစ်နိုင်ငံ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတွင် လူသားအားလုံး အညီအမျှ ပေါင်းစည်း ပါဝင်နိုင်မှသာ ရေရှည်တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးတိုးတက်မှုကို ရရှိစေမည်ဖြစ်ရာ ကမ္ဘာ့နိုင်ငံ အသီးသီး (အထူးသဖြင့် ကျွန်ုပ်တို့နိုင်ငံ အပါအဝင်)ရှိ ထိခိုက်ခံစားလွယ်သည့် အုပ်စုများဖြစ်သည့် ကလေးသူငယ်များ၊ အမျိုးသမီးငယ်များ၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုတို့အတွက် လူမှုကာကွယ်စောင့်ရှောက်မှုများကို အထူးအလေးထား မြှင့်တင်ပေးရန်လိုအပ်လာပါသည်။

ယနေ့ ကမ္ဘာပေါ်တွင် နည်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်လာခြင်းနှင့်အတူ လူသားများအတွက် စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေး၏ အသီးအပွင့်များ ကောင်းစွာ ရှင်သန်နေသော်လည်း တစ်ဖက်တွင် နောက်ဆက်တွဲ ဆိုးကျိုးများအနေဖြင့် ရာသီဥတုပြောင်းလဲ ဖောက်ပြန်ကာ ကမ္ဘာကြီး ပူနွေးလာပြီး သဘာဝဘေးအန္တရာယ်ကျရောက်မှု ပြင်းထန်လာခြင်း၊ နည်းပညာရပ်ဝန်းဖွံ့ဖြိုးမှုနှင့်အတူ ကြောက်စရာကောင်းသည့် နျူကလီးယားရန်စွယ်များ၊ လက်နက်ကိုင် ပဋိပက္ခများ၊ မတော်တဆမှုများကြောင့် ထိခိုက်လွယ်အုပ်စုများ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းကို နှောင့်နှေးစေမည့် ဆင်းရဲမွဲတေမှု၊ ငတ်မွတ်ခေါင်းပါးမှုတို့နှင့်အတူ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့တွင် များစွာနိမ့်ပါးမှုများကို ရင်ဆိုင် ကြုံတွေ့နေရပါသည်။

ထိခိုက်လွယ်သူများ ဟူသည် ထိတ်လန့်တုန်လှုပ်ဖွယ်ဖြစ်ရပ် တစ်ခုခုကြောင့် မိမိတို့၏ လူမှုစီးပွားဘဝများ ထိခိုက် ပျက်စီးမှု ခံစားရနိုင်ခြေ မြင့်မားသူများ၊ အိမ်ထောင်စုများ၊ လူမှုအသိုင်းအဝိုင်းအုပ်စုများကို ဆိုလိုပါသည်။ ထိခိုက်လွယ်မှု တိုင်းတာရာတွင် လူမှုရေးဆိုင်ရာ သုတေသန လုပ်ဆောင်မှုအဖွဲ့မှ တီထွင်ထားသည့် ထိခိုက်လွယ်မှုကို အခြေခံစံနှုန်း (၁၀) ချက်ဖြစ်သည့် ကြွေးမြီ၊ ဝင်ငွေ၊ တန်ဖိုးရှိပစ္စည်းပိုင်ဆိုင်မှု၊ စားနပ်ရိက္ခာဖူလုံမှု၊ သက်မွေးဝမ်းကျောင်း တစ်ခုထက်ပို၍ရှိခြင်း၊ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး၊ မှီခိုရမှု၊ လူမှုရေးကိစ္စများတွင် ပါဝင်ဆောင်ရွက်မှု၊ ဆုံးဖြတ်ချက်ချပိုင်ခွင့် စသည့် အချက် (၁၀) ချက် ဖြင့် တိုင်းတာကြောင်း သိရပါသည်။ လူမှုကာကွယ် စောင့်ရှောက်ရေးသည် နိုင်ငံများ၏ အနေအထားအပေါ်မူတည်ပြီး ကွဲပြားကာ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ပြည်သူတစ်ရပ်လုံး၏ လူမှုဖူလုံရေးအပိုင်းကို ဦးတည်ပြီး ကျွန်ုပ်တို့နိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ထိခိုက်ခံစားလွယ်သူများအတွက် အခက်အခဲ ဘေးဒုက္ခတစ်ခုအား တုံ့ပြန်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပါသည်။

ကျွန်ုပ်တို့နိုင်ငံအနေဖြင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိခိုက်ခံစားလွယ် အုပ်စုများနှင့် ပတ်သက်၍ လိုအပ်ချက်၊ ဆောင်ရွက်ထားရှိမှုများကို တင်ပြရလျှင်-

**ကလေးသူငယ်များ**

လက်ရှိမြန်မာနိုင်ငံတွင် မွေးကင်းစ မှ အသက် ငါးနှစ်အထိ ၅ ဒသမ ၄ သန်း၊ ပညာသင်ယူနိုင်သည့်အရွယ် အသက်ခြောက်နှစ်မှ၁၀ နှစ်အထိ၄ ဒသမ ၈ သန်း၊ အသက် ၁၁ နှစ် မှ ၁၇ နှစ်အရွယ် ၆ ဒသမ ၄ သန်းရှိကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံအတွင်းရှိ မွေးကင်းစအရွယ်မှ အသက်ရှစ်နှစ်အထိ ကလေးများ ဘက်စုံဖွံ့ဖြိုးအောင် ဆောင်ရွက်ပေးသော ပညာရေး၊ ကျန်းမာရေး၊ အဟာရမြှင့်တင်ရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းအားလုံးနှင့် အကျုံးဝင်သည့် ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေး Early Childhood Care and Development (ECCD) ဆိုင်ရာ မူဝါဒကို ကိုယ်ဝန်မဆောင်မီနှင့် ကိုယ်ဝန်ဆောင်ဘဝ၊ မွေးကင်းစ အရွယ်မှ သုံးနှစ်၊ သုံးနှစ်မှ ငါးနှစ်အရွယ် မူကြိုအရွယ်၊ ငါးနှစ်မှ ရှစ်နှစ် အိမ်မှ ကျောင်းသို့ ကူးပြောင်းသည့်ကာလ စသဖြင့် ကာလအပိုင်းအခြားအလိုက် ရေးဆွဲထုတ်ပြန်ထားရာ အဆိုပါမူဝါဒမှတစ်ဆင့် ကလေးငယ်များအတွက် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင်(၁)ဖြစ်သည့် နေရာအနှံ့ ဆင်းရဲမှုပုံစံအားလုံး အဆုံးသတ်ရေးနှင့် ပန်းတိုင် (၄)

> မသန်စွမ်းသူများအတွက် လူ့အသိုက်အဝန်းအတွင်း ဝင်ဆံ့နိုင်ရန်နှင့် အသက်ရှင်ရပ်တည်နိုင်ရေးအတွက် အဓိကအရေးပါသည့် အသက်မွေးဝမ်းကျောင်းပညာ ရရှိနိုင်ရေးနှင့် အလုပ်အကိုင်နှင့်ဝင်ငွေရရှိရေးကို ဦးတည် ပံ့ဖော်ပေးရမည်

ဖြစ်သည့် လူသားအားလုံး အကျုံးဝင်စေပြီး ညီညွတ်မျှတပြီး အရည်အသွေးရှိသည့် ပညာသင်ယူနိုင်ရေးနှင့် ဘဝတစ်လျှောက် အစဉ်လေ့လာသင်ယူနိုင်သော အခွင့်အလမ်းရရှိရေးအတွက် များစွာအထောက်အကူ ပြုစေမည်ဖြစ်သည်။

**အမျိုးသမီးငယ်များ**

ကမ္ဘာတစ်ဝှမ်းတွင် ဆယ်ကျော်သက် အမျိုးသမီးငယ်များသည် စိန်ခေါ်မှုမျိုးစုံဖြစ်သည့် အရွယ်မတိုင်မီ လက်ထပ် ထိမ်းမြားခြင်း၊ အရွယ်မတိုင်မီ ကလေးမွေးဖွားခြင်း၊ အကြမ်းဖက်မှုများ၊ လူကုန်ကူးမှုများနှင့် ရင်ဆိုင်နေရပါသည်။ သို့ပါ၍ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးကဏ္ဍတို့တွင် မိမိနှင့်ရွယ်တူ အမျိုးသားများထက် များစွာနိမ့်ပါးနေသေးသည့် အမျိုးသမီးငယ်များ၏ ဘဝကို မြှင့်တင်နိုင်ရန် လိုအပ်လာပါသည်။ ၂၀၁၄ ခုနှစ် အိမ်အကြောင်းအရာနှင့် လူဦးရေသန်းခေါင်စာရင်းအရ အသက် ၁၅-၁၉ နှစ် အုပ်စုတွင် အမျိုးသမီး ၂ ဒသမ ၂ သန်းရှိပြီး ၁၃ ဒသမ ၂ ရာခိုင်နှုန်းသည် အရွယ်မတိုင်မီ မိခင်ဘဝ ရောက်ရှိခြင်းနှင့်အတူ အနာဂတ်မျှော်လင့်ချက်များဆုံးရှုံးပြီး ပညာရေးခရီးလမ်းကို ကျောခိုင်းခဲ့ရပါသည်။ သို့ပါ၍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှု ပန်းတိုင်(၅) ဖြစ်သည့် ကျား-မ တန်းတူညီမျှရေးနှင့် အမျိုးသမီးများနှင့် အမျိုးသမီးငယ်များ၏ စွမ်းပကား မြှင့်တင်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဟူသည့် ရည်မှန်းချက်ပန်းတိုင်ကို ပြည့်မီစေရန် အမျိုးသမီးငယ်များ၏ ပညာရေး၊ ဆင်းရဲနွမ်းပါးမှု၊ ကျန်းမာရေး၊ လူ့အခွင့်အရေး၊ သတင်းအချက်အလက်နှင့် နည်းပညာရပ်ဝန်းကဏ္ဍတို့တွင် အလေးထား မြှင့်တင်ဆောင်ရွက်ပေးသွားကြရန် လိုအပ်ပါသည်။

**သက်ကြီးရွယ်အိုများ**

မြန်မာနိုင်ငံအနေဖြင့် သက်ကြီးရွယ်အို အရေအတွက် လျင်မြန်စွာ တိုးပွားလျက်ရှိရာ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ထုတ်ပြန်ချက်အရ နိုင်ငံ့လူဦးရေ၏ ၈ ဒသမ ၉ ရာခိုင်နှုန်း၊ လူဦးရေ ၄ ဒသမ ၅ သန်း၊ လူ ၁၁ ဦးတွင် တစ်ဦးသည် အသက် (၆၀) နှစ်အထက် သက်ကြီးရွယ်အိုများဖြစ်ပြီး သက်ကြီးရွယ်အို စုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းသည် လူမှုကာကွယ်စောင့်ရှောက်မှုများ လိုအပ်နေကြောင်း သိရှိရပါသည်။ သို့ပါ၍ သက်ကြီးရွယ်အို တိုးပွားလာခြင်းသည် ကြုံဆိုရမည့် ကိစ္စတစ်ရပ်ဖြစ်သော်လည်း တစ်ဖက်တွင် သက်ကြီးရွယ်အိုများ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးကဏ္ဍများအတွက် စိန်ခေါ်မှု တစ်ရပ်ဟု ဆိုရမည်ဖြစ်သည်။

အထူးသဖြင့် ကမ္ဘာ့ကုလသမဂ္ဂညီလာခံကြီး၏ ၁၉၉၁ ခုနှစ်တွင် ဆုံးဖြတ်ချက် ၄၆/၉၁ ဖြင့် ချမှတ်ထားသည့် သက်ကြီးရွယ်အို စောင့်ရှောက်ရေးဆိုင်ရာ အခြေခံမူ (၅) ရပ်ဖြစ်သည့် သက်ကြီးရွယ်အိုများ အမှီအခို ကင်းမဲ့စွာ မိမိ ကိုယ်တိုင် ရပ်တည်နိုင်ရေး၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများတွင် ပါဝင်ခွင့်ရရှိရေး၊ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ကူညီစောင့်ရှောက်ပြုစုရေး၊ စွမ်းရည်နှင့် အခွင့်အလမ်းများကို ကိုယ်တိုင် ဖြည့်ဆည်းနိုင်ရေး၊ ဂုဏ်သိက္ခာရှိရှိဖြင့် လုံခြုံမှုရှိစွာ ရပ်တည်ခွင့်ရရှိရေး စသည့် အခြေခံ မူများကို လက်ကိုင်ထားပြီး ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးမှ လိုက်နာ ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပါသည်။ ထို့အပြင် နိုင်ငံတော်အစိုးရသည် ၂၀၃၀ ခုနှစ်တွင် ပြည်သူအားလုံးကို ကျန်းမာရေး စောင့်ရှောက်မှုပေးသည့်အဆင့် (Universal Health Coverage) သို့ ရောက်ရှိရန် ဆုံးဖြတ်ထားပြီး အဆိုပါ လမ်းကြောင်းကို စတင်ချီတက်နေပြီ ဖြစ်သည့်အတွက် လူတိုင်းအကျုံးဝင်စေမည့် ငွေကုန်ကြေးကျမရှိစေသည့် ကျန်းမာရေးကို သက်ကြီးရွယ်အိုများမှ စဉ်ဆက်မပြတ် ရရှိခံစားနိုင်မည်ဖြစ်ပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်(၃) ဖြစ်သည့် လူတိုင်းစေ့ ကျန်းမာရေးနှင့် သာယာဝပြောရေးဟူသည့် ပန်းတိုင်ကို အရောက်ချီတက်နိုင်မည် ဖြစ်သည်။

**မသန်စွမ်းသူများ**

လက်ရှိ မြန်မာနိုင်ငံတွင် လူဦးရေ (၅၁)သန်းကျော်အနက် ၂ ဒသမ ၃ သန်းကျော်သည် မသန်စွမ်းသူများဖြစ်ပြီး အမြင်အာရုံ မသန်စွမ်းသူ ၅၄ ဒသမ ၁ ရာခိုင်နှုန်း၊ ရုပ်ပိုင်းဆိုင်ရာ မသန်စွမ်းသူ ၄၁ ဒသမ ၁ ရာခိုင်နှုန်း၊ မှတ်ဉာဏ်ချို့ယွင်းသူ ၃၆ ဒသမ ၂ ရာခိုင်နှုန်းနှင့် အကြားအာရုံ ချို့ယွင်းသူ ၂၉ ဒသမ ၁ ရာခိုင်နှုန်း ရှိကြောင်း သိရပါသည်။

မသန်စွမ်းသူများ လူမှုအသိုင်းအဝိုင်းအတွင်း အခွင့်အရေးတန်းတူညီမျှရရှိစေရန် ၂၀၁၅ ခုနှစ် ဇွန်လ ၅ ရက်နေ့တွင် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။ ယင်းဥပဒေနှင့် ဆက်နွှယ်ပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို ရလဒ်ကောင်းစေမည့် နိုင်ငံဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မသန်စွမ်းသူများအနေဖြင့် ပိုမိုကျယ်ပြန့်သော လူ့အဖွဲ့အစည်းတွင် ပူးပေါင်းပါဝင်နိုင်ပြီး ကျရာအခန်းကဏ္ဍမှ နိုင်ငံ့တာဝန်ကို ထမ်းဆောင်နိုင်ရန် မြန်မာနိုင်ငံ မသန်စွမ်းသူများ ဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့် မဟာဗျူဟာ (၂၀၁၆-၂၀၂၅) ကို ရေးဆွဲထားပါသည်။

သာဓကအနေဖြင့် ကမ္ဘာပေါ်ရှိ မသန်စွမ်းသူများသည် တစ်ရက်လျှင် တစ်ဒေါ်လာထက် နည်းသော ပမာဏသာရရှိကြပြီး ဘဝကို ခက်ခဲစွာရုန်းကန်နေရသူများဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ (ILO)၏ တွက်ချက်မှုအရ မသန်စွမ်းသူများကို လုပ်သားအင်အားစုအတွင်း သင့်လျော်စွာ ထည့်သွင်းနိုင်မည်ဆိုပါက မြန်မာနိုင်ငံ၏ စုစုပေါင်း အသားတင်ထုတ်လုပ်မှုသည် ယခုတန်ဖိုးထက် ၁ ဒသမ ၂ ဘီလီယံ ပိုမိုမြင့်မားနိုင်လာသည်ဟု ဖော်ပြထားပါသည်။ မြန်မာနိုင်ငံရှိ မသန်စွမ်းသူများ အလုပ်လက်မဲ့နှုန်းမှာ ၈၅ ဒသမ ၂ ရာခိုင်နှုန်းရှိသည့်အတွက် မသန်စွမ်းသူများအတွက် လူ့အသိုက်အဝန်းအတွင်း ဝင်ဆံ့နိုင်ရန်နှင့် အသက်ရှင်ရပ်တည်နိုင်ရေးအတွက် အဓိကအရေးပါသည့် အသက်မွေးဝမ်းကျောင်းပညာရရှိနိုင်ရေးနှင့် အလုပ်အကိုင်နှင့်ဝင်ငွေရရှိရေးကို ဦးတည် ပံ့ဖော်ပေးရမည်ဖြစ်ပြီး ထိုမှတစ်ဆင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်ပန်းတိုင် (၈) ဖြစ်သည့် စဉ်ဆက်မပြတ်နှင့် အားလုံးပါဝင်နိုင်သည့် ရေရှည်စီးပွားရေးဖွံ့ဖြိုးမှု တိုးတက်စေရေး၊ လုပ်သားပြည့် အလုပ်အကိုင်ရရှိရေးနှင့် အားလုံးအတွက် ထုတ်လုပ်နိုင်စွမ်းရှိ၍ သင့်တင့်လျောက်ပတ်သော အလုပ်အကိုင် ဖြစ်ပေါ်စေရေးဟူသည့် ပန်းတိုင်ကို ဖော်ဆောင်နိုင်မည် ဖြစ်ပါသည်။

သို့ပါ၍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ပြီး လူ့ဘောင်အဖွဲ့အစည်းများ ရေရှည်တည်တံ့ အားကောင်းလာစေရန် ထိခိုက်လွယ်အုပ်စုများ၏ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို အဓိကဦးတည် မီးမောင်းထိုး၍ ဦးစားပေးဆောင်ရွက်ရန် လိုအပ်ကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

# တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ
# အင်ဂျင်နီယာသင်တန်းသားများ
# အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) **၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁** ရက်နေ့တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၉ နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့်ကိုယ်အလေးချိန်ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၄၀ ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား သိပ္ပံဘာသာတွဲ၊ သို့မဟုတ် ဝိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၁၂-၉-၂၀၁၆** ရက်နေ့မှ စတင်၍ **၂၆-၁၁-၂၀၁၆** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း တိုင်းစစ်ဌာနချုပ်များတွင် အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ** ။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လည် ၁ နာရီမှ ၃ နာရီထိ။

၅။ အရည်အချင်းစစ်စာမေးပွဲကို မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်များ၌ **၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၆။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်မြင်သူများကို ဟိုပုံးမြို့ (တောင်ကြီးခရိုင်)တွင်လူတွေ့စစ်ဆေးမည်။ လူတွေ့အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းနှင့်သတင်းပို့ရမည့်ရက်များကို မိမိလျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်များတွင် **၁-၁-၂၀၁၇** မှ **၂-၁-၂၀၁၇** ရက်နေ့များအတွင်း မေးမြန်းနိုင်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၄၀၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၁၄၅၀၀၀/-** ၊ တတိယနှစ် **ကျပ် ၁၅၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း။** အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း။** တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် **ပညာသည်အကြပ်ကြီး** အဖြစ်ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း။** တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက်တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်။** ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

၁၀။ ရွေးချယ်ခံရသူများသည် သင်တန်းပြီးဆုံးပြီးနောက်တပ်မတော်တွင် အနည်းဆုံး ၁၀ နှစ်တာဝန်ထမ်းဆောင်ရမည်။

ကြော်ငြာ



မြို့သစ် သုဝဏ္ဏ
အင်တာနက် ခေတ်မှာ အင်္ဂလိပ်စကားပြော တတ်မှဖြစ်မယ်
ဂုဏ်ထူး ဦးအောင်ခိုင်
English Speaking (အင်္ဂလိပ် စကားပြော)
ဒေါ်စန္ဒာအောင်ခိုင်
B.A (English)
Diploma in Travel & Tourism
City College of San Francisco
၁၀ တန်းအောင်ပြီးသူ၊ အလုပ်ဝင်လိုသူများ နှင့် ကုမ္ပဏီ၊ ဘဏ် မှ ဝန်ထမ်းများအတွက် သီးသန့်
၂၄၂ ပန်းဆိုးတန်း 01 252 919, 09 964 252 919 ပညာနန်းတော်၊ သံသုမာလမ်း 09 798 443320

FORWARD (YGN)
Travel & Tour Co., Ltd.
Partner - Shwe Ya Minn (Chaung Tha Beach)
ချောင်းသာ နေ့စဉ် 12,000 Ks
၄.၁၁.၂၀၁၆ မှ ၁၀.၁၁.၂၀၁၆ အထိ ဖွင့်ပွဲအထူးအစီအစဉ်အနေဖြင့်
(၁၀) ဦးလျှင် (၁) ဦးအခမဲ့
Ph : 09 259259180, 09 259259181, 09 259259182

ရွှေခေါင်းလောင်း
Ph : 09 254499128
09 255857899
09 451127809
တောင်ကြီး-မီးပုံးပျံပွဲတော်-အင်းလေး-ပင်းတယ-ကလော-လိုင်ကော်
(၅)ရက်ခရီး(၁၁.၁၁.2016) ရက်နေ့ထွက်မည်
(၄)ရက်ခရီး (18.11.2016) ရက်နေ့ထွက်မည်

မြဝတီ၊ မဲဆောက်၊ ဘားအံ
ဘုရားဖူးအာပန်းဖြေအထူးစရိတ်ခြိုး
Hotel / Visa + စားပြီး 75000
ရွှေစည်းခုံ 01-248970, 09-73051455, 09-456899976


YOUR MOST RELIABLE JEWELLER
SP GEMS
YOU'RE CORDIALLY INVITED TO OUR
SPECIAL SALE EVENT 2016
SP Gems ၏ 2016 လက်ဝတ်ရတနာ အထူးရောင်းချပွဲသို့ မိတ်ဟောင်းမိတ်သစ်များအား ကြွရောက်ချီးမြှင့်အားပေးနိုင်ပါရန် နွေးထွေးလိုက်လှဲစွာဖြင့် ဖိတ်ကြားအပ်ပါသည်။
SP Gems မိသားစု
Event Date - 4th, 5th & 6th on November 2016 ( 3 days Only )
Event Time - 9:00 AM to 6:00 PM
Venue - SP GEMS & JEWELLERY SHOW ROOM 30(A), Pyay Road (7 Mile), Mayangone Township, Yangon, Myanmar.
For More Info - Please Call 01-660397, 01-666052, 01-666053
Email - spgems.myanmar@gmail.com
Up to 50% Off


San brotherhood
"ခရီးဆေးခမ်းသပ် (အခမဲ့)"
Air-Con, ရေခဲသေတ္တာ၊ အဝတ်လျှော်စက်များကို မြဲမြံစွာ တပ်ဆင်ရောင်းချပြီး Servicing လုပ်ခြင်းများကို အာမခံဖြင့် အိမ်အရောက် ဝန်ဆောင်မှု ပေးနေပါသည်။
မိုးရာသီ အိမ်အရောက်ပို့ အထူးဈေးနှုန်း









Copper Pipe(10)Ft. Frame, Drain Pipe, Transportation, Installation
"အနီးဆုံးဆိုင်ခွဲသို့ဆက်သွယ်ရန်"
FMI City 709373,09-5084831,682445(Ext)1421
01-704101, 09-5002738, 09-450023810
681854, 706193, 09-73116475
01-704649, 09-73066836, 09-73004800
Capital 09-5053114, 73251545, 01-708842
09-43083868, 01-703241
09-5190383, 09-73251535
CNG 01-703684, 09-43130068
Victoria 01-704467, 09-73217035
01-709114, 09-5019316

GS GRAND STYLE
LIGHTING EXPO' 16
GREATEST DISCOUNT
SALE 60-65% OFF
Event of the year for Lighting, Bulbs, Accessories and more.
Oct 10 - Nov 11, 2016
Lighthouse
Thiriyadanar Wholesale Market Compound
Building Zone G3, Unit G46-G52, Thudhamma Road, North Okkalapa Township, Yangon,
Tel. +95-9785088488, +95-95088488 GrandStyleMM








TOYOTA MINGALAR
"Toyota Mingalar's Brand New Car Event"
Location : Gandamar Wholesales
Date : 5.11.2016 & 6.11.2016
Time : 9:00 AM - 9:00 PM
"Special Hire Purchase Program for VIOS"
30% Lowest Down Payment
Lowest Monthly Payment From US$242






TOYOTA Brand New Car Showroom
No.6, Bayintnaung Road, Ward (2), Hlaing Tsp, Yangon, Myanmar.
Tel : +95 1 514940 ~ 41
Daily Open - 9:00AM ~ 5:30PM (Mon-Sun)
TOYOTA Authorized Service Center
No.236, Ahlone Road, Ahlone Tsp, Yangon, Myanmar.
Tel : +95 1 221 224, 230 2122~23, 230 2126
Daily Open: 9:00AM ~ 5:30PM (Mon-Sun)

LMA TMR 006583 (0118)
လှိုင်မြင့်အောင်
အာနိသင်





ISO 9001:2008 နှင့် GMP


ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

# iPhone 7

## Officially Available at Wai Yan Electronics

4th November | 2016



iPhone 7

From 1,073,000 Ks up
Includes 300,000 Ks Free Top-up
*T/Cs apply
Up to 12 months Installment plan available

WAI YAN ELECTRONICS
Brands · Experts · Service

Authorised Reseller

**Wai Yan (Pansodan)**: Tel: 01-250596 **Wai Yan (Kabar Aye)**: Tel: 01-401416 **Wai Yan (BAK)**: Tel: 01-398571
**Wai Yan (Myanmar Plaza)**: Tel: 09-261431008 **Wai Yan (TMW Tower)**: Tel: 02-72580~3 ,
**Wai Yan (Mingalar Mandalay)**: Tel: 099 100 8417

## ကြော်ငြာ

## မဟာဘုံကထိန် အလှူတော်မင်္ဂလာ

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်၊ စကားအင်းကျေးရွာ မင်္ဂလာဇေယျကျောင်းတိုက်တွင် သီတင်းသုံးလျက်ရှိတော်မူသော ကျေးဇူးတော်ရှင် သက်တော်ရှည် ဆရာတော်ကြီး **"ဘဒ္ဒန္တဉာဏစက္ကမထေရ်မြတ်"** အား အမျူးထား၍ ပုရိမဝါမှ ထတော်မူကြသော သံဃာတော်အရှင်သူမြတ်တို့အားကထိန်လျာ သင်္ကန်းနှင့် အခြံအရံပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ပင့်သံဃာ(၁၀၈)ပါးတို့အား လှူဖွယ်ဝတ္ထုအစုစုတို့ကို ၈-၁၁-၂၀၁၆(အင်္ဂါနေ့)နံနက် ၉း၀၀နာရီတွင် စာရင်းရုံးမိသားစု ဦးဆောင်အဖွဲ့နှင့် အလှူရှင် (၈၈)ဦးတို့က ဆက်ကပ်လှူဒါန်းမည် ဖြစ်ပါ၍ ဒါယကာ၊ ဒါယိကာမများအား ဖိတ်ကြားအပ်ပါသည်။


**ရွှေပင့်ကူ**
တောင်ကြီးမီးပုံးပျံပွဲတော်
တောင်ကြီး-အင်းလေး-ပင်းတယ
(၃ညအိပ် ၄ရက်) (တစ်ဦးစီ) 53000/-
Nov-11ထွက်မည်
၀၉-၇၃၁၃၀၇၀၅၊ ၀၉-၄၂၅၂၂၂၀၉၇၊ ၀၉-၄၅၀၂၂၂၈၇၉

**သုံးရာသီ** ဖမ္မဒါန
အနီးဆောင်းဆိုင်းမီးပုံးပျံပွဲ
တောင်ကြီး-အင်းလေး-ပင်းတယ-ကိုလုံ
တစ်ဦးတည်းကျေး-၅၀၀၀၀ဝ NOV-11
AirCom: Express
☎ 420144148, 421153797

**ရခိုင်ပြည်ဘုရားဖူးခရီးကောင်းထက်စန္ဒုံအဖွဲ့** လက်မှတ်အိမ်ပို့ပေးသည်
ကျောက်တော်မဟာမြတ်မုနိ၊ မြောက်ဦးဘုရားများ၊ ပုဏ္ဏားကျွန်း၊ စစ်တွေ၊ သံတွဲ ဘုရားများ 220000/ ငွေဥ (12-11-16) 150000
Ph:09448003431,0949660481,09 798860461

# UNIQUE STAR
TRAVELS & TOURS

Vietnam-Cambodia (6D/5N) Nov: 12,19 (650 / 750$)
Vietnam-MuiNe-Dalat (5D/4N) Nov: 12,19(360/460$)
Vietnam-NhaTrang (6D/5N) Nov:12,19 (550 / 650$)
DaNang-BaNa Hill (6D/5N) Nov:12,19 (750 / 850$)
Vietnam-Saigon-Hanoi (6D/5N) Nov:5,12 (650/ 750$)
Hanoi-Halong Bay (4D/3N) Nov: 12,19 (490/ 590$)
S'pore-Malay (7D/6N) Nov:19 /Dec: 10,29 (950 / 1150 $)
Singapore / Bali (5D/4N) Nov:10 / Dec:29 (650/ 950 $)

Bangkok-Pattaya (6Days/5Nights)
Tiger Zoo,Nong Nooch,Alcaza Show,Dream /Safari World,
Emerald Buddha, Ayuttaya, Baiyoke Sky / Cruise Dinner.
Nov: 19, Dec: 29 (490 $) Air Ticket Included
Bangkok-Chiangmai (6Days/5Nights)
Bangkok-Phuket (6Days/5Nights)
Bangkok-Cambodia (6Days/5Nights)

70/A,Kabaaye Pagoda Rd,Bahan Tsp.09 540 1568,09 540 1569, 09 514 8079, 09 7310 9133,09 7310 9144

အမေရိကန်တက္ကသိုလ်ကြီးများသို့ ဝင်ခွင့်ရရှိလိုသူများ၊ Scholarship လျှောက်ထားလိုသူများအတွက်

# ACT Preparation Course

**ACT ဆိုတာ ဘာလဲ ၊ ဘယ်လို အကျိုးကျေးဇူးတွေရှိသလဲ**

- ACT (American College Test) သည် အမေရိကန်ထိပ်တန်းတက္ကသိုလ်ကြီးများသို့ ဝင်ခွင့်ရရှိရန်နှင့် အမေရိကန်ပညာသင်ထောက်ပံ့ကြေးလျှောက်ထားနိုင်ရန် ပြင်ဆင်ပေးသည့် Test တစ်ခုဖြစ်ပါသည်။
- Eng, Maths, Reading နှင့် Science ဆိုင်ရာ စွမ်းရည်များကို အဓိကစစ်ဆေးပေးပါသည်။

**ဘယ်လို ကျောင်းသားကျောင်းသူတွေ ဖြေဆိုသင့်သလဲ**

- မြန်မာနိုင်ငံတွင် အမေရိကန်ပညာရေးစနစ်ဖြင့်သင်ကြားနေသော Grade 12 ကျောင်းသားကျောင်းသူများ
- မြန်မာဆယ်တန်းကို ထူးချွန်စွာအောင်မြင်သူများနှင့် IGCSE အောင် ကျောင်းသားကျောင်းသူများ



Call Us
01 527 838
09 450 200 040
09 732 56 965

မြန်မာပြည်၏ တစ်ခုတည်းသော ACT OFFICIAL TEST CENTER
CROWN EDUCATION LEARNING CENTER

TEST DATE - Dec 10, 2016 , Apr 8, 2017 , Jun 10, 2017

# K&H TRAVELS

| | |
|---|---|
| Cambodia | 24.November.2016 ထွက်မည် |
| Hanoi + Hochimin | 23.December.2016 ထွက်မည် |
| Singapore | 24.December.2016 ထွက်မည် |
| Bkk + Phuket | 26.December.2016 ထွက်မည် |

Hot Line - 01 510 338,09 777 620 470

**ဒေါ်တင်လှိုင်** B.A (Eng) ဦးစီးသော
**SUPER-A-ONE** အင်္ဂလိပ်စကားပြော
Interview(၁)ဝတ်၊ နိုင်ငံခြားသွား(၁)လအဖြစ်အဆင့်မြင့်(၁)လ
Tourism,Hotel,Company,Student Visa,Grammar
သဒ္ဒါအထူးသီးသန့် ☎ 511231
တိုက်(၁)အခန်း(၂၂)ဗ-ထပ်၊လှည်းတန်းမီးပွိုင့်အနီး




**"ငွေကျပ် (၂)သိန်းဖိုးဝယ်ရုံဖြင့် နှစ်ကြိမ်နှစ်ခါ ကံစမ်းနိုင်ပါပြီ"**

ငွေကျပ် သိန်း ၂၅၀၀ ကျော် တန်ဖိုးရှိ



"ချက်ချင်းဝယ် ... ချက်ချင်းပေါက် ... ခါခြစ်ကံစမ်းမဲ"

LG 65" OLED TV | 55" | 49" | 43" | 32" | 24" LED TV များအပါအဝင်
AIR CONDITIONER | MICROWAVE OVEN | VACUUM CLEANER | BLU-RAY PLAYER |
DVD PLAYER များနှင့် ငွေသားဆုမဲများစွာ ပါဝင်ပါသည်။

"ထပ်ဆင့်ကံစမ်းနိုင်တဲ့အခွင့်အရေး"




*** ခါခြစ်ကံစမ်းမဲ ချက်ချင်းမပေါက်သူများအတွက် ***

TMW Enterprise Limited

LG BRAND SHOP များ၊ WAI YAN Electronics များနှင့်အမြို့မြို့အနယ်နယ်ရှိအရောင်းကိုယ်စားလှယ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

| | | |
|---|---|---|
| LG Brand Shop (Sule) | : | ဆူးလေဘုရားလမ်း၊ ဖုန်း - ၀၁-၃၇၉၉၅၅ |
| LG Brand Shop (Kabaraye) | : | ကမ္ဘာအေးဘုရားလမ်း၊ ဖုန်း - ၀၁-၈၆၀၃၃၃၅ |
| LG Brand Shop (Pansodan) | : | ပန်းဆိုးတန်းလမ်း၊ ဖုန်း - ၀၁-၂၅၄၅၆၀ |
| LG Brand Shop (Myanmar Plaza) | : | မြန်မာပလာဇာ၊ ဒုတိယထပ်၊ ကမ္ဘာအေးဘုရားလမ်း၊ ဖုန်း - ၀၉၉၇၄၀၀၅၀၄၄ |
| LG Brand Shop (Mandalay) | : | ၂၇လမ်းနှင့်၈၂လမ်းထောင့်၊ ဖုန်း - ၀၂-၆၄၀၂၉၊ ၃၉၅၄၇ |
| LG Brand Shop (Nay Pyi Taw) | : | သီရိရတနာအဆင့်မြင့်ဈေး၊ ဖုန်း - ၀၆၇-၄၂၀၇၉၁၊ ၄၂၀၉၆၆ |
| LG Brand Shop (Pathein) | : | အောင်ရတနာလမ်း၊ ဖုန်း - ၀၄၂-၂၅၇၃၉ |
| LG Brand Shop (Mawlamyine) | : | အောက်မိန်းလမ်းမကြီး၊ ရွှေတောင်ရပ်၊ ဖုန်း - ၀၅၇-၂၅၄၈၄၊ ၂၄၉၅၉ |
| LG Brand Shop (Pyinmana) | : | (၆)လမ်းနှင့် (၇)လမ်းကြား၊ ဗိုလ်ချုပ်လမ်း၊ ဖုန်း - ၀၆၇-၂၁၄၉၉ |
| LG Brand Shop (Nyaun Lay Pin) | : | ရန်ကုန်-မန္တလေး-ရွှေကျင်လမ်းဆုံ၊ ဖုန်း - ၀၉၄၉၄၅၁၆၆၆၊ ၀၉၃၁၂၁၅၁၈၆၊ ၀၉၂၆၀၆၀၂၉၆၀ |
| LG Brand Shop (Lashio) | : | သိန်းနီလမ်းနှင့် ဘုန်းကြီးလမ်းထောင့်၊ ဖုန်း - ၀၉၂၅၂၃၃၇၈၃၃၊ ၀၉၉၇၀၄၄၈၂၇၉ |

LG loves Myanmar
TMW Enterprise Limited

ကြော်ငြာ


NEW MOTION Travels & Tours
အနားယူ အပန်းဖြေခြင်းသည် အနာဂတ်အတွက် အင်အားဖြစ်စေပါသည်။
ရွှေလျှားသစ်လွင် ခရီးစဉ်

| | | | |
|---|---|---|---|
| ★ တောင်ကြီးခရီးစဉ် | Nov;11,23, Dec;23 | ★ မြဝတီ - မဲဆောက်ခရီးစဉ် | Nov;11,23, Dec;23 |
| ★ မန္တလေး ခရီးစဉ် | Nov;11,23, Dec;23 | ★ ကလော - လွိုင်ကော်ခရီးစဉ် | Nov;11,23, Dec;23 |
| ★ ပုဂံ ခရီးစဉ် | Nov;11,23, Dec;23 | ★ ထားဝယ် - ကန်ချနာပူရီခရီးစဉ် | Nov;11,23, Dec;23 |

★ ငွေဆောင်ကမ်းခြေအပန်းဖြေခရီးစဉ် Nov;11,25, Dec;23

အမှတ်-16၊ကျွန်းတောလမ်း၊စမ်းချောင်း။ Ph ; 09 4925 2911 , 09 4925 2922 , 09 731 48922 , 527 922 , 538 811

အာရှနဂါး
မြဝတီ/ကျိုက်ထီးရိုး
ချောင်းသာ/ငွေဆောင်
Ph : 703790, 09 799100100
707062, 09 797100100

Since 1985
ရွှေစေတနာ
ကျိုက်ထီးရိုး • မြဝတီ
ချောင်းသာ • ငပလီ
01-392704, 09 73017110
09795066657,09785066657

Travel Mate Myanmar Travels & Tours
မြဝတီ - ဘားအံ
ဘားအံ - တောင်ဝိုင်း - ရေပြာအိုင်
မော်လမြိုင် - ကျိုက္ခမီ - စက်စဲ
5+1 Foc
အပတ်စဉ် စနေနေ့တိုင်း ထွက်မည်။
09450 200 522, 09450 200 533, 09450 200 544

Ever Clean
အဆင့်မြင့်ဘုရားဖူးနှင့်အပန်းဖြေခရီးသွားဝန်ဆောင်မှုလုပ်ငန်း
တန်ဆောင်တိုင်အထူးခရီးစဉ်များ
- မန္တလေး–ပြင်ဦးလွင် (မီးပုံးပျံပွဲ) (၃ည၄ရက်) Nov -12
- ဘားအံ–မြဝတီ–မဲဆောက် (၂ည၃ရက်) Nov -12,25
- ကျိုက်ထီးရိုး–ဘားအံ–တောင်ဝိုင်း–ချမ်းသာမြိုင်–လွန်းညရေပြာအိုင် (၂ည၃ရက်) Nov -18
- မော်လမြိုင်–ကျိုက္ခမီ–စက်စဲ နေ့ချင်းပြန် Nov -11,13,23
- ဘားအံ–တောင်ဝိုင်းတောင်–ချမ်းသာမြိုင်–လွန်းညရေပြာအိုင် နေ့ချင်းပြန် Nov -11,13,23

ဆက်သွယ်ရန်ဖုန်း-09-33886666, 09795185522
အမှတ်-၃၃/၃၅၊ ၃လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

ဗီယက်နမ်နိုင်ငံခရီးစဉ်များကို USD 299 မှစ၍...

| | | | |
|---|---|---|---|
| ဟိုချီမင်း + ချူချီ + မိုင်းသို<br>၃ညအိပ်၄ရက်<br>USD 299 | ဟိုချီမင်း + မွေနဲ + ဒါလတ်<br>၄ညအိပ်၅ရက်<br>USD 333 | ဟနွိုင်း + ဟလောင်း +<br>နင်းဘင် + ထရန်အန်း<br>၃ညအိပ်၄ရက် USD 410 | ဟန္နိုင်း + ဟလောင်း +<br>နင်းဘင် + စပါ<br>၅ညအိပ်၆ရက်<br>USD 490 |

အပတ်စဉ် ခရီးစဉ်များကိုလည်း စီစဉ်ပေးနေပါပြီ။

ပေးရတဲ့ပိုက်ဆံနဲ့ တန်လိုသူများ၊ မိမိကိုယ်တိုင် စီစဉ်သည်ထက် ကုန်ကျစရိတ် ပိုမိုသက်သာလိုသူများ၊ စိတ်အနှောင့်အယှက် ကင်းကင်း ကုန်ကျစရိတ်အပြီးအစီးဖြင့် Hassle-free ခရီးသွားလိုသူများ
အသေးစိတ်အချက်အလက်များကို သိရှိလိုလျှင် သို့မဟုတ် စာရင်းပေးသွင်းလိုလျှင် ဆက်သွယ်ရန်...
ရွှေခင်းလမ်း ခရီးသွားလုပ်ငန်း ဖုန်း - ၀၁ ၅၂၄ ၈၄၁
၀၉ ၇၈၈ ၉၉၉ ၈၂၀ ~ ၈၆၀







ကြေးမုံ



# ရခိုင်ပြည်နယ်တွင်ဖြစ်ပွားသည့် အခြေအနေများကိုသိရှိနိုင်ရန် ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူးနှင့် မြန်မာနိုင်ငံဆိုင်ရာသံအမတ်ကြီးအချို့၏ မေတ္တာရပ်ခံချက်အတိုင်း အစိုးရမှဖြည့်ဆည်းပေးနိုင်ဟု ပြောကြား

**စစ်တွေ နိုဝင်ဘာ ၃**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်နှင့် ရသေ့တောင်မြို့နယ်တို့တွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုများနှင့်ပတ်သက်၍ အစိုးရအဖွဲ့၏ လက်ရှိဆောင်ရွက်ထားသည့် အခြေအနေများကိုသိရှိနိုင်ရန်နှင့် အခြေအနေကို ကွင်းဆင်းလေ့လာရန်အတွက် စစ်တွေမြို့သို့ ရောက်ရှိနေသည့် ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး၊ လူသားချင်းစာနာမှု အကူအညီပေးရေးညှိနှိုင်းရေးမှူးနှင့် မြန်မာနိုင်ငံဆိုင်ရာသံအမတ်ကြီးများသည် ယနေ့နံနက် ၈ နာရီခွဲက စစ်တွေမြို့ရှိ ပြည်နယ်အစိုးရဧည့်ဂေဟာတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်တို့နှင့်တွေ့ဆုံ၍ ရခိုင်ပြည်နယ်နှင့်ပတ်သက်သည့် ဖွံ့ဖြိုးတိုးတက်ရေး၊ လုံခြုံရေးနှင့် အကူအညီပေးနိုင်မည့်အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့**

## မြန်မာ-အင်ဒိုနီးရှားနှင့် မြန်မာ-အိုမန် ခြေစမ်းပွဲများ မြန်မာ့ရုပ်မြင်သံကြားနှင့် မြန်မာ့အသံရေဒီယို အစီအစဉ်တို့မှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်

**နေပြည်တော် နိုဝင်ဘာ ၃**

၂၀၁၆ ခုနှစ် အာဆီယံဆူဇူကီးဖလား ဘောလုံးပြိုင်ပွဲ အုပ်စု (ခ) ပွဲစဉ်များကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ရာ ပြိုင်ပွဲမတိုင်မီ ကြိုတင်ပြင်ဆင်မှုအနေဖြင့် မြန်မာ့လက်ရွေးစင်အသင်းသည် ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

ပထမပွဲစဉ်အဖြစ် မြန်မာ့လက်ရွေးစင်အသင်းသည် အင်ဒိုနီးရှားလက်ရွေးစင်အသင်းနှင့် နိုဝင်ဘာ ၄ ရက် ညနေ ၅ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

နိုဝင်ဘာ ၁၄ ရက်တွင် မြန်မာ့လက်ရွေးစင်အသင်းနှင့် အိုမန်လက်ရွေးစင်အသင်းတို့ ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ ယင်းပွဲစဉ်များကို မြန်မာ့ရုပ်မြင်သံကြားနှင့် မြန်မာ့အသံရေဒီယို အစီအစဉ်တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ဆူဇူကီးဖလားပြိုင်ပွဲ၌ အတောင့်တင်းဆုံးလူစာရင်းကို အသုံးပြုပြီး ရလဒ်ကောင်းရအောင် ကြိုးပမ်းသွားမည်ဟု မြန်မာအသင်းနည်းပြချုပ်ဆို

**ရန်ကုန် နိုဝင်ဘာ ၃**

အာဆီယံဒေသတွင်း၏ အဆင့်မြင့်ဆုံးပြိုင်ပွဲဖြစ်သည့် ၂၀၁၆ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲကျင်းပရန် နှစ်ပတ်ကျော်သာလိုတော့ပြီး ပူးတွဲအိမ်ရှင် မြန်မာ့လက်ရွေးစင်အသင်းသည် ပြိုင်ပွဲမတိုင်မီ နိုင်ငံတကာခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာနှင့် အင်ဒိုနီးရှားအသင်းသည် ပြိုင်ပွဲအကြို ခြေစမ်းကစားမည်ဖြစ်ပြီး ပွဲကြိုသတင်းစာရှင်းလင်းပွဲကို နိုဝင်ဘာ ၃ ရက်က ဟိုတယ်ရန်ကုန်၌ ကျင်းပသည်။

မြန်မာအသင်းနည်းပြချုပ်ဂတ်ဖရိုင်းဒရစ်က "ဆူဇူကီးဖလားပြိုင်ပွဲမတိုင်ခင် အသင်းကောင်းတွေနဲ့ ကစားခွင့်ရတာက အလွန်ကို အကျိုးရှိပါတယ်။ အင်ဒိုနီးရှားအသင်းဟာ တောင့်တင်းတဲ့အသင်းဖြစ်ပြီး ဒီပွဲမှာ အသင်းရဲ့အနေအထားကို တွေ့မြင်ရမှာပါ။ အခုပွဲမှာ အတောင့်တင်းဆုံးလူစာရင်းကို အသုံးပြုပြီး ရလဒ်ကောင်းရအောင် ကြိုးပမ်းသွားမှာပါ။ အင်ဒိုနီးရှား၊ အိုမန်လက်ရွေးစင်အသင်းတို့နဲ့ ကစားခွင့်ရတဲ့အတွက် အသင်းရဲ့ ပြင်ဆင်မှုအပိုင်းကို အများကြီးအထောက်အကူဖြစ်စေပါတယ်။ ဆူဇူကီးဖလားပြိုင်ပွဲမှာ အောင်မြင်မှုရအောင် ကြိုးပမ်းသွားမှာပါ" ဟု ပြောကြားခဲ့သည်။

အင်ဒိုနီးရှားလက်ရွေးစင်အသင်းနည်းပြချုပ်အယ်လ်ဖရက်ဒ်က "မြန်မာအသင်းရဲ့ ခြေစွမ်းကို လေ့လာထားပါတယ်။ ဒီပွဲကို အာရုံစိုက်ပြီး ကစားမှာပါ။ အခုခြေစမ်းပွဲက ကျွန်တော်တို့ကို ခက်ခဲစေမှာ သေချာသလို မြန်မာအသင်းကိုလည်း ခက်ခဲစေမယ်လို့ ကျွန်တော်ပြောချင်ပါတယ်။ ကျွန်တော်တို့အနေနဲ့ နိုင်ငံတကာပြိုင်ပွဲယှဉ်ပြိုင်ခွင့် ကာလရှည်ကြာစွာ ပိတ်ခံထားရတာကြောင့် ခြေစမ်းပွဲတွေကစားပြီး ပြင်ဆင်နေတာဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။ မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့၏ ခြေစမ်းပွဲကို နိုဝင်ဘာ ၄ ရက် ညနေ ၅ နာရီတွင် သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။

**သတင်းနှင့်ဓာတ်ပုံ-ရှိုင်းထက်ဇော်**



အရောင်းအဝယ်အေးလျက်ရှိသည့် မောင်တောဈေးမြင်ကွင်း။

ဓာတ်ပုံ-နေလင်း




မြန်မာ-အင်ဒိုနီးရှား ပွဲကြိုသတင်းစာရှင်းလင်းပွဲ ပြုလုပ်စဉ်။

## မောင်တော-ဘင်္ဂလားဒေ့ရှ် ကုန်သွယ်ရေး ပုံမှန်ပြန်လည်ရောက်ရှိ

**မောင်တော နိုဝင်ဘာ ၃**

ရခိုင်ပြည်နယ် မောင်တောနှင့် ရသေ့တောင်မြို့နယ်တို့တွင် အောက်တိုဘာ ၉ ရက်က ဖြစ်ပွားခဲ့သော အကြမ်းဖက်မှု ဖြစ်စဉ်ကြောင့် မောင်တော-ဘင်္ဂလားဒေ့ရှ် နယ်စပ်ကုန်သွယ်မှု ခေတ္တရပ်ဆိုင်းခဲ့သော်လည်း ယခုအခါ ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိလာပြီဖြစ်ကြောင်း မောင်တောနယ်စပ်ကုန်သွယ်ရေး ကုန်သည်ကြီးများအသင်းမှ သိရသည်။

"အကြမ်းဖက်မှုဖြစ်တဲ့ အောက်တိုဘာ ၉ ရက်ကနေ ၁၃ ရက်ထိ မောင်တော-ဘင်္ဂလားဒေ့ရှ် နယ်စပ်ကုန်သွယ်မှု ပိတ်ထားတယ်။ ၁၄ ရက်က စပြီးနောက်ပိုင်း နယ်စပ်ကုန်သွယ်မှုက ပုံမှန်အခြေအနေ ပြန်ရောက်နေပါပြီ။ ဘင်္ဂလားဒေ့ရှ်ဘက်က သွင်းကုန်တော့မရှိသေးဘူး။ ဒီဘက်ကပဲ ကုန်ပစ္စည်းပို့တာပဲရှိသေးတယ်" ဟု မောင်တောနယ်စပ်ကုန်သွယ်ရေး ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ ဦးအောင်မြင့်သိန်းက ပြောသည်။

မောင်တော - ဘင်္ဂလားဒေ့ရှ် နယ်စပ်ကုန်သွယ်မှုမှာ သာမန်အခြေအနေတွင် မောင်တောမှ ဘင်္ဂလားဒေ့ရှ်ဘက်သို့ ရေငန်ပုစွန်၊ ငါးခြောက်နှင့် တခြားပစ္စည်း ပို့ကုန် ၉၀ ရာခိုင်နှုန်းရှိသော်လည်း ဘင်္ဂလားဒေ့ရှ်ဘက်မှ မောင်တောသို့ သွင်းကုန်မှာ ဒန်အိုးဒန်ခွက်နှင့် အဝတ်အထည်ပို့ကုန် ၁၀ ရာခိုင်နှုန်းသာရှိကြောင်း မောင်တောနယ်စပ်ကုန်သွယ်ရေး ကုန်သည်ကြီးများအသင်းမှ သိရသည်။

"နယ်စပ်တွေမှာက ကုန်သည်အချင်းချင်း နားလည်မှုနဲ့ အရောင်းအဝယ်လုပ်ကြတာ။ ကုန်ပစ္စည်းရောင်းပြီးမှ ငွေချေကြတာ။ ဒီဘက်က နယ်မြေအခြေအနေကြောင့် ဘင်္ဂလားဒေ့ရှ်ဘက်က ကုန်သည်က ဒီဘက်ကို ပစ္စည်းပို့လိုက်ရင် ရှုံးမလားဆိုတဲ့ စိုးရိမ်စိတ် ဖြစ်နေတယ်။ ဒါကြောင့် ဒီဘက်ကို ကုန်ပစ္စည်းမပို့ဖြစ်တာ" ဟု ဦးအောင်မြင့်သိန်းက သုံးသပ်သည်။

ဘင်္ဂလားဒေ့ရှ်မှ ကုန်ပစ္စည်းများသည် ရခိုင်ပြည်နယ် စစ်တွေနှင့်

**စာမျက်နှာ ၉ ကော်လံ ၁ သို့**







